မြဝတီ The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့၊ (1-2-2015) (၈၁၀၃)

သားကောင်းသမီးကောင်းရတနာ

❖ မိသားစုအကျိုး ရွက်သယ်ပိုး ကြိုးစားဆောင်ရွက်ပါ၊

❖ ရပ်ရွာအကျိုး ရွက်သယ်ပိုး ကြိုးစားဆောင်ရွက်ပါ၊

❖ နိုင်ငံအကျိုး ရွက်သယ်ပိုး ကြိုးစားဆောင်ရွက်ပါ၊

❖ အဲဒါမှ ဝေဆာဖြိုးလှစ် အားခွန်သစ် မျိုးဆက်သစ်ရတနာ ဖြစ်ကြမှာဖြစ်ကြမှာ၊ ကြိုးစားပါ. . . ကြိုးစားပါ။

(ယဉ်ကျေးလိမ္မာ မျိုးဆက်သစ်ရတနာစာအုပ်မှ)

ပြည်သူလူထုလိုလားတောင့်တနေတဲ့ အပြောင်းအလဲတွေ ဖန်တီးပေးနိုင်ဖို့ အားလုံးမှာတာဝန်ရှိ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားသည့် ရေဒီယိုမိန့်ခွန်း (၁-၂-၂၀၁၅)

မိဘပြည်သူများခင်ဗျား

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုမှတစ်ဆင့် အသိပေးပြောကြားနေကြဖြစ်တဲ့အတိုင်း ဇန်နဝါရီလ အတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်းဖြစ်ပါတယ်။

အခုလာမယ့် ဖေဖော်ဝါရီလဟာဆိုရင်လည်း ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုပြသတဲ့ သမိုင်းမှတ်တိုင် တစ်ခုဖြစ်ပါတယ်။ ပင်လုံကနေ အစပြုခဲ့တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ် ရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတဲ့ ကိစ္စကို ဖြစ်စဉ်တစ်ခုအနေနဲ့ ကြည့်မယ်ဆိုရင် ကျွန်တော်တို့လက်ထက်အထိ ဆက်လက်လုပ်ဆောင်နေရတဲ့ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ရှုမြင်ရမှာလည်းဖြစ်ပါတယ်။ လက်ရှိငြိမ်းချမ်းရေး ဖြစ်စဉ်မှာလည်း အခက်အခဲတချို့ ရှိနေသည့်တိုင် အဆင့်ဆင့်ဖြစ်ထွန်းမှုတွေ ရှိနေပြီးတော့ လက်နက်ကိုင်ပဋိပက္ခတွေကို နိုင်ငံရေးနည်းလမ်းနဲ့ အဖြေရှာရေး အတွက် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ဖို့ပြင်ဆင်နေတာက သက်သေထူ လျက်ရှိပါတယ်။

ဒီလို လုပ်ငန်းစဉ်များမှာ ကဏ္ဍအသီးသီးကနေ ပါဝင်နေတဲ့ အမျိုးသား နိုင်ငံရေး အင်အားစုများကို ကျွန်တော့်အနေနဲ့ အထူးတိုက်တွန်းလိုတာ ရှိပါတယ်။ ဒါကတော့ ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေတဲ့ ငြိမ်းချမ်းရေးကို မိမိတို့ကျရာကဏ္ဍအသီးသီးကနေ တည်ဆောက်ပေးနိုင်စွမ်း ရှိတယ်ဆိုတဲ့ ရပ်တည်ချက်ကနေရှုမြင်ပြီးတော့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အဆင့်ဆင့်တက်လှမ်းပြီး အောင်မြင်မှုတွေ ရယူပေးကြဖို့ဆိုတာပဲ ဖြစ်ပါ တယ်။

> **ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိ။**

ကျွန်တော်တို့ အစိုးရလက်ထက်မှာ ကြိုးပမ်းအကောင်အထည်ဖော်ခဲ့တဲ့ နိုင်ငံရေးအရ ဖြေလျှော့မှုတွေနဲ့ နိုင်ငံရေးယဉ်ကျေးမှုအသက်ဝင်လာစေရေး ကြိုးပမ်းမှုတွေဟာ အပြောသက်သက်မဟုတ်တော့ဘဲ လက်တွေ့ကျကျ ဖြစ်ထွန်းနေပြီဆိုတာ အားလုံးရှုမြင်ခံစားနေရပြီဖြစ်ပါတယ်။ ဒီဖြစ်ထွန်းမှုတွေ နောက်တစ်ဆင့် တက်လှမ်းနိုင်ဖို့အတွက် နိုင်ငံရေးအာမခံချက်များရရှိအောင် လို့ ဖြစ်စဉ်တိုင်းမှာ အဆင့်ဆင့်တက်လှမ်းပြီး နိုင်ငံရေးသဘောတူညီချက်များ ရယူကြဖို့ ထပ်မံတိုက်တွန်းရင်း ဖေဖော်ဝါရီလအတွက် မိန့်ခွန်းကို အစပြုပြော ကြားလိုပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ သို့☆

ပိုလ်ချုပ်အောင်ဆန်း နှစ်တစ်ရာပြည့် မွေးနေ့ ဂုဏ်ပြုဆောင်းပါး

တမ်းတတိုင်းဝယ် တမြည့်မြည့်

စာမျက်နှာ(၆)

ထူးခြားသည့် ညအပူချိန်များ

နမ့်စန် ၄ ဒီဂရီစင်တီဂရိတ်
ပင်လောင်း ၄ ဒီဂရီစင်တီဂရိတ်
လွိုင်လင် ၄ ဒီဂရီစင်တီဂရိတ်
ဟားခါး ၅ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး ၆ ဒီဂရီစင်တီဂရိတ်

ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ရေး စီမံကိန်းလုပ်ငန်းများ မိုးမကျမီပြီးစီးရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၃၁

ယနေ့နံနက် ၁၁ နာရီက လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုးမင်း တို့ စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ပန်းလှိုင်မြစ်ကြောင်း ပြန်လည် တူးဖော်ခြင်းလုပ်ငန်းပြ မြေပုံဖြင့် မြစ်ကြောင်းတစ်လျှောက် စက်ယန္တရား အင်အားဖြန့်ခွဲပြီး အကောင်အထည် ဖော်ပြီးစီးမှု အခြေအနေနှင့် အချိန်မီ အချိန်ကိုက် ရာနှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်နေမှု၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့အား ပေါင်းစည်း ဆက်စပ်နေသော မြစ်ကြောင်း စီမံ ကိန်းအား ဘက်စုံအကျိုးဖြစ်ထွန်း စေရန် မြစ်ကြောင်းအား ပြန်လည် တူးဖော်ခြင်းလုပ်ငန်းနှင့် တစ်ချိန် တည်း တစ်ပြိုင်တည်း ပန်းလှိုင်မြစ်နှင့် ကူက္ကိုဝမြစ်တို့ ပေါင်းဆုံရာ မြစ်ဝ နေရာနှင့် ပန်းလှိုင်မြစ်နှင့် လှိုင်မြစ် တို့ပေါင်းဆုံရာ မြစ်ဝနေရာများ၌ ရေထိန်းတံခါး အခိုင်အမာတပ်ဆင် တည်ဆောက်ရန် လိုအပ်သော လုပ်ငန်းများကို နယ်သာလန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့၏ အထောက်အပံ့ ဖြင့် ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ လုပ်ငန်းအ ကောင်အထည်ဖော်ခြင်းနှင့် အကြို လေ့လာ စူးစမ်းဆောင်ရွက်နေမှု များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်အပေါ် ပြည်ထောင်စု ဝန်ကြီး ဦးမြင့်လှိုင်က နိုင်ငံတော် သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲသော အကျိုး ရလဒ်များကို ဒေသနေပြည်သူလူထု တို့ ရရှိခံစားနိုင်ရေးကို အချိန်မီ အချိန်ကိုက် ဆောင်ရွက်ရန် လုပ်ငန်း များနှင့် နိုင်ငံတကာ အထောက်အပံ့

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒

ကြေးမုံစာတည်းရှုထောင့် ၁-၂-၂၀၁၅၊ တနင်္ဂနွေနေ့

အထူးစီးပွားရေးဇုန်များ

မြန်မာနိုင်ငံတွင် ရှည်လျားသောကမ်းရိုးတန်းများနှင့်အတူ ဆိပ်ကမ်းများရှိသည်။ ယင်းတို့တွင် ပင်လယ်ရေနက်ဆိပ်ကမ်းများလည်းရှိခဲ့ပြီး ယခင်က ဖော်ထုတ်ထားခြင်းမရှိချေ။ ယခုအခါ ကုန်းလမ်းနှင့် ပင်လယ်ရေလမ်းကြောင်းများပေါ်ထွက်လာရာ ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် ထားဝယ်ရေနက်ဆိပ်ကမ်းများရှိလာပြီး ယင်းတို့နှင့်အတူ အထူးစီးပွားရေးဇုန်များဖြစ်ထွန်းလာသည်ကို တွေ့ရသည်။

ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေးလုပ်ငန်းအဆင့်ဆင့်ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၁ ရက်က မူဘောင်သဘောတူစာချုပ်သစ်ချုပ်ဆိုနိုင်ခဲ့ပြီး လုပ်ငန်းအဆင့်ဆင့်အကောင်အထည်ဖော်ရန် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရသည်။ ကနဦးအဆင့်တွင် နှစ်လမ်းသွားလမ်း၊ ဆိပ်ကမ်းငယ်၊ စက်မှုရပ်ကွက်၊ ရေနှင့် လျှပ်စစ်ဓာတ်အားထောက်ပံ့မှုအစီအစဉ်၊ မြို့ပြနှင့် ဆက်သွယ်ရေးစနစ်တို့ကို စတင်ဆောင်ရွက်တော့မည်ဟု သိရသည်။

အဆိုပါ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများမှာ မြန်မာနိုင်ငံနှင့် ဆက်စပ်နိုင်ငံတို့ရှိ ပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပေးနိုင်မည့်အပြင် မဲခေါင်ဒေသတွင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးသာမက အိန္ဒိယ-မဟာမဲခေါင် တောင်ဘက်စီးပွားရေးစင်္ကြံ ဖွံ့ဖြိုးတိုးတက်မှုကိုပါ အကူအညီပေးနိုင်မည့်စီမံကိန်းဖြစ်၍ စီးပွားရေးနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်မျှော်လင့်ချက်များဟု ဆိုနိုင်ပါသည်။

ထိုသို့ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များမှ ပေါ်ထွက်လာသည့် အကျိုးရလဒ်ကောင်းများပင်ဖြစ်သည်။ ထိုစီမံကိန်းသည် မြန်မာနိုင်ငံအတွက်သာမက ဒေသတစ်ခုလုံးအတွက် အကျိုးများလှသည်။ ထားဝယ်အထူးစီးပွားရေးဇုန်အတွက် ကာလရှည်မဟာစီမံကိန်းတစ်ရပ် ရေးဆွဲထားသည်။ စီမံကိန်းတွင် ရေနက်ဆိပ်ကမ်းတစ်ခု၊ ထိုင်းနိုင်ငံနှင့်ဆက်သွယ်မည့် အဝေးပြေးကားလမ်းတစ်ခုတို့ပါဝင်သည်။ နှစ်လမ်းသွားအဝေးပြေးကားလမ်းအတွက် ထိုင်းနိုင်ငံက ဘဏ္ဍာရေးအကူအညီပေးအပ်မည်ဟု ကမ်းလှမ်းထားသည်။

တစ်ဆက်တည်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ မဒဲကျွန်းတွင် ရေနံတင်ဆိပ်ကမ်းတစ်ခုကို ဖွင့်လှစ်နိုင်ခဲ့သည်။ ဆိပ်ကမ်းတည်ဆောက်ရခြင်း ရည်ရွယ်ချက်မှာ ပြည်ပနိုင်ငံများမှ ရောက်ရှိလာသော ရေနံစိမ်းများကို မဒဲကျွန်းတွင် ရေနံချခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်ဖြစ်သည်။ ဆိပ်ကမ်းတွင် ရေနံစိမ်းတန်ချိန် သုံးသိန်းဆံ့သင်္ဘောကြီးများ ဆိုက်ကပ်နိုင်အောင်စီစဉ်ထားသည်။ ထိုဆိပ်ကမ်းမှ ပြည်နယ်နှင့် တိုင်းဒေသကြီးလေးခုကို ဖြတ်သန်းကာ တရုတ်နိုင်ငံနှင့် ပြည်တွင်းသုံးစွဲမှုအတွက် ခွဲဝေပို့လွှတ်နိုင်ရန် စီစဉ်ထားခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ထားခြင်းဖြစ်၍ ပိုက်လိုင်းတစ်လျှောက် ရေနံယိုဖိတ်မှုမရှိစေရေး၊ ထိန်းသိမ်းရေး၊ မီးဘေးကာကွယ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအမံများကိုပါ ထည့်သွင်းဆောင်ရွက်ထားရာ ဒေသခံပြည်သူများအား သိရှိနားလည်စေရန် ကျယ်ကျယ်ပြန့်ပြန့်အသိပေးကြရမည်ဖြစ်သည်။

နိုင်ငံခြားငွေရရှိရေးအတွက် ပြည်ပသို့တင်ပို့ခြင်း၊ ပြည်တွင်းသုံးစွဲမှုအတွက် ခွဲဝေဆောင်ရွက်ခြင်းဖြစ်၍ နှစ်နိုင်ငံလုံးအတွက် အကျိုးရှိသည်ကို ထင်သာမြင်သာသိမြင်နိုင်ဖို့လည်း လိုအပ်သည်။ ထို့အပြင် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်း၊ ဒေသအလိုက် လူမှုစီးပွားကူညီထောက်ပံ့ပေးနိုင်ခြင်းတို့ကြောင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများပါ တစ်စတစ်စတိုးတက်ဖြစ်ထွန်းလာမည်ဟု ယုံကြည်ထားရှိမှုများကိုလည်း ပြည်သူများသိရှိထားဖို့လိုပေလိမ့်မည်။ လက်တွေ့တွင်လည်း စာသင်ကျောင်း၊ ဆေးပေးခန်း၊ ရေကန်၊ လျှပ်စစ်မီးသွယ်တန်းခြင်း၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ကို စီမံကိန်းစတင်သည့်နှစ်မှ ယနေ့အချိန်အထိ အမေရိကန်ဒေါ်လာ ၁၃ သန်းကျော်အကုန်အကျခံ ဆောင်ရွက်ပေးနေသည်။

ထို့ကြောင့် မြန်မာနိုင်ငံနှင့် ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမည့် စီမံကိန်းများတွင် ပြည်သူများ သိရှိနားလည်ပြီး ပူးပေါင်းပါဝင်လာနိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်အသိပေးဆောင်ရွက်ခြင်းများအား ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ။

မြန်မာနိုင်ငံကလေးများနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၃၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံကလေးများနေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ နာယက ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ယနေ့ နံနက် ၁၀ နာရီက ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံကလေးများနေ့ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ဦးစီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများနှင့် တွေ့ဆုံဆွေးနွေးသည်။**(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် ဖေဖော်ဝါရီ ၁၃ ရက်နေ့သည် **အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်(၁၀၀)ပြည့်မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ဖြစ်သောကြောင့် မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့များ၌ အထိမ်းအမှတ်အခမ်းအနားများကျင်းပပြုလုပ်နိုင်ရေးအတွက်** မြန်မာနိုင်ငံကလေးများနေ့ ကျင်းပရေးစီမံချက်ကို တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြန့်ဝေထားပြီးဖြစ်ပါကြောင်း၊ ယနေ့လူငယ် လူရွယ်များ၏ စိတ်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံအပေါ်ချစ်မြတ်နိုးစိတ်၊ အနစ်နာခံစိတ်၊ အမြော်အမြင်ကြီးမှုနှင့် အမျိုးသားရေးစိတ်ဓာတ်တို့ ကိန်းအောင်းစေရေးအတွက် ဗိုလ်ချုပ်မွေးနေ့နှင့် မြန်မာနိုင်ငံ ကလေးများနေ့တို့ ပေါင်းစပ်ကျင်းပမည့် အခမ်းအနားတွင် ဗိုလ်ချုပ်၏ မွေးဖွားကြီးပြင်းလာမှု၊ မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်းသည့် စကားရည်လုပွဲ၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ စာစီစာကုံး၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲများနှင့် အခြားပျော်ပွဲရွှင်ပွဲများကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ခရိုင်/မြို့နယ်များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ ကျင်းပသကဲ့သို့ ကမ္ဘာ့အရပ်ရပ်တွင် နိုင်ငံတိုင်းက အမှတ်တရဖြစ်သည့် နေ့ထူးနေ့မြတ်ကို ကလေးများနေ့အဖြစ်သတ်မှတ်ပြီး နှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း၊ အထိမ်းအမှတ်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁ ရက်မှ စတင်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဖေဖော်ဝါရီ ၁၃ ရက်တွင် ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များဖြစ်သော ဦးစိုးကြည်နှင့် ဦးစိုးအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများက ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ယာဉ်ကြောရှင်းလင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေး စီမံချက်ချ၍ အင်တိုက်အားတိုက်ဆောင်ရွက်နေ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်မြို့တွင်းတွင် ယာဉ်ကြောရှင်းလင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် စီမံချက်များချကာ ရွှေ့လျားအစီအစဉ်များဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်နေကြောင်း အမှတ်(၂) ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှ သိရသည်။

ရှင်းလင်းလုပ်ဆောင်မှုကို ဇန်နဝါရီ ၇ ရက်တွင် တာမွေဘက်မှစတင်ခဲ့ကာ ယင်းနောက်မှ အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်းတို့တွင် လည်းကောင်း၊ ယင်းမှ သီရိမင်္ဂလာဈေးသစ်၊ ပေါက်တောဝ စသည့် ဘုရင့်နောင်လမ်းတစ်လျှောက်တွင်လည်းကောင်း လုပ်ဆောင်ခဲ့ကာ ရွှေ့လျားအစီအစဉ်ဖြင့် စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်မှုကို ယာဉ်ကြောရှုပ်ထွေးမှု အများဆုံးအဖြစ် အကြမ်းဖျင်းသတ်မှတ်ထားရာ နေရာ ၇၉ ခုတွင် တစ်လှည့်စီ လုပ်ဆောင်သွားမည်ဟုလည်း သိရသည်။

"အဲဒီလို ဆောင်ရွက်တဲ့အခါ တာမွေပလာဇာနားမှာဆိုရင် လမ်းဘေးဈေးသည်တွေကြောင့် ယာဉ်တွေရပ်မရဘဲ လမ်းပေါ်ရပ်လို့ ပိတ်ဆို့မှုတွေဖြစ်တာတွေ့ရတယ်။ တချို့တက္ကစီတွေဆိုရင်လည်း ခရီးသည်တင်ယာဉ်တွေရဲ့မှတ်တိုင်တွေမှာ ဝင်ရပ်တာတွေ့ရတယ်။ ယာဉ်ကြောရှင်းလင်းမှုနဲ့အရေးယူမှုကို ကြပ်ကြပ်မတ်မတ်နဲ့ လုပ်ဆောင်နေရတယ်"ဟု ၎င်းက ရှင်းပြသည်။

ထို့အပြင် ရန်ကုန်မြို့အတွင်း ယာဉ်စည်းကမ်း လမ်းစည်းကမ်းကောင်းမွန်စေရေးအတွက် အထူးအဖွဲ့ကြီး ၁၀ ဖွဲ့ဖြင့် စစ်ဆေးအရေးယူဆောင်ရွက်မှုကို လွန်ခဲ့သော ၂၀၁၄ ခုနှစ် ဇူလိုင်လကတည်းကဆောင်ရွက်ခဲ့ကာ ယခုအထိ အရေးယူခဲ့သော ယာဉ်စီးရေမှာ ၉၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)





ပြည်တွင်းရေးရာ

☆ **ရွှေဖုံးမှ**

၂၀၁၅ ခုနှစ်ဟာ နိုင်ငံရေးအရ ထူးခြားမှုတွေရှိမယ့်နှစ်ဖြစ်တယ်လို့ ကျွန်တော့်ရဲ့ နှစ်သစ်ကူးမိန့်ခွန်းမှာ ပြောကြားခဲ့သလိုပဲ ဒီနှစ်သစ်ရဲ့ ပထမဦးဆုံးလဖြစ်တဲ့ ဇန်နဝါရီလအတွင်းမှာ နိုင်ငံရေးအရ ထူးခြားတဲ့ဖြစ်စဉ်တွေဖြစ်ပေါ်ခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီဖြစ်စဉ်တွေမှာ နိုင်ငံရေးအရ တိုးတက်မှုတွေပါဝင်နေသလို စိန်ခေါ်မှုတွေကိုလည်း တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုတွေဟာ ကျွန်တော်မကြာခဏ ပြောကြားခဲ့သလိုပဲ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်တဲ့နိုင်ငံများမှာ ကြုံတွေ့ရမြဲဖြစ်ရပ်တွေသာဖြစ်ပြီးတော့ ပေါ်ပေါက်လာတဲ့ နိုင်ငံရေးဖြစ်စဉ်များနဲ့ လက်ရှိကျင့်သုံးနေတဲ့ စနစ်တွေရဲ့ အကျိုးဆက်တွေအရ ဖြစ်ပေါ်နေတာပဲဖြစ်ပါတယ်။ ရွေးကောက်ပွဲများ ကျင်းပမယ့်နှစ်ဖြစ်တဲ့အတွက်လည်း ပြည်သူလူထုနဲ့ နိုင်ငံရေးအင်အားစုများရဲ့ မျှော်လင့်ချက်များမြင့်တက်နေတဲ့ကာလမှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ စိန်ခေါ်မှုတွေကို ထပ်မံကြုံတွေ့ရဦးမှာဖြစ်တယ်ဆိုတာလည်း လက်သင့်ခံထားရမှာဖြစ်ပါတယ်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးအောင်မြင်ဖို့နဲ့ ဒီမိုကရေစီအခြေတည်ခိုင်မြဲရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ပွင့်လင်းလွတ်လပ်တဲ့ လူ့အဖွဲ့အစည်းဆိုတဲ့ကိစ္စများဟာ ကျွန်တော်တို့လူ့အဖွဲ့အစည်းရည်မှန်းထားတဲ့၊ အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့၊ ရယူပိုင်ဆိုင်လိုတဲ့အောင်မြင်မှုပဲဖြစ်ပါတယ်။ ဒီအောင်မြင်မှုရရှိဖို့အတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆောင်ရွက်ရာမှာကြုံတွေ့ရလေ့ရှိတဲ့အခက်အခဲနဲ့ စိန်ခေါ်မှုများကို မဖြစ်မနေကျော်လွှားကြရမှာလည်းဖြစ်ပါတယ်။ ဒီလိုကျော်လွှားရတာ ခက်ခဲတယ်ဆိုတာ နိုင်ငံတကာမှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကြိုးပမ်းခဲ့ကြတဲ့ နိုင်ငံများရဲ့ ဥပမာတွေက သက်သေထူနေသလို လက်ရှိကျွန်တော်တို့အားလုံး ကြုံတွေ့နေရတဲ့အခြေအနေများအရလည်း မြင်သာနိုင်မှာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကျွန်တော် အထက်မှာဆိုခဲ့သလိုပဲ ကျွန်တော်တို့အနေနဲ့ အောင်မြင်မှုကို ရယူနိုင်ဖို့ ကြုံတွေ့လာရမယ့် အခက်အခဲနဲ့ စိန်ခေါ်မှုတွေကို မဖြစ်မနေကျော်လွှားကြရမှာပဲဖြစ်ပါတယ်။ ဒီလိုကျော်လွှားတဲ့အခါမှာလည်း အစိုးရတစ်ရပ်အနေနဲ့သာမက နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများအားလုံးသာမကဘဲ ပြည်သူတစ်ဦးချင်းစီကပါ ချောမွေ့ညင်သာတဲ့ အသွင်ကူးပြောင်းရေးကိုဆိုတဲ့အောင်မြင်မှုကို အချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ စိတ်ရှည်သည်းခံမှုများကို အခြေခံပြီး လုပ်ဆောင်ကြမယ်ဆိုတဲ့ သန္နိဋ္ဌာန်ချမှုမျိုးလိုအပ်ကြောင်း တိုက်တွန်းပြောကြားလိုပါတယ်။

မြန်မာတစ်မျိုးသားလုံး တစုတစည်းတည်းကြိုးပမ်းမှုရဲ့ပြယုဂ်ဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးနေ့ဟာ ဇန်နဝါရီလရဲ့ ပထမဦးဆုံးအပတ်မှာဖြစ်ပါတယ်။ ဒီနှစ်ကျင်းပတဲ့ လွတ်လပ်ရေးနေ့အခမ်းအနားဟာ ထူးခြားမှုတွေများစွာရှိခဲ့ပါတယ်။ လွတ်လပ်ရေးအောင်ပွဲများကို ခေတ်စနစ်အလိုက် ပုံစံမျိုးစုံကျင်းပပြုလုပ်ခဲ့တဲ့အနက် နှစ်ပေါင်းများစွာအတွင်း ပြန်လည်ကျင်းပနိုင်ခဲ့တဲ့ ဗိုလ်ရှုသဘင်အခမ်းအနားဟာဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားစည်းလုံးညီညွတ်မှုကို ပြသနိုင်တာဖြစ်ပါတယ်။ ဒီအခမ်းအနားနဲ့တစ်ဆက်တည်းမှာပဲ ကျွန်တော်တို့တိုင်းပြည်အတွက် အရေးတကြီးလိုအပ်နေတဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အဓိကကျတဲ့ နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ခေါင်းဆောင်များနဲ့ ဆွေးနွေးနိုင်ခဲ့ပါတယ်။

နိုင်ငံရေးအင်အားစုများအကြားမှာ တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းနည်းလမ်းနဲ့ အဖြေရှာခြင်းသည်သာလျှင် နည်းလမ်းမှန်ဖြစ်တယ်လို့ ကျွန်တော်မကြာခဏပြောကြားခဲ့ပါတယ်။ နိုင်ငံရေးအင်အားစုများအကြား တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်ဖို့အတွက် ဇန်နဝါရီလ ၁၂ ရက်နေ့မှာ အစိုးရ၊ လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအင်အားစုများနဲ့ တပ်မတော်တို့ပါဝင်တဲ့ တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ပြုလုပ်ခဲ့ပါတယ်။ ဒီတွေ့ဆုံဆွေးနွေးပွဲဟာ ပြီးခဲ့တဲ့နှစ် အောက်တိုဘာလ ၃၀ ရက်နေ့က ပြုလုပ်တဲ့ နိုင်ငံရေးခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲမှာ ထပ်မံတွေ့ဆုံဖို့ သဘောတူခဲ့တဲ့အချက်အရ ပြုလုပ်တာလည်းဖြစ်ပါတယ်။ ဒီတစ်ခေါက်မှာတော့ ကိုယ်စားပြုမှုတွေကို ပိုမိုကျယ်ပြန့်စေဖို့နဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ အသံတွေပါထည့်သွင်းဆွေးနွေးနိုင်ဖို့အတွက် ရွေးကောက်တင်မြှောက်ခံ တိုင်းရင်းသားရေးရာဝန်ကြီး (၂၉)ဦးကို ဖိတ်ကြားဆွေးနွေးစေခဲ့ပါတယ်။

ဆွေးနွေးပွဲမှာ ပါဝင်ခဲ့ကြတဲ့ နိုင်ငံရေးအင်အားစုအသီးသီးမှာ မတူညီတဲ့ သဘောထားအမြင်တွေနဲ့ ရှုထောင့်ကိုယ်စီရှိကြပေမယ့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအောင်မြင်ဖို့၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့နဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများ အောင်မြင်ချောမွေ့စွာ ကျင်းပနိုင်ဖို့ဆိုတဲ့ ရည်မှန်းချက်များကတော့ အတူတူပဲဖြစ်ပြီးတော့ ဒီအချက်တွေအပေါ်မှာ မိမိတို့ရဲ့ ကိုယ်ပိုင်ရပ်တည်ချက်များနဲ့ ဆွေးနွေးခဲ့ကြတာလည်းဖြစ်ပါတယ်။ အခုလို ဆွေးနွေးပွဲတွေကို ထပ်မံပြုလုပ်သွားကြဖို့လည်း သဘောတူညီခဲ့ကြပါတယ်။

တစ်ဆက်တည်းမှာပဲ ပြည်ထောင်စုလွှတ်တော်ရဲ့ ခြောက်ပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ အနည်းငယ်ပြောကြားလိုတာရှိပါတယ်။ ကျွန်တော်တို့အစိုးရလက်ထက်မှာ ဖန်တီးဖော်ဆောင်ခဲ့တဲ့ နိုင်ငံရေးယဉ်ကျေးမှုသစ်အရ နိုင်ငံရေးအင်အားစုများအကြား တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာမှုဟာ ကြိုဆိုရမယ့်ကိစ္စဖြစ်တဲ့အတွက် ပြည်ထောင်စုလွှတ်တော်ရဲ့တိုက်တွန်းမှုကို ကျွန်တော့်အနေနဲ့ ကြိုဆိုကြောင်း တရားဝင်ပြန်ကြားခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်က ပေးပို့လာတဲ့ အဓိကနှစ်ချက်ထဲက တစ်ချက်ဖြစ်တဲ့ ခေတ်စနစ်၊ အချိန်အခါ အခြေအနေနဲ့ညီညွတ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာရေးဆိုတဲ့အချက်ဟာ ကျွန်တော်အစဉ်တစိုက် ပြောဆိုခဲ့တဲ့ မိမိနိုင်ငံ၊ မိမိလူ့အဖွဲ့အစည်းအတွက် ဖွဲ့စည်းပုံကို အခြေအနေအချိန်အခါအလိုက် ပြင်ဆင်ရေးသားရမှာဖြစ်တယ်ဆိုတဲ့အချက်နဲ့ တူညီပါတယ်။ ဒီလိုပြင်ဆင်တဲ့အခါမှာလည်း နိုင်ငံသားများရဲ့ ပြည်လုံးကျွတ်သဘောထားဆန္ဒခံယူမှုများနဲ့ ပြုလုပ်ရမယ့် ကိစ္စရပ်တွေ ပါဝင်တဲ့အတွက် လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားတဲ့အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနည်းလမ်းများနဲ့အညီ ပြင်ဆင်ခြင်းကသာလျှင် နည်းလမ်းမှန်ဖြစ်ကြောင်းလည်း ပြန်ကြားခဲ့ပါတယ်။

ဒုတိယတစ်ချက်ဖြစ်တဲ့ ပစ္စုပ္ပန်နဲ့ အနာဂတ်မြန်မာနိုင်ငံတည်ဆောက်ရေးအတွက် အခြေအနေကောင်းများ ဖန်တီးလမ်းခင်းပေးရန်ဆိုတဲ့ အချက်မှာလည်း အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ တပ်မတော်တို့သာမကဘဲ ပါဝင်သင့်ပါဝင်ထိုက်သူတွေ ပါဝင်ဖို့လိုအပ်တယ်လို့ ရှုမြင်မိပါတယ်။ ဒါကြောင့်လည်း ဇန်နဝါရီလ ၁၂ ရက်နေ့ တွေ့ဆုံဆွေးနွေးပွဲမှာ တိုင်းရင်းသားရေးရာဝန်ကြီးများကို ထည့်သွင်းဖိတ်ကြားခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် ဆွေးနွေးစရာကိစ္စတွေ များပြားနိုင်ပါတယ်။ ကျယ်ပြန့်တဲ့ပါဝင်မှုတွေလည်း လိုအပ်တဲ့အတွက် အချိန်တွေလည်း လိုအပ်မှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ပြည်ထောင်စုလွှတ်တော်ရဲ့တိုက်တွန်းမှုကို ငြင်းပယ်တာမဟုတ်ဘဲ တွေ့ဆုံမှုတွေကို ပုံစံမျိုးစုံနဲ့ ပြုလုပ်သွားရမှာဖြစ်ပြီး ကျယ်ပြန့်တဲ့ပါဝင်မှုတွေ ဖြစ်အောင်လည်း လုပ်ဆောင်ရမှာဖြစ်တယ်ဆိုတဲ့ ရပ်တည်ချက်ကို ဆုပ်ကိုင်ထားရှိပါတယ်။ ပေးအပ်လာတဲ့အခြေအနေအတွင်းမှာ တွေ့ဆုံမှုတွေကို ပုံစံမျိုးစုံနဲ့ လုပ်ဆောင်သွားမှာဖြစ်တဲ့အကြောင်းလည်း အသိပေးပြောကြားလိုပါတယ်။

အမျိုးသားပညာရေးဥပဒေနဲ့ပတ်သက်ပြီး ကျောင်းသားများရဲ့ လိုလားချက်တွေကို ဆန္ဒဖော်ထုတ်ကြတဲ့ ကိစ္စတွေဖြစ်ခဲ့ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်တွေကို ဆွေးနွေးဖို့အတွက် ဇန်နဝါရီလ ၂၈ ရက်နေ့မှာ ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်တဲ့ အစိုးရတာဝန်ရှိသူများနဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ ကျောင်းသားအဖွဲ့များနဲ့ အကြိုတွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အမျိုးသားပညာရေးဥပဒေနဲ့ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးအဖြေရှာကြဖို့ သဘောတူနိုင်ခဲ့ပြီလည်းဖြစ်ပါတယ်။ လက်ရှိကာလဟာ စာမေးပွဲရာသီဖြစ်တဲ့အတွက် ကျောင်းတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး စာမေးပွဲများရွှေ့ဆိုင်းရခြင်း၊ ကျောင်းများ ပိတ်ရခြင်းများ ဖြစ်ပေါ်လာမှာကို ကျောင်းသားမိဘများအနေနဲ့ စိုးရိမ်ပူပန်မှုရှိနေကြတာကိုလည်း ကြားသိရပါတယ်။ အခုအချိန်မှာဆိုရင် ဆန္ဒပြချီတက်မှုများကို ရပ်တန့်ပြီး ဆွေးနွေးမှုတွေကို ခိုင်ခိုင်မာမာ စတင်ကြရမှာလည်း ဖြစ်ပါတယ်။ ဆွေးနွေးညှိနှိုင်းရေးနည်းလမ်းသာလျှင် လက်တွေ့ကျတဲ့ အဖြေဖြစ်တယ်ဆိုတာကို ဆုပ်ကိုင်ထားဖို့လိုအပ်ပါတယ်။ ကျောင်းသားများရဲ့ လိုလားချက်တွေ ဖြည့်ဆည်းနိုင်ရေးအတွက် ဆက်လက်ဆွေးနွေး လုပ်ဆောင်သွားရမယ့် လုပ်ငန်းစဉ်များကို ညှိနှိုင်းလုပ်ဆောင်နေပြီလည်းဖြစ်ပါတယ်။ စာမေးပွဲများလည်း နီးကပ်လာနေပြီဖြစ်တဲ့အတွက် ဆန္ဒပြကျောင်းသားအချို့အနေနဲ့ တောင်းဆိုချက်တွေကို မြန်မြန်ဆန်ဆန်ညှိနှိုင်းကြပြီးတော့ အမျိုးသားပညာရေးဥပဒေပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးကို အချိန်တိုအတွင်း ဖြည့်ဆည်းဆောင်ရွက်နိုင်မယ့်နည်းလမ်းများ ရှာဖွေပြီး ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ခေတ်စနစ်အဆက်ဆက်မှာ အဘက်ဘက်က ယိုယွင်းခဲ့တဲ့ လုပ်ထုံးလုပ်နည်းတွေကနေ အကျေအလည်ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခြင်းဆိုတဲ့ အလေ့အထကို ပိုင်ဆိုင်နိုင်ခြင်းမရှိခဲ့တာဟာ ကျွန်တော်တို့နိုင်ငံအတွက် စိတ်မကောင်းစရာကိစ္စတစ်ခုဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းမရှိခဲ့လို့ ပေါ်ပေါက်လာတဲ့ စိန်ခေါ်မှုတွေမှာလည်း တချို့သောကိစ္စရပ်များမှာ ခက်ခက်ခဲခဲဖြတ်ကျော်ရင်း ကျော်လွှားနိုင်ခဲ့တာတွေကို ကျွန်တော်တို့အားလုံး ကြုံတွေ့ခဲ့ရပြီးဖြစ်ပါတယ်။ ဒီလို ကျော်လွှားနိုင်ခဲ့တာဟာလည်း စိတ်ရှည်သည်းခံနိုင်မှုနဲ့ ထိန်းသိမ်းနိုင်မှုတွေကြောင့်ပဲဖြစ်တယ်လို့ ရှုမြင်မိပါတယ်။ ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်တဲ့ ဆွေးနွေးညှိနှိုင်းမှုတွေမှာ ပါဝင်မှုတွေကို ကိုယ်စားပြုမှုတွေ ပိုမိုရရှိနိုင်ဖို့၊ ဆွေးနွေးညှိနှိုင်းအဖြေရှာတဲ့ အလေ့အထအသက်ဝင်လာဖို့နဲ့ ရလဒ်ထွက်ပေါ်တဲ့ လုပ်ငန်းစဉ်တွေဖြစ်ဖို့ ကြိုးပမ်းရမှာဖြစ်ပြီး လက်ရှိဖြစ်ထွန်းနေတဲ့ နိုင်ငံရေးအရ အခွင့်အလမ်းပွင့်လမ်းမှုတွေကို အားလုံးက အမိအရဆုပ်ကိုင်အသုံးချရမှာလည်းဖြစ်ပါတယ်။

လက်ရှိအခြေအနေတွေမှာ ဖြစ်ထွန်းတိုးတက်မှုတွေ၊ စိန်ခေါ်မှုတွေနဲ့ အပြိုင် မရေရာမသေချာတဲ့ အခြေအနေတွေကို စွန့်စားကျော်ဖြတ်နေရတာကိုလည်း ကျွန်တော်တို့အားလုံး လက်ခံရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အဓိကပြောကြားလိုတာကတော့ ကျွန်တော်တို့အားလုံးအနေနဲ့ သဘောထားမတူညီနိုင်တဲ့ကိစ္စတွေကိုအငြင်းပွားနေမယ့်အစား သဘောတူနိုင်မယ့်နည်းလမ်းတွေကို ပိုမိုရှာဖွေကြဖို့ပဲဖြစ်ပါတယ်။ စိတ်ရှည်သည်းခံမှုကို နိုင်ငံရေးတန်ဖိုးများအနေနဲ့ ထားရှိပြီး ပြည်သူလူထုလိုလားတောင့်တနေတဲ့ အပြောင်းအလဲတွေ ဖန်တီးပေးနိုင်ဖို့ အားလုံးမှာ တာဝန်ရှိတယ်ဆိုတဲ့ ခံယူချက်မျိုးထားရှိဖို့ အရေးကြီးကြောင်းလည်း အထူးပြုပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

❒ **ပန်းလှိုင်မြစ်ကြောင်းမှ**

အကူအညီများ၊ ပညာရှင်များအားကို ရယူ၍လုပ်ဆောင်ရန်ရှိသော လုပ်ငန်းများကို ဟန်ချက်ညီစွာဖြင့် စီမံချက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အနိမ့်ပျံလေယာဉ်ကာရာဗန်အမျိုးအစား XY-AJK ဖြင့် မင်္ဂလာဒုံလေဆိပ် လှိုင်မြစ်ဝမှ ကုက္ကိုဝမြစ်ဝအထိ အရှည် ၃၄ ဒသမ ၅ မိုင်၊ အကျယ် ပေ ၁၅၀၊ အနက် ၁၈ ပေရှိသော ပန်းလှိုင်မြစ်ကြောင်းတစ်လျှောက် မြစ်ကြောင်းပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို စက်ယန္တရားကြီးများဖြင့် ဖြန့်ခွဲဆောင်ရွက်နေမှုများကို အသေးစိတ်မှတ်တမ်းတင်ရိုက်ကူးခြင်း၊ လေကြောင်းမှ တွေ့ရှိချက်များအပေါ် လုပ်ငန်းတိုးတက်အကောင်အထည်ဖော်နေမှုနှင့် အချိန်ကိုက်ပြီးစီးရေးအတွက် ဖြည့်တင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ရေး စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြေပြင်တူးဖော်ခြင်းလုပ်ငန်းများ၊ မြေစာများအား လမ်းခင်းခြင်းများကိုလည်းကောင်း၊ ပန်းလှိုင်မြစ်ကူးတံတားမှ မြစ်ကြောင်းတစ်လျှောက် တူးဖော်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း အသေးစိတ်ကြည့်ရှုစစ်ဆေးသည်။

၎င်းစီမံကိန်းပြီးစီးပါက ပန်းလှိုင်မြစ်ကြောင်း ဝဲ၊ ယာ တစ်လျှောက် လယ်မြေဧက ၁၂၀၀၀ ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ပြီး မိုးစပါး၊ နွေစပါး အောင်မြင်စွာစိုက်ပျိုးရန် လုံလောက်သော ရေချိုများထိန်းသိမ်းဖြန့်ဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

▼

လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး ဆောင်ရွက်

မိုးညို ဇန်နဝါရီ ၃၁

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် မိုးညိုမြို့နယ်လျှပ်စစ်မှူးဦးထွန်းထွန်းဦး ဦးဆောင်သော လျှပ်စစ်လိုင်းဝန်ထမ်းများနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၇ ရက်က ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် မိုးညိုမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်တေဇလမ်းရှိ ၄၀၀ ဗို့ ဓာတ်အားလိုင်းတွင် Short Link ပြုလုပ်၍ လိုင်းဆက်ကြိုးတပ်ဆင်ခြင်းနှင့်အတူ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးသည်။

(မြို့နယ်လျှပ်စစ်)

နေအိမ်ဘေးမှနှင်းခဲများ ဖယ်ရှားခြင်းမပြု၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးကို ဒေါ်လာ ၅၀ ဒဏ်ရိုက်



ဘော်စ်တွန် ဇန်နဝါရီ ၃၁

အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက်ပြည်နယ်တွင် ယခုသီတင်းပတ်အတွင်း နှင်းမုန်တိုင်းကျရောက်ပြီးနောက် လမ်းပေါ်တွင် စုပုံနေသော နှင်းခဲများကို ဂေါ်ပြားဖြင့် ဖယ်ရှားရာ၌ နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ၏ နေအိမ်က ပါဝင်ဆောင်ရွက်ခြင်းမပြုသဖြင့် ၎င်းကို ဒေါ်လာ ၅၀ ဒဏ်ရိုက်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ဇန်နဝါရီ ၃၀ ရက်တွင် ထုတ်ဖော်ပြောဆိုခဲ့သည်။

ဘော်စ်တွန်မြို့၏ သမိုင်းဝင်ဘေကွန်ဟေးလ်ရပ်ကွက်၌ ဝန်ကြီး ကယ်ရီ ငှားရမ်းထားသော နှင်းဖယ်ရှားရေးကုမ္ပဏီနှင့် ၎င်း၏ အိမ်နီးချင်းတို့သည် ၎င်း၏အိမ်နှင့်ကပ်လျက် လူသွားလမ်းတွင် အဝါရောင်တိပ်ဖြင့် တားဆီးထားသည်ကို တွေ့မြင်ရ၍ ထိပ်တန်းဝန်ကြီးတစ်ဦးအတွက် လုံခြုံရေးနှင့် ပတ်သက်သည်ဟု ၎င်းတို့က ထင်ခဲ့ကြသည်။ ယင်းနောက် ထိုနေ့ ကြာသပတေးနေ့မှာပင် ဒဏ်ရိုက်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ အဝါရောင်တိပ်တားဆီးထားခြင်းမှာ ရေခဲနှင့် နှင်းခဲများပေါ်တွင် လမ်းလျှောက်သူများ လဲကျခြင်းမရှိစေရန် သတိပေးသည့်အနေဖြင့် ဟန့်တားခြင်းဖြစ်ကြောင်း ဝန်ကြီး၏ပြောရေးဆိုခွင့်ရှိသူ ဂလင်းဂျွန်ဆင်က ပြောကြားသည်။ အဆိုပါ အဝါရောင်တိပ်အတွင်းသို့ဝင်ရောက်ရန် ခွင့်ပြုကြောင်း သိရသည့်အခါ ကန်ထရိုက်တာများက လူသွားလမ်းပေါ်မှ နှင်းခဲများကို ကြာသပတေးနေ့ နံနက်နှောင်းပိုင်းတွင် ဖယ်ရှားပြီးစီးခဲ့ပါသည်ဟု ၎င်းက ပြောကြားသည်။ နှင်းမုန်တိုင်းကျသည့်အချိန်တွင် ကယ်ရီသည် အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့်အတူ ဆော်ဒီဘုရင် အဗ္ဗဒူလာ၏ စျာပနအခမ်းအနားတက်ရောက်ရန်နှင့် ဆက်ခံသူ ဘုရင် စူလေမန်နှင့် တွေ့ဆုံရန် ဆော်ဒီအာရေဗျနိုင်ငံသို့ ရောက်ရှိလျက်ရှိသည်။ ယခုအခါ နှင်းခဲများကို ဂေါ်ပြားဖြင့် ဆက်လက်ဖယ်ရှားလျက်ရှိသည်ဟု ဂျွန်ဆင်က ပြောကြားသည်။ **ဘီဘီစီ။**

ကာကွယ်ဆေးသစ်များ တီထွင်ထုတ်လုပ်ရန် ဂိတ်စ်ဖောင်ဒေးရှင်းက စတန်းဖို့ဒ်တက္ကသိုလ်သို့ ဒေါ်လာသန်း ၅၀ ထောက်ပံ့

ဆီယက်တဲလ် ဇန်နဝါရီ ၃၁

ဘီလ်နှင့် မယ်လင်ဒါဂိတ်စ်ဖောင်ဒေးရှင်းသည် အေအိုင်ဒီအက်စ်နှင့် ငှက်ဖျားရောဂါအပါအဝင် ကမ္ဘာတစ်ဝန်းရှိ လူအသေအပျောက်အများဆုံးရောဂါများအတွက် ကာကွယ်ဆေးများ အရှိန်အဟုန်မြှင့်ထုတ်လုပ်နိုင်ရေးအတွက် စတန်းဖို့ဒ်တက္ကသိုလ်သို့ အမေရိကန်ဒေါ်လာသန်း ၅၀ ရှိသည့် ထောက်ပံ့ကြေးတစ်ရပ် ချီးမြှင့်ခဲ့ကြောင်း ဇန်နဝါရီ ၃၀ ရက်က ပြောကြားသည်။

ဆယ်နှစ်ကြာပေးအပ်မည့် ထောက်ပံ့ကြေးများအား ကယ်လီဖိုးနီးယားပြည်နယ်ရှိ စတန်းဖို့ဒ်တက္ကသိုလ်ပရဝဏ်အတွင်း တည်ထောင်မည့် စတန်းဖို့ဒ်လူ့ခန္ဓာကိုယ်များရှိ ရောဂါများလေ့လာရေးဌာနအတွက် အသုံးပြုသွားမည်ဟု ထုတ်ပြန်ချက်တစ်ခုတွင် ဖော်ပြထားသည်။ ထိုဌာနသည် ကမ္ဘာတစ်ဝန်းရှိ လူအသေအပျောက်အများဆုံးကူးစက်ရောဂါများအတွက် ကာကွယ်ဆေးများ တီထွင်ထုတ်လုပ်ရန် ကိုယ်ခံအားစနစ်ကို မည်ကဲ့သို့ ထိန်းချုပ်အသုံးချနိုင်မှုအပေါ် သုတေသနပြုလုပ်သွားမည်ဟုဆိုသည်။

ကာကွယ်ဆေးသစ်များ တီထွင်ထုတ်လုပ်ရာတွင် အတားအဆီးများဖြစ်ခဲ့သည့် သုတေသနဆောင်ရွက်ရန်အတွက် ကုန်ကျစရိတ်နှင့် အချိန်အတိုင်းအတာလိုအပ်ကြောင်း စတန်းဖို့ဒ်တက္ကသိုလ်က ပြောကြားသည်။ အဆိုပါ ထောက်ပံ့ကြေးများက လက်တွေ့ဆေးဝါးစမ်းသပ်စစ်ဆေးမှုများအတွက် အလားအလာအကောင်းဆုံးကာကွယ်ဆေးများ ဦးစားပေးသုတေသနပြုလုပ်ရာ သိပ္ပံပညာရှင်များအား အထောက်အကူပြုသွားမည်ဖြစ်သည်။ "ကျွန်တော်တို့လိုအပ်နေတာကတော့ ကာကွယ်ဆေးအသစ်များနှင့် ကာကွယ်ဆေး တီထွင်ထုတ်လုပ်ဖို့ ချဉ်းကပ်ပုံနည်းလမ်းများပဲ ဖြစ်ပါတယ်"ဟု ဌာနအသစ်ကို ဦးဆောင်မည့် စတန်းဖို့ဒ်ဆေးကျောင်းမှ ပါမောက္ခတစ်ဦးဖြစ်သူ မတ်ခ်ဒါဗစ်က ပြောကြားသည်။

ဆီယက်တဲလ်အခြေစိုက် ဂိတ်စ်ဖောင်ဒေးရှင်း၏ ထောက်ပံ့ကြေးမှာ ကယ်လီဖိုးနီးယားပြည်နယ်နှင့် အခြားနေရာများတွင် လူပေါင်း ၉၀ ထက်မနည်း ကူးစက်ခံခဲ့ရသည့် ဝက်သက်ရောဂါဖြစ်ပွားနေစဉ် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဂိတ်စ်ဖောင်ဒေးရှင်းကို မိုက်ကရိုဆော့ဖ်တည်ထောင်သူ ဘီလျံနာ ဘီလ်ဂိတ်စ်နှင့်ဇနီး မယ်လင်ဒါတို့က ကမ္ဘာတစ်ဝန်း ရောဂါနှင့်ဆင်းရဲမွဲတေမှု တိုက်ဖျက်ရန် တည်ထောင်ခဲ့ခြင်းဖြစ်သည်။

ရိုက်တာ။

အီတလီနိုင်ငံတွင် သမ္မတအသစ်ခန့်အပ်

ရောမ ဇန်နဝါရီ ၃၁

အီတလီပါလီမန်က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတရားသူကြီးတစ်ဦးဖြစ်သည့် ဆာဂျီရိုမတ်တာရီလာအား သမ္မတအဖြစ် ယနေ့ ရွေးချယ်တင်မြှောက်လိုက်ပြီ ဖြစ်ကြောင်း သိရသည်။

အသက်(၈၉)နှစ် ရှိပြီဖြစ်သည့် သမ္မတ ဂျီရော်ဂျီရိုနာပိုလီတီနိုက အသက်အရွယ်ကြီးရင့်ပြီဖြစ်သဖြင့် ၎င်း၏ ဆန္ဒအလျောက် သမ္မတရာထူးမှ နုတ်ထွက်ခဲ့သည်။

သမ္မတရာထူးအတွက် မဲဆန္ဒ ခံယူပြီးနောက် ဆာဂျီရိုမတ်တာရီလာအား သမ္မတအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ သမ္မတ ဆာဂျီရို မတ်တာရီလာသည် ဝန်ကြီးချုပ် မာတီရိုရန်ဇီ၏ ထောက်ခံအားပေးမှုကို ရရှိခဲ့သူလည်း ဖြစ်သည်။ အီတလီနိုင်ငံ၏ သမ္မတရာထူးသည် စည်းမျဉ်းခံစနစ်ဖြစ်သော်လည်း ဝန်ကြီးချုပ်ရာထူးကို ခန့်အပ်နိုင်သည့် အခွင့်အာဏာရှိသည်။ သမ္မတဟောင်း ဂျီရော်ဂျီရိုနာပိုလီတီနို၏ ရှစ်နှစ်ခွဲသက်တမ်းတွင် ဝန်ကြီးချုပ် ငါးဦး ပြောင်းလဲ ခန့်အပ်ခဲ့သည်။ **ဘီဘီစီ။**

အီတလီနိုင်ငံ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတရားသူကြီး ဆာဂျီရိုမတ် တာရီလာ။

ဒွန်းတက်တွင် အမြောက်ကျည်များပေါက်ကွဲ၊ ၁၂ ဦး သေဆုံး

ဒွန်းတက် ဇန်နဝါရီ ၃၁

ယူကရိန်းနိုင်ငံတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲအသစ် ကျင်းပရေး တောင်းဆိုမှု မအောင်မမြင်ဖြစ်ခဲ့ပြီးနောက် အစိုးရတပ်များနှင့် ရုရှားလိုလားသော ခွဲထွက်ရေးသူပုန်များအကြား တိုက်ပွဲများပြင်းထန်လျက်ရှိစဉ် သူပုန်များ၏ အဓိကခြေကုပ်စခန်း ဒွန်းတက်မြို့တွင်း၌ သောကြာနေ့တွင် အမြောက်ကျည်များ ကျရောက်ပေါက်ကွဲရာ အရပ်သားအနည်းဆုံး ၁၂ ဦးသေဆုံးကြောင်း ယနေ့အေပီသတင်းတွင် ဖော်ပြသည်။

ဒုက္ခသည် ကယ်ဆယ်ရေးစခန်း၏ အပြင်ဘက်၌ လူသားချင်းစာနာထောက်ထားသော အကူအညီများကို စောင့်ဆိုင်းနေစဉ် အမြောက်ကျည်သင့်၍ ငါးဦးသေဆုံးခဲ့ပြီး အဆိုပါ ရပ်ကွက်အတွင်းမှာပင် ဘတ်စ်ကားဂိတ်အနီး၌ မော်တာကျည်ကျရောက်ပေါက်ကွဲ၍ နှစ်ဦးသေဆုံးခဲ့ကြသည်။

ဒွန်းတက်မြို့၏ အနောက်ပိုင်း၌လည်း သောကြာနေ့တွင် အမြောက်ကျရောက်ပေါက်ကွဲသဖြင့် ငါးဦး သေဆုံးခဲ့သည်။

တစ်ခုသော အချိန်အတိုင်းအတာအထိ ငြိမ်သက်လျက်ရှိပြီးနောက် ယခုလစောစောပိုင်းတွင် ခွဲထွက်ရေးသမားများနှင့် အစိုးရတပ်များအကြား တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားခဲ့သည်။ သူပုန်များ ထိန်းချုပ်ထားသည့် ဒွန်းတက်နှင့် လူဟန့်မြို့နှစ်မြို့အကြားရှိ အရေးပါသော မီးရထားလမ်း အချက်အချာမြို့ ဒီဗော့ဆီးဗီးကို ဦးတည်၍ တိုက်ခိုက်ကြခြင်းဖြစ်သည်။

ကြာသပတေးနေ့တွင် ခွဲထွက်ရေးသမားများသည် ဖူလီဟတ်မြို့တွင်းရှိ အစိုးရစစ်ကြောင်းများကို ထိုးဖောက်၍ ဒီဗော့ဆီးဗီးသို့ တဖြည်းဖြည်း ချီတက်လျက်ရှိသည်။ ဖူလီဟတ်ရှိ အစိုးရတပ် စစ်ဆေးရေးစခန်းများနှင့် စစ်စခန်းတို့ကို သူပုန်များက လက်နက်ကြီးများဖြင့်ပစ်ခတ်ကြောင်း ယူကရိန်းအရှေ့ပိုင်းစစ်ဆင်ရေး ပြန်ကြားရေးရုံးက သောကြာနေ့တွင် ပြောကြားသည်။ ဒီဗော့ဆီးဗီးတွင် လျှပ်စစ်မီးပြတ်တောက်ခြင်း၊ သောက်သုံးရေနှင့် အိမ်သုံးဓာတ်ငွေ့များ ပြတ်လပ်ခြင်းတို့ဖြစ်နေသည်မှာ ရက်သတ္တတစ်ပတ်ကျော်ကြာပြီဖြစ်သည်။

ယူကရိန်းရှိ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ ညှိနှိုင်းရေးမှူး နီးလ်ဝေါလ်ကိုက အရပ်သားများ ရွှေ့ပြောင်းနိုင်ရေးနှင့် လူသားချင်းစာနာထောက်ထားသော အကူအညီများ ပေးပို့ရေးတို့အတွက် ချက်ချင်းအပစ်အခတ်ရပ်စဲရန် တောင်းဆိုခဲ့သည်။ **အေပီ။**

ကနေဒါနိုင်ငံတွင် H7 N9 ဗိုင်းရပ်စ်ပိုးတွေ့ရှိ

အော့တဝါ ဇန်နဝါရီ ၃၁

လွန်ခဲ့သော ရက်သတ္တပတ်က တရုတ်နိုင်ငံမှ ပြန်လာခဲ့ပြီးနောက် ကနေဒါနိုင်ငံသူ အမျိုးသမီးတစ်ဦးသည် H7 N9 ကြက်ငှက်တုတ်ကွေးဗိုင်းရပ်စ်ပိုး ကူးစက်ခံနေရကြောင်းနှင့် နောက်ထပ် သုံးရက်အကြာတွင် သူ၏ခင်ပွန်းကို ရောဂါပိုးဆက်လက်ကူးစက်ခဲ့ကြောင်း ကျန်းမာရေးအရာရှိများက ဆိုသည်။

ကနေဒါနိုင်ငံအနောက်ဘက် ဗြိတိသျှ ကိုလံဘီယာ စီရင်စုတွင်နေထိုင်ကြသော အသက် ၅၀ နှစ်အရွယ် ၎င်းတို့ဇနီးမောင်နှံသည် ဇန်နဝါရီ ၂ ရက်တွင် ကနေဒါနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် ရက်အနည်းငယ်အကြာတွင် ရောဂါလက္ခဏာအဖြစ် ဖျားနာမှုဝေဒနာကို စတင်ခံစားခဲ့ရသည်။

အဆိုပါအမျိုးသမီးအား ဇန်နဝါရီ ၂၅ ရက်က ဗိုင်းရပ်စ်ပိုးကူးစက်ခံရကြောင်း အတည်ပြုခဲ့သည်။ နောက်ထပ် သုံးရက်အကြာတွင် သူ၏ခင်ပွန်းတွင် ဗိုင်းရပ်စ်ပိုးကူးစက်ခံနေရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ ၎င်းတို့၏ ဗိုင်းရပ်စ်ပိုးကူးစက်မှုသည် မြောက်အမေရိကတွင် ပထမဆုံးသော ရောဂါတွေ့ရှိမှုဖြစ်သည်။ ကနေဒါနိုင်ငံရှိ ငှက်များကို ရောဂါစစ်ဆေးမှုများ မပြုလုပ်ရသေးပေ။

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူနှစ်ဦးကို ဆေးရုံသို့ မပို့ဆောင်ဘဲ နေအိမ်တွင် သီးသန့်ထားခဲ့သည်။ မကြာမီအချိန်တွင် ၎င်းတို့၏ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာနိုင်ကြောင်း ကျန်းမာရေးအရာရှိများက ဆိုသည်။

နှစ်နှစ်အကြာက တရုတ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုးကူးစက်ပြန့်ပွားခဲ့သည်။ ရံဖန်ရံခါမှသာလျှင် မိသားစုဝင်များအကြား ရောဂါကူးစက်မှုရှိကြောင်းနှင့် လူတစ်ဦးမှ တစ်ဦးသို့ ရောဂါကူးစက်နိုင်ခြေနည်းပါးကြောင်း တရုတ်ဆေးပညာရှင်များနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတိအလင်းပြောခဲ့သည်။

၂၀၁၄ ခုနှစ်တွင် တရုတ်နိုင်ငံတွင် ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၄၅၃ ဦးအနက် ၁၇၅ ဦးသေဆုံးခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ။**

ပြည်တွင်းရေးရာ

ရန်ကုန်တက္ကသိုလ် ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တက္ကသိုလ် ရူပဗေဒ ဘာသာရပ် အထူးပြုပညာသင်နှစ်အားလုံးမှ ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်တက္ကသိုလ်အပန်းဖြေရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားသို့ အသက်(၆၅) နှစ်အထက် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး (၁၀၀)ကျော်နှင့် ရန်ကုန်တက္ကသိုလ်၊ ရူပဗေဒဘာသာရပ် အထူးပြု ကျောင်းသားဟောင်းများဖြစ်သည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး၊ ပညာသင်နှစ်အားလုံးမှ ရူပဗေဒဘာသာရပ်အထူးပြု ကျောင်းသား ကျောင်းသူဟောင်း ၁၅၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ ရူပဗေဒကျောင်းသား ကျောင်းသူဟောင်းများက အဖွင့်သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ဆီမီးထွန်းညှိပူဇော်ပြီး ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူများက ပူဇော်ကန်တော့ကြကာ ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် ကန်တော့ခံဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီး ဒေါက်တာတင်အောင်က ဩဝါဒစကားပြောကြားသည်။

ဆက်လက်၍ အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီမှ ရန်ကုန်တက္ကသိုလ်သို့ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက လက်ခံရယူသည်။

ရန်ကုန်တက္ကသိုလ် ရူပဗေဒဘာသာရပ် အထူးပြုပညာသင်နှစ်အားလုံးမှ ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲအခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

ထို့နောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင့်လွင်က အာစရိယပူဇော်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တက်ရောက်လာသော ကျောင်းသား ကျောင်းသူဟောင်းများကိုယ်စား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ရူပဗေဒအသင်းဆောင် ရွှက်ချက်များနှင့် ပတ်သက်၍ ပူဇော်ပွဲကျင်းပရေး ကော်မတီနာယက ဦးမောင်မောင်ကိုကလည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးတင်လှိုင်က လည်းကောင်း ရှင်းလင်းဖတ်ကြားသည်။

အာစရိယပူဇော်ပွဲအခမ်းအနား အပြီးတွင် မိတ်ဆုံညစာစားပွဲကို ညနေ ၆ နာရီတွင် ရန်ကုန်တက္ကသိုလ် ပရဝဏ်အတွင်းရှိ အထင်ကရဖြစ်သော သစ်ပုပ်ပင်အောက်ရှိ မြက်ခင်းပြင်၌ ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများနှင့် သစ်လွင်ကျောင်းသား ၉၀၀ ကျော် ဝန်းရံလျက် တေးသီချင်းများ သီဆိုဖျော်ဖြေကာ ပျော်ရွှင်စွာ ကျင်းပခဲ့ကြသည်။

ရန်ကုန်တက္ကသိုလ် စတင်တည်ထောင်သည့် ၁၉၂၀ ခုနှစ်မှ စတင်ပြီး ရူပဗေဒဌာနကို တည်ထောင်ခဲ့ရာ ပညာသင်နှစ်အားလုံးမှ ကျောင်းသား ကျောင်းသူဟောင်းများစုပေါင်း၍ အာစရိယပူဇော်ပွဲများ ကျင်းပခဲ့သည်မှာ လေးကြိမ်ရှိပြီဖြစ်ကြောင်း၊ ယခင်က ရန်ကုန်တက္ကသိုလ်၊ ဓမ္မာရုံနှင့် အပန်းဖြေရိပ်သာ(RC)တို့တွင် နှစ်ကြိမ်စီ ကျင်းပခဲ့ကြောင်း၊ ယခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ပရဝဏ်အတွင်းရှိ အထင်ကရ အမှတ်အသားတစ်ခုဖြစ်သည့် သစ်ပုပ်ပင်အောက်ရှိ မြက်ခင်းပြင်တွင် မိတ်ဆုံညစာစားပွဲကို ပထမဆုံးအကြိမ် ထူးခြားစွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်တက္ကသိုလ် ရူပဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူဟောင်းများ သစ်ပုပ်ပင်အောက်ရှိ မြက်ခင်းပြင်၌ မိတ်ဆုံညစာစားပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

တက္ကသိုလ်ရင်ခွင် သစ်ပုပ်ပင်နှင့် ကျောင်းတော်သားတို့ ပီတိစကား

မေးရေး - မိုးသူဇာစိုး၊ ခင်ချိုဝင်း
ဓာတ်ပုံ - ဇော်မင်းလတ်

ရန်ကုန်တက္ကသိုလ် စတင်တည်ထောင်သည့် ၁၉၂၀ ခုနှစ်မှ စတင်ကာ ရူပဗေဒဌာနကို တည်ထောင်ခဲ့ပြီး ရူပဗေဒဘာသာရပ် အထူးပြု ကျောင်းသား ကျောင်းသူများအား မွေးထုတ်ပေးခဲ့သည်မှာ နှစ်ပေါင်း ၉၅ နှစ် ရှိပြီဖြစ်သည်။ အမိကျောင်းတော်ကြီးတွင် စေတနာ၊ ဝါသနာ၊ အနစ်နာဖြင့် ပညာသင်ကြားပို့ချပေးခဲ့သော အနန္တဂိုဏ်းဝင်ကျေးဇူးရှင် ဆရာကြီး၊ ဆရာမကြီးများ၏ အာစရိယဂုဏ်ကျေးဇူးကို ရည်စူးပူဇော်သည့် အာစရိယပူဇော်ပွဲများကို အစဉ်အလာမပျက် ကျင်းပခဲ့ကြသည်။ အထူးပြုဘာသာရပ်တူညီသည့် ပညာသင်နှစ်အားလုံးမှ ကျောင်းသား ကျောင်းသူဟောင်းများ စုပေါင်း၍ အာစရိယပူဇော်ပွဲများ ကျင်းပခဲ့သည်မှာ လေးကြိမ်ရှိပြီဖြစ်ကာ ရန်ကုန်တက္ကသိုလ်ဓမ္မာရုံတွင် နှစ်ကြိမ် ကျင်းပခဲ့ပြီး ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ(RC)တွင် ယခုနှစ်အပါအဝင် နှစ်ကြိမ်ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ ယခုနှစ်၏ ထူးခြားချက်အနေဖြင့် ရန်ကုန်တက္ကသိုလ် ပရဝဏ်အတွင်းရှိ အထင်ကရ အမှတ်အသားတစ်ခုဖြစ်သည့် သစ်ပုပ်ပင်ခြေရင်းရှိ မြက်ခင်းပြင်တွင် ဆရာ၊ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ၊ သစ်လွင်ကျောင်းသားများ စုပေါင်း၍ မိတ်ဆုံညစာစားပွဲကို ပထမဆုံးအကြိမ် ကျင်းပနိုင်ခဲ့ရာ တက္ကသိုလ်ရင်ခွင်မှ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကျောင်းတော်သားများ၏ ရင်ခုန်သံပီတိစကားများ ခံစားသိရှိနိုင်ရန် မြန်မာ့သတင်းစဉ် သတင်းအဖွဲ့မှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

ဒေါက်တာ တင့်လွင်။

ဦးဌေးဦး။

ဒေါက်တာ ထွန်းခင်။

ဒေါက်တာထွန်းခင်
ကန်တော့ခံဆရာကြီး

ရန်ကုန်တက္ကသိုလ်ရဲ့ တာဝန်ခံပါမောက္ခချုပ်နဲ့ နောက်ဆုံးပင်စင်ယူခဲ့တာပါ။ ရူပဗေဒဌာနမှာ နှစ်ပေါင်း ၃၄ နှစ်ကြာအောင် သရုပ်ပြ၊ လက်ထောက်ကထိက၊ တွဲဖက်ပါမောက္ခ စတဲ့တာဝန်တွေ ထမ်းဆောင်ခဲ့ပါတယ်။ ဒီနှစ်အပါအဝင် ကျင်းပခဲ့တဲ့ လေးကြိမ်လုံးမှာ တက်ရောက်နိုင်ခဲ့ပါတယ်။ ဒီလို ဆရာ၊ကျောင်းသားတွေ ပြန်တွေ့ပြန်ဆုံကြရတော့ ကိုယ်သင်ကြားပို့ချခဲ့တဲ့ ကျောင်းသားကျောင်းသူတွေရဲ့ အောင်မြင်မှုတွေကို အသိအမှတ်ပြုရင်း ပီတိဖြစ်ရပါတယ်။ ကျောင်းသား ကျောင်းသူတွေ တော်တော်များများ လာကြပါတယ်။ ထူးခြားတာက ဒီနှစ် ရန်ကုန်တက္ကသိုလ်ထဲမှာ ရှိတဲ့ အဆောင်နေကျောင်းသား ကျောင်းသူ ၉၀၀ ကျော်ကိုလည်း ဖိတ်ကြားထားပြီး သူတို့လည်း ဒီပွဲကို နွှဲလို့ရအောင် ဖြစ်ပါတယ်။ သူတို့လေးတွေလည်း ပူးပေါင်းဆောင်ရွက်တဲ့ အလေ့အထတွေကို ရရှိကြတာ၊ အဆောင်နေကျောင်းသားဘဝမှာ ရရှိတဲ့ စည်းလုံးညီညွတ်မှုတွေဟာ တန်ဖိုးရှိပါတယ်။ တစ်နှစ်မှတစ်ခါဆုံရတဲ့ ဒီလိုပွဲလေးမှာ တပည့်တွေ မျက်နှာမြင်ရတာ အင်မတန်မှ ပီတိဖြစ်ရပါတယ်။

ဦးဌေးဦး
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ကျွန်တော်က ၁၉၇၀ ခုနှစ်က ကျောင်းပြီးတဲ့ ရူပဗေဒကျောင်းသား ဖြစ်ပါတယ်။ အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာလှဖေနဲ့ ဒေါက်တာလှတိုး တို့က စတုတ္ထအကြိမ်ကျင်းပတဲ့ ဒီနေ့ပွဲမှာ အာစီထဲမှာ ဆရာကန်တော့ပွဲနဲ့ သစ်ပုပ်ပင်အောက်မှာ ညစာစားပွဲ လုပ်မယ်ဆိုပြီး သိရပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ပညာသင်နှစ်အလိုက်ကျင်းပတဲ့ ပူဇော်ပွဲလည်း တက်ဖူးတယ်။ တက္ကသိုလ်အလိုက်လည်း တက်ဖူးတယ်။ ဆရာတွေ၊ သူငယ်ချင်းတွေ၊ အသိဟောင်းတွေ အားလုံးစုစုစည်းစည်းနဲ့ ပြန်ဆုံရတာ အင်မတန်ပျော်ဖို့ကောင်းပါတယ်။ ကြည်နူးဖို့လည်း ကောင်းပါတယ်။ ဒီလိုပွဲမျိုးက ရှိလည်း ရှိသင့်တယ်၊ လုပ်လည်းလုပ်သင့်တယ်လို့ကျွန်တော်မြင်တယ်။ ဆရာတွေ ဆရာမတွေဆိုတာ ကျွန်တော်တို့ကို ပညာတတ်အောင် သင်ကြားရုံသာမက လိမ္မာအောင်လည်းသင်တယ်။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေအားလုံး ဖြစ်ကြပါတယ်။ ဆရာကြီး၊ ဆရာမကြီးတွေရဲ့ ဝတ်စားဆင်ယင်မှုကအစ အတုယူခဲ့ရတာပါပဲ။ ဒါကြောင့် ဆရာကြီးတွေရဲ့ ဂုဏ်ကျေးဇူးကို အောက်မေ့သောအားဖြင့် ပူဇော်ကန်တော့တယ်ဆိုတာ အင်မတန်ကောင်းပါတယ်။ ဒါကြောင့် မဖြစ်ဖြစ်အောင်တက်မယ်ဆိုပြီး လာခဲ့တာဖြစ်ပါတယ်။

ဒီလိုပွဲမျိုးက တစ်ဦးတစ်ယောက်ကောင်း လုပ်လို့မရဘူး။ အားလုံးက စုပေါင်းလုပ်ရတာ ဖြစ်တယ်။ အာစီဆိုတဲ့နေရာနဲ့ သစ်ပုပ်ပင်ဆိုတဲ့ ရန်ကုန်တက္ကသိုလ် ရဲ့ အထင်ကရနေရာတွေမှာ ကျင်းပခွင့်ရအောင် ပညာရေးဝန်ကြီးဌာနနဲ့ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်တို့က ခွင့်ပြုပေးတာဖြစ်တယ်။ ကျောင်းသားကျောင်းသူတွေအားလုံးလည်း ကျောင်းပြီးလို့ ခွဲခွာသွားပြီးတဲ့နောက် တစ်နေရာတည်းမှာ စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ ကျင်းပတဲ့ပွဲဖြစ်ပါတယ်။ ဆရာ ဆရာမကြီးတွေ ၁၂၀လောက် ဖိတ်ကြားထားပြီး အသက်အရွယ်ရနေပေမယ့် လာရောက်ပေးကြတယ်။ ခမ်းခမ်းနားနားဖြစ်အောင် ခွင့်ပြုပေးတဲ့ နိုင်ငံတော်၊ ဆရာ ဆရာမကြီးတွေ၊ ကျောင်းသား ကျောင်းသူတွေနဲ့ ကျင်းပရေးကော်မတီ အားလုံးပါဝင်ပြီး စုစုစည်းစည်း ကျင်းပခဲ့တဲ့အတွက် အောင်မြင်တယ်လို့ပဲ ကျွန်တော်မြင်ပါတယ်။

စာမျက်နှာ ၉ သို့❖

ဗိုလ်ချုပ်အောင်ဆန်းနှစ်တစ်ရာပြည့် မွေးနေ့ဂုဏ်ပြုဆောင်းပါး

တမ်းတတိုင်းဝယ် တမြည့်မြည့်

ဝေယံမောင်

ဆယ့်သုံးဂဏန်းနှင့် မြန်မာ့လွတ်လပ်ပန်း

ဆယ့်သုံးဂဏန်းကို အများစုက ကံမကောင်းသော ဂဏန်းဟု ဆိုကြသည်။ ကျွန်တော့်အနေဖြင့်မူ ထိုဂဏန်းသည် မြန်မာ့လွတ်လပ်ပန်းကို ဆောင်ကြဉ်းပေးနိုင်သည့် မင်္ဂလာရှိသော ကိန်းဂဏန်းတစ်ခုအဖြစ် ရှုမြင်မိပါသည်။

"ဖေဖော်ဝါရီ ဆယ့်သုံးမှာ၊ ဗိုလ်ချုပ်မွေးနေ့ပါ တစ်ထောင့်ကိုးရာ တစ်ဆယ့်ငါး ရွှေနေ ဦးဖာသား" အစချီသော ကဗျာကို ကျွန်တော်တို့ မြန်မာနိုင်ငံသားတိုင်း အလွတ်ရွတ်ဆိုနိုင်ကြသည်။ ဗိုလ်ချုပ်ဟု ပြောလိုက်သည်နှင့် ဗိုလ်ချုပ်အောင်ဆန်းကို ဆိုလိုမှန်း အလိုလိုသိကြသည်။ ဗိုလ်ချုပ်ဟု ချိုမြိန်စွာခေါ်ရသည်က အားမာန်ကို မွေးဖွားစေသည်။ ဗိုလ်ချုပ်ဟုကြားရသည်က ကြားရသူအပေါင်း၌ အလွန်ပင် နားဝင်ပီယံ ရှိလှပါသည်။ ဗိုလ်ချုပ်ကဗျာကို ရွတ်ဆိုတိုင်းလည်း ဗိုလ်ချုပ်၏ ဂုဏ်ကျေးဇူး အထူးထူးကို ရည်စူးအောက်မေ့ပြီး ကြည်ညိုလေးစားစိတ်များ အဖန်တလဲလဲ ကြည်နူးစွာ ဖြစ်ရပါသည်။

လူထဲကလူ သို့သော် အာဂလူ

ဗိုလ်ချုပ်ကို မြန်မာနိုင်ငံမြေလတ်ဒေသရှိ နတ်မောက်မြို့တွင် သူလိုကိုယ်လိုပင် မွေးဖွားခဲ့ပြီး ငယ်နာမည်မှာ မောင်ထိန်လင်းဖြစ်ပါသည်။ သို့သော် အာဇာနည်သွေးမှာ မွေးကတည်းကပင် ပါခဲ့သည်ဟု ဆိုရပါမည်။ ငယ်စဉ်ကပင် အမှန်တရားကို ချစ်မြတ်နိုးသောစိတ်၊ မဟုတ်မခံ တုံ့ပြန်လိုစိတ်၊ ပညာကို ကြိုးစားသင်ယူလိုသောစိတ်တို့နှင့်အတူ တိုင်းပြည်လွတ်လပ်ရေးကို စိတ်ဝင်တစားဖြင့် ထက်သန်ပြင်းပြစွာ ဆောင်ရွက်ခဲ့မှုတို့မှာ လူထဲကလူ ဖြစ်သော်ငြားလည်း အာဂလူတစ်ဦးအဖြစ် **တောက်မည့်မီးခဲ တရဲရဲ** ဖြစ်ခဲ့ပါသည်။

ဘမျိုးဘိုးတူ

ဗိုလ်ချုပ်၏ အဘိုးဖြစ်သူ ရွှေလရောင်ဘွဲ့ခံ မြို့လုလင်သူကြီး ဦးမင်းရောင်မှာ နယ်ချဲ့ဗြိတိသျှတို့ ၁၂၄၇ ခုနှစ် အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့စဉ်က သူ့ကျွန်မခံလိုသောစိတ်ဖြင့် ရရာလက်နက်ကိုင်ဆွဲကာ ဗြိတိသျှစစ်တပ်ကို အကြိတ်အနယ် အန်တုခုခံတော်လှန်တိုက်ခိုက်ရင်း မြန်မာ့လွတ်လပ်ရေးအတွက် အသက်ပေးသွားခဲ့သော မျိုးချစ်သူရဲကောင်းကြီးတစ်ဦး ဖြစ်ပါသည်။

ဗိုလ်ချုပ်မှာလည်း မြန်မာ့လွတ်လပ်ရေးအတွက် မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ရင်း နယ်ချဲ့ဗြိတိသျှတို့၏ သွေးထိုး အကောက်ကြံမှုကြောင့် ဖြစ်ပေါ်လာရသည့် အမျိုးသားသစ္စာဖောက်များ၏ လုပ်ကြံမှုနှင့်အတူ အသက်ဆုံးရှုံးခဲ့ရလေရာ ဘမျိုးဘိုးတူ မျိုးချစ်သူရဲကောင်းတစ်ဦးအဖြစ် သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့ပါသည်။ တစ်နည်းအားဖြင့် ဗိုလ်ချုပ်သည် သူ့ကျွန်မခံသည့်၊ အင်္ဂလိပ်ကို ဆန့်ကျင်သည့် မျိုးရိုးဇာတိ အစဉ်အလာကို ထိန်းသိမ်းခဲ့သူ ဖြစ်ပါသည်။

မြန်မာ့လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့သည့် ဗိုလ်ချုပ်

မြန်မာ့သမိုင်းတစ်ခေတ် အရိုင်းစစ်ကြောင့် **ထီးကျိုးစည်ပေါက် ကျွန်သပေါက်**ဘဝဖြင့် နှစ်ရာချီ၍ လူလုံးမလှ အပူလုံးကြွခဲ့ရသည့် မြန်မာပြည်ကို နယ်ချဲ့နှင့် ဖက်ဆစ်တို့၏ ဖိနှိပ်မှု အစုစုတို့အား **"လက်အောက်မှ လှန်၊ ရန်အောက်မှ ရုန်း၊ နုန်းအောက်မှ ဖောက်"** သူ့ကျွန်ဘဝမှ လွတ်မြောက်ပြီး မြန်မာ့အချုပ်အခြာအာဏာကို ပြန်လည်ရရှိရလေအောင် ဗိုလ်ချုပ်ကိုယ်တိုင် ဦးဆောင်၍ ဗိုလ်ချုပ်ထူထောင်ခဲ့သော တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးတို့၏ ကြိုးပမ်းအားထုတ်မှုတို့ဖြင့် ဆောင်ကြဉ်းပေးနိုင်ခဲ့ပါသည်။

ထို့ကြောင့်လည်း ယနေ့အခါ ကျွန်ုပ်တို့အားလုံး မြန်မာ့နိုင်ငံတော်အလံကို ဂုဏ်ယူဝင့်ကြွားစွာ လွှင့်ထူ၍ နိုင်ငံတော်သီချင်းကို ကြက်သီးတဖြန်းဖြန်းထအောင် သီဆိုနိုင်ခဲ့ကြပြီမဟုတ်ပါလော။

စည်းလုံးမှုပြယုဂ် ပင်လုံစာချုပ်ကို အသက်သွင်းခဲ့သည့်ဗိုလ်ချုပ်

ဗိုလ်ချုပ်ကစည်းလုံးညီညွတ်ရေး အရေးကြီးပုံကို ပြောပြခဲ့မှုအား ဗိုလ်ချုပ်၏ အပါးတော်မြဲ ဆောင်ရွက်ခဲ့သည့် ဗိုလ်ထွန်းလှက ရေးသားခဲ့သည်မှာ

"....ဂျပန်ပြေးတာနဲ့ အင်္ဂလိပ်အစိုးရပြန်ဝင်လာပြီး မြန်မာနိုင်ငံဟာ မူလကအတိုင်း ကျွန်ဘဝပြန်ရောက်ဦးမယ်.... ငါ့တို့ဟာ စစ်ရေးအရ ဗြိတိသျှအင်ပါယာကြီးကို နိုင်အောင်မတိုက်နိုင်ဘူး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအင်အားနဲ့မှ တိုက်လို့ရမယ်၊ မင်းတို့မြဲမြဲမှတ်ထားဖို့က ငါတို့ရဲ့ အဓိကလက်နက်၊ အထိရောက်ဆုံးလက်နက်ဟာ စက်သေနတ်တွေ၊ အမြောက်တွေ မဟုတ်ဘူး။ ယူနတီ(Unity)ဆိုတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုသာ ဖြစ်တယ်"ဟူ၏။

အပြောနှင့်အလုပ် တစ်ထပ်တည်းကျသည့် ဗိုလ်ချုပ်သည် ဗြိတိသျှတို့မှ မတတ်သာ၍ လွတ်လပ်ရေးပေးရတော့မည့်အချိန်တွင် ရှမ်းပြည်နယ်နှင့် တောင်တန်းဒေသများအားရင်းတို့၏ အကျိုးစီးပွားအတွက် ဆက်လက်ချုပ်ကိုင်လိုသည့် သဘောထားရှိမှုကို သိရှိလာသည့်အခါ ၁၉၄၆ ခုနှစ် မတ်လမှ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလအထိ တိုင်းရင်းသားခေါင်းဆောင်များထံ ကိုယ်တိုင်ကိုယ်ကျ သွားရောက်တွေ့ဆုံညှိနှိုင်းခဲ့၍ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် အသက်တမျှ အရေးကြီးလှသည့် အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ပြီး ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် သမိုင်းဝင် ပင်လုံစာချုပ်ကြီးကို တိုင်းရင်းသားအားလုံး သွေးစည်းချစ်ကြည်သော အထိမ်းအမှတ်အဖြစ် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ထိုပင်လုံစာချုပ်ဖြင့် မြန်မာ့လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့ပါသည်။

> **ဗိုလ်ချုပ်မျှော်မှန်းခဲ့သည့် အမိမြန်မာပြည် ဖြစ်စေရန်မှာမူ ဗိုလ်ချုပ်လမ်းစဉ်နှင့် လုပ်ရပ်များကို သိရှိနားလည်ပြီး ကိုယ်တိုင်လိုက်နာ ကျင့်ကြံအားထုတ်ခြင်းဖြင့်သာလျှင် ဗိုလ်ချုပ်အပေါ် ချစ်ခင်လေးစားယုံကြည်မှုကို ပြသသင့်။**

ရှုထောင့်မျိုးစုံတွင် ချစ်ခင်လေးမြတ်ဖွယ်ဗိုလ်ချုပ်

မည်သူမဆို အားနည်းချက်၊ အားသာချက်ဟူ၍ ရှိသည်သာဖြစ်ပါသည်။ ဗိုလ်ချုပ်မှာလည်းပုထုဇဉ်တစ်ဦးပီပီ အားနည်းမှု၊ ချို့ယွင်းမှုရှိမည်သာ ဖြစ်ပါသည်။ သို့သော် ဗိုလ်ချုပ်၏ အားနည်းမှု၊ ချို့ယွင်းမှုများသည် တိုင်းပြည်ကို ကယ်တင်ရာတွင် အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်ရဲသော၊ အများပြည်သူ၏ လွတ်လပ်မှုလိုအင်ဆန္ဒကို အသက်နှင့်လဲ၍ ဖြည့်စွမ်းပေးခဲ့သော စိတ်စေတနာတို့အောက်ဝယ် အလိုလို တိမ်မြုပ်ပျောက်ကွယ်သွားသည်ဟု ခံစားမိပါသည်။

ဗိုလ်ချုပ်က မြန်မာပြည်၌သာမက ကမ္ဘာမှာပင် ရှားမှရှားသော ပုဂ္ဂိုလ်ထူးဖြစ်ပါ၏။ မြန်မာနိုင်ငံတော်သမိုင်းကို ပြန်ပြောင်းကြည့်မည်ဆိုပါကလည်း အနော်ရထာမင်းသည် အေဒီ ၁၁ ရာစုတွင် ပထမမြန်မာနိုင်ငံတော်ကြီးကို စစ်ရေးမဟာဗျူဟာဖြင့်လည်းကောင်း၊ ဘုရင့်နောင်မင်းတရားကြီးသည် ၁၆ ရာစုတွင် ဒုတိယမြန်မာနိုင်ငံတော်ကြီးကို စစ်ရေးမဟာဗျူဟာဖြင့်လည်းကောင်း၊ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် ၁၈ ရာစုတွင် တတိယမြန်မာနိုင်ငံတော်ကြီးကို စစ်ရေးမဟာဗျူဟာဖြင့်လည်းကောင်း ထူထောင်ခဲ့ကြရာ ဗိုလ်ချုပ်အောင်ဆန်းမှာမူ ၂၀ ရာစုတွင် စတုတ္ထမြန်မာနိုင်ငံတော်ကြီးကို စစ်ရေးနည်းအပြင် **ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်**ဟူသော အယူအဆဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတည်းဟူသော စည်းရုံးရေးနည်းကိုပါတွဲဖက်၍ မဟာဗျူဟာအမျိုးမျိုး ကျင့်သုံးထူထောင်နိုင်ခဲ့ပါသည်။ သတ္တိနှင့် ဗျတ္တိကို မှန်ကန်စွာ အသုံးချနိုင်ခဲ့သူ ဖြစ်ပါသည်။

ပြည်သူအပေါ်၊ တိုင်းရင်းသားအပေါ် ချစ်ခင်လေးစားသည့် ဗိုလ်ချုပ်

ဗိုလ်ချုပ်ဦးဆောင်သည့် ရဲဘော်သုံးကျိပ်ဖြင့် စတင်ထူထောင်ခဲ့သည့် မြန်မာ့တပ်မတော်သည် ထိုစဉ်က ကမ္ဘာတွင် အလွန်စစ်အင်အားကြီးမားသော ဗြိတိသျှတပ်မတော်ကိုလည်းကောင်း၊ အာရှတွင် စစ်အင်အားကြီးမားလှသည့် ဂျပန်စစ်တပ်ကိုလည်းကောင်း တိုက်ထုတ်နိုင်ခဲ့သည်အထိ အင်အားတောင့်တင်းခိုင်မာခဲ့ပါသည်။ သို့သော် ဗိုလ်ချုပ်သည် လူမျိုးစွဲ၊ ဝါဒစွဲတို့ဖြင့် အသီးသီးကွဲပြားနေသော တိုင်းရင်းသားတို့ကိုမူ အင်အားကို အသုံးပြု၍ သိမ်းသွင်းခဲ့ခြင်းမပြုဘဲ တိုင်းရင်းသားပြည်သူများအပေါ် ချစ်ခင်လေးစားစိတ်၊ စာနာကြင်နာစိတ်တို့ဖြင့် စည်းရုံးရေးမဟာဗျူဟာကို ကျင့်သုံးဆောင်ရွက်နိုင်ခဲ့ပါသည်။ ဤသည်ကား ဗိုလ်ချုပ်၏ မြင့်မြတ်သော စွမ်းဆောင်ရည်ပင် ဖြစ်ပါ၏။

မြန်မာ့သမိုင်းတွင် ထာဝစဉ်ရှင်သန်နေမည့် ဗိုလ်ချုပ်

ဗိုလ်ချုပ်ကို လွတ်လပ်ရေး ဗိသုကာ၊ တပ်မတော်၏ ဖခင်၊ မြန်မာပြည်သူတို့၏ အမျိုးသားခေါင်းဆောင်ကြီး စသည့် ဂုဏ်ထူးဝိသေသများဖြင့် ချီးကျူးဂုဏ်ပြု ခေါ်ဝေါ်သုံးနှုန်းလေ့ရှိကြပါသည်။ ထိုထိုသော ဂုဏ်ဒြပ်များကလည်း ထပ်တူပြုရန် မရှိနိုင်သည့်၊ နှိုင်းယှဉ်ရန်မရှိသည့် ဝိသေသလက္ခဏာများပင် ဖြစ်ပါသည်။

သေသောသူ ကြာရင်မေ့ဆိုသော်လည်း ဗိုလ်ချုပ်မှာမူ လူသေသော်လည်း နာမည်မသေဘဲ ယနေ့တိုင် မမေ့နိုင်စွာ ဂုဏ်ယူတသနေရပါသည်။ ထို့အတူ မြန်မာ့သမိုင်းတစ်လျှောက် မည်သည့်အခါမှ မေ့ပျောက်နိုင်တော့မည် မဟုတ်သည်မှာ အသေအချာပင်ဖြစ်ပါသည်။

သီဖွဲ့မကုန် ကျော်သည့်ဂုဏ်

ဗိုလ်ချုပ်၏မွန်မြတ်လှသော ဂုဏ်ပုဒ်များက သီဖွဲ့၍ မကုန်နိုင်ပေ။ ဖြောင့်မတ်ရိုးသားမှု၊ ကြိုးစားအားထုတ်မှု၊ ကိုယ်ကျိုးစွန့်လွှတ်အနစ်နာခံမှု၊ ကြင်နာသနားတတ်မှု၊ ခေါင်းဆောင်ပီသမှု၊ အမှန်တရားနှင့် တရားမျှတမှုကို လက်ကိုင်ထားမှု၊ ရိုးရှင်းသော ဘဝကိုမြတ်နိုးမှု၊ စာပေလေ့လာလိုက်စားမှု၊ သတ္တိဗျတ္တိရှိမှု၊ ရဲဘော်ရဲဘက်စိတ်ရှိမှု၊ မိမိအကျိုးထက် နိုင်ငံသား၏အကျိုးကို ရှေးရှုမှု၊ နိုင်ငံနှင့် လူမျိုးအကျိုးအတွက် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြင့် မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် ကြိုးပမ်းဆောင်ရွက်မှု၊ အပြန်အလှန်လေးစားတတ်မှုစသည့် မွန်မြတ်အတုယူဖွယ်ကောင်းသော၊ စံပြုဖွယ်ရာဖြစ်သောအမူအကျင့်နှင့် စိတ်ဓာတ်တို့ကို အနာဂတ်ဖန်တီးရှင်များဖြစ်သည့် နောင်လာနောက်သားမျိုးဆက်သစ်လူငယ်များအကြားဝယ် ပြန့်ပွားစေချင်မိပါသည်။

ဗိုလ်ချုပ်ကို အားကျအတုယူပြီး **သူ့လိုလူ**ဖြစ်စေရန် အားထုတ်ကြိုးပမ်းကြမည်ဆိုပါလျှင် ဗိုလ်ချုပ်ကဲ့သို့သော လူငယ်ခေါင်းဆောင်ကောင်းများ အများအပြား ပေါ်ထွက်လာမည်သာဖြစ်ပါ၏။

ဂုဏ်ယူနေရုံနှင့်မရ

ဗိုလ်ချုပ်ကို ချစ်သလား၊ လေးစားသလား၊ ယုံကြည်သလားဟု မေးလာပါလျှင် လူတိုင်းက ချစ်ခင်လေးစားယုံကြည်ကြကြောင်း ပြောမည်မှာ မလွဲမသွေဖြစ်ပါ၏။ ထိုသို့ ချစ်ခင်လေးစား ယုံကြည်မှုကို အဖန်တလဲလဲ ဂုဏ်ယူနေရုံမျှဖြင့် ချစ်ရာမရောက်ဟု ဆိုရပါမည်။ ဗိုလ်ချုပ်မျှော်မှန်းခဲ့သည့် အမိမြန်မာပြည် ဖြစ်စေရန်မှာမူဗိုလ်ချုပ်လမ်းစဉ်နှင့် လုပ်ရပ်များကို သိရှိနားလည်ပြီး ကိုယ်တိုင်လိုက်နာ ကျင့်ကြံအားထုတ်ခြင်းဖြင့်သာလျှင် ဗိုလ်ချုပ်အပေါ် ချစ်ခင်လေးစား ယုံကြည်မှုကို ပြသသင့်သည်ဟု ရိုးရှင်းစွာ ရှုမြင်မိပါသည်။

ယနေ့မြန်မာ မျက်နှာစာ

ယနေ့အခါ မြန်မာနိုင်ငံသည် ဖြတ်သန်းခဲ့ရသော ခေတ်စနစ်အသီးသီး၏ သင်ခန်းစာများအရ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းမျှော်မှန်းခဲ့သော နိုင်ငံတော်သစ် တည်ဆောက်နိုင်ရေးအတွက် အမျိုးသားရေးတာဝန်အဖြစ် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေး သုံးပါးကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

လူထုရွေးချယ်မှုဖြင့် ပေါ်ပေါက်လာသည့် ဒီမိုကရေစီဖော်ဆောင်သော အစိုးရအနေဖြင့်လည်း ဒို့တာဝန်အရေးသုံးပါးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူကို ဗဟိုပြု၍ ပြည်သူ့အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မဖြစ်မနေလိုအပ်သည်က တည်ငြိမ်မှုနှင့် အေးချမ်းမှုတို့ဖြစ်ပါ၏။ **တိုင်းရင်းချစ်ကြည် တွဲလက်ညီ**စေရေးအတွက် နိုင်ငံတော်မှ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်ကို တိုင်းရင်းသားညီနောင်အချင်းချင်းအကြား အကျိုးမဲ့စွာဆုံးရှုံးမှုကို ဖြစ်စေမည့် နည်းလမ်းများကို ဖယ်ရှားပြီး ဆွေးနွေးတိုင်ပင် ညှိနှိုင်းခြင်းဖြင့်သာ လုပ်ဆောင်မည်ဟူသော ယုံကြည်ချက်၊ ခံယူချက်တို့ ထားရှိကာ ကြိုးပမ်းလုပ်ဆောင်လျက်ရှိရာ ဤခရီး နီး၊ မနီး မှာမူ နိုင်ငံတော်အစိုးရ၏ အပြုသဘောဆောင်ရွက်ချက်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီး၌ ပါဝင်ဆောင်ရွက်သူများ၏ ဖြစ်ချင်စိတ်ပြင်းပြမှုနှင့် မှန်ကန်သော စိတ်စေတနာတို့အပေါ်တွင်သာ မူတည်မည်ဖြစ်ပါသည်။

ပြည်သူတစ်ရပ်လုံးက လိုလားတောင့်တနေသည်က **"သားရွှေအိုးထမ်းလာသည်ကို ရှုမြင်ရသည့် ခံစားမှုမျိုး"** ဖြစ်ပါ၏။

ထို့ကြောင့် မဏ္ဍိုင်အသီးသီး၏ မှန်ကန်မျှတသော လုပ်ဆောင်မှုများကလည်း အထူးအရေးပါလှသည်ကို သတိပြုရန် အထူးလိုအပ်လှပါသည်။ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲတို့၏ မှိုင်းအောက်ဝယ် လူလားမြောက်စ ဒီမိုကရေစီ ခရီးလမ်းကို ခယောင်းလမ်းအသွင် မဖြစ်စေချင်ပါ။ မှန်ကန်သော ရှုမြင်မှု၊ ဖြောင့်မတ်သော လုပ်ဆောင်မှုများဖြင့် အင်တိုက်အားတိုက် အတူတကွ ပူးပေါင်းဆောင်ရွက်ရမည့် အချိန်ကာလများကို အကျိုးမဲ့စွာ ဆုံးရှုံးမသွားစေချင်ပါ။

ဆန္ဒတွေ မျှော်လင့်ချက်တွေ

ဩော် လက်ရှိအခြေအနေကို နိုင်ငံသားတစ်ဦးပီပီ မချင့်မရဲ ဖြစ်ရလေတိုင်း ယနေ့တိုင် အစားထိုးမရနိုင်သေးသည့် ကျွန်တော်တို့ဗိုလ်ချုပ်ကို သတိရမိပါသည်။ တစ်ဆက်တည်းပင် မျှော်လည်း မျှော်လင့်မိပါသည်။

လူအများက ကံမကောင်းသောဂဏန်းဟု သတ်မှတ်ထားကြသော်လည်း ထိုဂဏန်းဖြင့် မွေးဖွားလာပြီး မြန်မာ့လွတ်လပ်ပန်းကို ဆောင်ကြဉ်းပေးနိုင်ခဲ့သည့် ဗိုလ်ချုပ်၏လမ်းစဉ်နှင့် မှန်ကန်မြင့်မြတ်သော လုပ်ဆောင်ချက်များနည်းတူ အကောင်အထည်ဖော်နိုင်ပါစေဟုသာ ဆန္ဒပြုမိပါသည်။ ။

ပြည်တွင်းရေးရာ

၂၀၁၅ ခုနှစ်(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲဦးထိပ်ထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းမှုရရှိအောင် တိုင်းရင်းသားအားလုံးပါဝင်ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ထာဝစဉ်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး။
- ☆ ပြည်ထောင်စုအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်း တည်ဆောက်ရေး။

မြန်မာအပါအဝင် အာရှနိုင်ငံများမှ ပထမဦးဆုံးသော ကမ္ဘာ့ရေကြောင်းတက္ကသိုလ်ကျောင်းသားဟောင်းများညီလာခံ ရန်ကုန်မြို့၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများမှ ပထမဦးဆုံးသောကမ္ဘာ့ရေကြောင်းတက္ကသိုလ် ကျောင်းသားဟောင်းများညီလာခံကို ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်က ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပ ခဲ့သည်။

ပထမဦးဆုံးသောကမ္ဘာ့ရေကြောင်းတက္ကသိုလ် ကျောင်းသားဟောင်းများညီလာခံကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ကမ္ဘာ့ရေကြောင်းတက္ကသိုလ်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး အာရှနှင့် သမုဒ္ဒရာနှင့်ဆိုင်သောနယ်ပယ်အတွင်းရှိ နိုင်ငံများဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မောလ်ဒိုက်နိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကမ္ဘာ့ရေကြောင်းတက္ကသိုလ် ကျောင်းဆင်းများအား ရည်ရွယ်ကျင်းပပေးခြင်းဖြစ်သည်ဟု သိရသည်။

အဆိုပါ ညီလာခံတွင် ရေကြောင်းလုပ်ငန်းတိုးတက်ဖွံ့ဖြိုးမှုအတွက် အပြောင်းအလဲဖြစ်စေရန် အထောက်အကူဖြစ်သော ရေကြောင်းဘက်ဆိုင်ရာပညာရေးနှင့် လေ့ကျင့်ရေး အကြောင်းအရာကိုဦးတည်၍ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် တက်ရောက် အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO) ၏ အထွေထွေအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ၊ The Nippon Foundationမှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ရေကြောင်းတက္ကသိုလ်၏ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ အပြည်ပြည်ဆိုင်ရာ ရေကြောင်း

တက္ကသိုလ်များအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ၊ နိုင်ငံအသီးသီးရှိ ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ကမ္ဘာ့ရေကြောင်းတက္ကသိုလ်ကျောင်းဆင်းများက ကဏ္ဍအလိုက် ဟောပြောပွဲနှင့် ဆွေးနွေးပွဲများကျင်းပခဲ့သည်။

ကဏ္ဍအလိုက် ဟောပြောပွဲများ ဆောင်ရွက်ရာတွင် ရေကြောင်းဘက်ဆိုင်ရာပညာရေးနှင့် လေ့ကျင့်ရေးတွင် အရည်အသွေးတိုးတက်ကောင်းမွန်စေခြင်းအတွက်အားနည်းချက်၊လိုအပ်ချက်များအားစီမံခန့်ခွဲခြင်း၊ ရေကြောင်းလုပ်ငန်းတိုးတက်ဖြစ်ထွန်းမှုအတွက် ပညာရေးဖြင့် ခြယ်မှုန်းထားသင့်သော အကြောင်း၊ ရေကြောင်းဘက်ဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးအတွက် ပို၍အရေးပါသောအခွင့်အလမ်းသစ်များအကြောင်း ဟောပြောဆွေးနွေးကြမည်ဖြစ်သည်။

"ကျွန်မကမ္ဘာ့ရေကြောင်း တက္ကသိုလ်ကနေ ၂၀၀၈ ခုနှစ်မှာမာစတာပြီးပါတယ်။ အထူးပြုကတော့ Maritime Education and Training ပါ။ သင်ကြားခဲ့တဲ့ ပညာတွေအတွက် ကျွန်မတို့ ရေကြောင်းတက္ကသိုလ်အတွက် အများကြီးအထောက်အကူပြုပါတယ်။ အခုလိုညီလာခံကြီးကျင်းပတာအရမ်းကောင်းပါတယ်။ နောက်ထပ်လည်းရှိသင့်ပါတယ်။ဘာကြောင့်လဲဆိုတော့ တစ်ကမ္ဘာလုံးကလာတဲ့ ပညာရှင်တွေ၊ ပါမောက္ခတွေ ကျွန်မတို့ရဲ့ အတန်းဖော်တွေ၊ နယ်ပယ်ပေါင်းစုံမှာ တာဝန်ထမ်းဆောင်နေတဲ့အတွက် သူတို့ရဲ့ ဗဟုသုတနဲ့ အတွေ့အကြုံတွေ updateရတဲ့အတွက် အများကြီးအကျိုးရှိပါတယ်။ ကမ္ဘာ့ရေကြောင်းတက္ကသိုလ်နဲ့ နားလည်မှုစာချွန်လွှာ ရေးထိုးပြီးဖြစ်တဲ့အတွက်၊ ဒီမှာလည်း ရေကြောင်းတက္ကသိုလ်ရှိတဲ့အတွက် ပိုပြီးတော့ လက်ရှိနောက်ဆုံးသတင်းအချက်အလက်၊ ဗဟုသုတတွေ ရရှိနိုင်တဲ့အတွက် အကျိုးအများကြီးရှိပါတယ်။ ကျောင်းသားတွေအတွက်၊အနာဂတ်အတွက် အများကြီးကောင်းပါတယ်"ဟုကမ္ဘာ့ရေကြောင်းတက္ကသိုလ်ကျောင်းသူဟောင်းတစ်ဦးဖြစ်သူ ဒေါ်လှိုင်သီရိ (ပါမောက္ခ၊ ဌာနမှူး၊ ရေကြောင်းတက္ကသိုလ်၊ ရေကြောင်းလျှပ်စစ်နှင့် အင်ဂျင်နီယာဌာ)က အဆိုပါညီလာခံတွင် ပြောသည်။

ကမ္ဘာ့ရေကြောင်းတက္ကသိုလ် ကျောင်းသားဟောင်းများညီလာခံမှ ကျောင်းသားဟောင်းများအတွက် ရေကြောင်းဘက်ဆိုင်ရာပညာရေးနှင့် လေ့ကျင့်ရေးတွင် အသိပညာဖွံ့ဖြိုးတိုးတက်စေရေး၊ အတွေ့အကြုံဖလှယ်နိုင်ရေးနှင့် ကမ္ဘာ့ရေကြောင်းတက္ကသိုလ်ကျောင်းသားဟောင်းများကွန်ရက်အား ပိုမိုခိုင်မြဲလာစေရေးစသည့် ထူးခြားသောအခွင့်အရေးများအား ဖြည့်ဆည်းပေးနိုင်မည်ဟု သိရသည်။

(၀၀၁)

အနာဂတ်ဖန်တီးရှင်များသို့

☆ ပြည်ထောင်တစ်ခု၊ တည်ထောင်မှုတွက်
ပေါင်းစုချိတ်ဆက်၊ ပြည်သူ့လက်လျှင်
ပန္နက်အုတ်မြစ်၊ သန္ဓေစစ်တည့်။

☆ လက်တွဲဝန်းရံ၊ ညီညွတ်မှန်သော်
နိုင်ငံဖွံ့ဖြိုး၊ အလှတိုး၍
အမျိုးသိက္ခာ၊ ဂုဏ်ထည်ဝါလိမ့်။

☆ ခေါင်းဆောင်သည့်မင်း၊ ဖြောင့်မတ်ခြင်းနှင့်
ထိုးထွင်းမြော်မြင်၊ ခေတ်ကိုယှဉ်လျက်
ဆင်ခြင်သတိ၊ အစဉ်ရှိစွာ
ပြည်၏ ဂုဏ်သိန်၊ တိုးမြှင့်ချိန်၌
ကိုယ့်အိမ် ကိုယ့်ရာ၊ ပြည်မြန်မာတွက်
ကျရာဝန်ထမ်းရပေမည်။

☆ ဒို့တိုင်းရင်းသား၊ သွေးချင်းများ၏
အားများစုပေါင်း၊ ခွန်အားကောင်းစွာ
သောင်းသိန်းသန်းလက်၊ ခိုင်မြဲဆက်၍
လက်တွဲတူညီ၊ ရှေ့သို့ချီရင်း
နေခြည်အလှစ်၊ ရွှေပြည်သစ်ကို
ထုဆစ်ပုံဖော်ကြပါစို့။ ။

(ဇာတိမာန်ကဗျာများမှ ပြန်လည်ဖော်ပြပါသည်။)

(၆၈ နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုလျက်)

မျိုးမြတ်မြတ်မြင့်မောင်

ရှစ်တန်းသွားကောက်စိုက်စက်ဖြင့် မုံရွာမြို့နယ်တွင် နွေစပါးများသရုပ်ပြစိုက်ပျိုး

မုံရွာ ဇန်နဝါရီ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်းပြီး မြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူများ အချိန်ကုန်သက်သာခြင်း၊ လူအင်အား၊ ငွေအင်အားများလျှော့ချနိုင်ပြီး အချိန်မီစိုက်ပျိုးနိုင်သည့် ရှစ်တန်းသွားကောက်စိုက်စက်ဖြင့် နွေစပါး သရုပ်ပြစိုက်ပျိုးခြင်းကို မုံရွာမြို့နယ် ကျွဲရဲကျေးရွာမှ တောင်သူ ဒေါ်ချိုမာ၏ နွေစပါး ၁၀ ဧကစိုက်ခင်းတွင် ဇန်နဝါရီ ၃၀ ရက်က သရုပ်ပြစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ရှစ်တန်းသွားကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးခြင်းနှင့်ပတ်သက်ပြီး "စပါးစိုက်ပျိုးရာသီတွေဆို လုပ်သားအခက်အခဲရှိတယ်။ အဲဒီအခြေအနေကိုလည်းကျော်လွှားနိုင်တယ်။ လယ်တစ်ဧကကိုလူ ၁၀ ဦးနဲ့ စိုက်ရင် တစ်ရက်စိုက်ရတယ်။ စိုက်ခငွေကျပ် ၄၀၀၀၀ ကုန်မယ်။ ဒီကောက်စိုက်စက်နဲ့စိုက်ရင် သမန်းကောင်းတဲ့လယ်ဆိုရင် တစ်ရက်ကို လေးဧကစိုက်နိုင်တယ်။ တစ်ဧကကို ဒီဇယ်ဆီ တစ်ဂါလန်ပဲကုန်တယ်။ ကုန်ကျမှုလည်း အများကြီးသက်သာတယ်။ ကောက်ကွက်ပြည့်မီတယ်။ အပင်သက်တမ်းနုနုနဲ့စိုက်တာဆိုတော့ အပင်ပွားနှုန်းလည်းကောင်းတယ်။ စိုက်ပျိုးလိုသူတောင်သူများအနေနဲ့ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနနဲ့ ချိတ်ဆက်ပြီး ဈေးနှုန်းချိုသာစွာနဲ့ငှားရမ်းအသုံးပြုနိုင်သလို ဝယ်ယူလိုသည့်တောင်သူများအနေဖြင့်လည်း လွတ်လပ်စွာ ဝယ်ယူနိုင်ပါတယ်" ဟု မြို့နယ်စက်မှုလယ်ယာဦးစီးဌာနဦးစီးမှူး ဦးထွန်းနိုင်သန်းကပြောသည်။

အဆိုပါရှစ်တန်းသွားကောက်စိုက်စက်အား လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူပါက ငွေကျပ် သိန်း၂၀ ဖြစ်ပြီး အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူပါက စတင်ဝယ်ယူစဉ်ငွေကျပ် ခုနစ်သိန်းအားပေးသွင်းရမည်ဖြစ်ပြီး ပထမနှစ်ကုန်ပါက ငွေကျပ် ခုနစ်သိန်းအား ပေးသွင်းရမည်ဖြစ်ပြီး ဒုတိယနှစ်ကုန်ပါက နောက်ဆုံးငွေကျပ် ခုနစ်သိန်းအား ပေးသွင်းရမည်ဖြစ်ရာ အရစ်ကျစနစ်ဖြင့်ဝယ်ယူပါက နှစ်နှစ် သုံးရစ်ဖြင့်ငွေကျပ် ၂၁ သိန်း ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

(ဖိုးချမ်း-မုံရွာ)

ပြည်တွင်းရေးရာ

❍ ဒုတိယသမ္မတမှ

လိုအပ်ချက်များ ဖြည့်ဆည်းပေးထားမှု၊ ဇုန်အတွင်းလျှပ်စစ်ဓာတ်အား၊ သဘာဝဓာတ်ငွေ့နှင့် ရေအလုံအလောက်ရရှိစေရေး ဆောင်ရွက်ပေးထားမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် Rojana Industrial Park အတွင်းရှိ အသေးစား၊ အလတ်စား စက်ရုံများတည်ဆောက်ထားရှိမှုနှင့် စက်ရုံများသို့ ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါစက်မှုဇုန်ကို ၁၉၈၈ခုနှစ်တွင်စတင်တည်ထောင်ပြီး မြေဧက ၁၅၀၀၀ ကျယ်ဝန်းကာ အလုပ်သမားဦးရေ ၁၂၀၀၀၀ အလုပ်ပေးထားနိုင်ကြောင်း သိရသည်။ စက်မှုဇုန်တွင် ကားပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စက်ပစ္စည်းအမျိုးမျိုးနှင့် စားသောက်ကုန်များကိုလည်း ထုတ်လုပ်လျက်ရှိပြီး စက်မှုဇုန်အတွင်း လျှပ်စစ်မီး၊ ရေ၊ တယ်လီဖုန်းဆက်သွယ်ရေး၊ အိမ်ရာ၊ဘဏ်၊စားသောက်ဆိုင်များ၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ ထည့်သွင်းတည်ဆောက်ပေးထားကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် Panasonic Electric Works (Ayutthaya) Co., Ltd သို့ရောက်ရှိကြရာ ဒါရိုက်တာမစ္စတာ တာကူဂျီ ဆာဝါးဒါက စက်ရုံထုတ်ပစ္စည်းများထုတ်လုပ်ဖြန့်ဖြူးနေမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး စက်ရုံအတွင်း လျှပ်စစ်ပစ္စည်းများထုတ်လုပ်နေမှုကို လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် F & N Dairies(Thai Land)Co.,Ltd သို့ရောက်ရှိကြရာ ကုန်ထုတ်လုပ်ရေးဌာနမှူး မစ္စတာ ဝါဒါဒီပတ်ပီတက်က နို့အချောထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေမှုတို့ကို ရှင်းလင်းတင်ပြပြီး စက်ရုံအတွင်းလိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် KHAO C.P Co., Ltd ဆန်အရည်အသွေးမြင့်စက်ရုံသို့ရောက်ရှိကြရာ စက်ရုံဒုတိယဥက္ကဋ္ဌ မစ္စတာ ဆူရာချိုင်းချိုင်ချက်န စီတီကန်က အရည်အသွေးမြင့်ဆန်တင်ပို့ရောင်းချနိုင်ရန် အဆင့်ဆင့်ဆောင်ရွက်နေမှုများကိုရှင်းလင်းပြသပြီး စက်ရုံအတွင်း လိုက်လံရှင်းလင်းပြသသည်။

အဆိုပါအရည်အသွေးမြင့်ဆန်စက်ကို ၂၀၁၁ခုနှစ်က တည်ဆောက်ထားပြီး တစ်နှစ်လျှင် ဆန်တန်ချိန် တစ်သန်း ငါးသိန်းကျော် အရည်အသွေးမြင့်ပေးနိုင်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဒေသစံတော်ချိန် ည ၇ နာရီ မိနစ် ၂၀ တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိလေဆိပ်မှ မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အတူ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

အရည်အသွေးကျလာသော အထူးယာဉ်များကို ရိုးရိုးယာဉ်များအဖြစ်သာ ပြောင်းလဲသတ်မှတ်ပေးသင့်ဟုဆို

ရန်ကုန် ဇန်နဝါရီ ၃၁

ယခုနောက်ပိုင်းတွင် အထူးယာဉ်လိုင်းများရှိယာဉ်အချို့မှာ အထူးယာဉ်အင်္ဂါရပ်နှင့်ညီညွတ်ခြင်းမရှိတော့ဘဲ ယိုယွင်းလာလျက်ရှိရာ ယင်းကဲ့သို့သောယာဉ်များကို အထူးယာဉ်အဖြစ်မှပယ်ဖျက်၍ ရိုးရိုးယာဉ်များအတိုင်းသာ ပြောင်းလဲသတ်မှတ်ပြေးဆွဲရန် ကြပ်မတ်သင့်ကြောင်း ရန်ကုန်မြို့တွင်းသွားလာနေကြသော ခရီးသည်များထံမှ သိရသည်။

ရန်ကုန်မြို့တွင်းပြေးဆွဲနေသည့် အချို့သော အထူးယာဉ်များသည် ပုံသေ ၂၀၀ ကျပ်ကောက်ခံရုံသာမက အချို့မှာ ငွေ ၂၀၀ ကျပ်ဖြင့် ခရီးစဉ်နှစ်ပိုင်းဖြတ်ကာ ကောက်ခံခြင်းများရှိသလို ဂိတ်စ၊ ဂိတ်ဆုံး ၃၀၀ ကျပ် သတ်မှတ်ပြေးဆွဲနေလျက်ရှိသည်။ သို့ရာတွင် အရှေ့အနောက်ခုံချင်း ဒူးခေါင်းမလွတ်သော ထိုင်ခုံများအဖြစ်မှ ယခုအခါ အချို့သောယာဉ်များတွင် ထိုင်ခုံများဖြုတ်၍ ရပ်စီးခရီးသည်များစွာ တင်ဆောင်နိုင်ရန်လုပ်ဆောင်လာလျက်ရှိသည်။

“အထူးယာဉ်လို့သာပြောတာ ခုံတွေက ဒူးခေါင်းမလွတ်တဲ့ဟာတွေ၊ တစ်ချို့ဆိုရင် ထိုင်ခုံကို မြှင့်ထားတာ အောက်က ခြေထောက်နဲ့ ကြမ်းနဲ့လွတ်နေပြီး ဘရိတ်အုပ်လိုက်ရင် မပြုတ်ကျအောင် မနည်းကိုင်ထားရတဲ့ဟာမျိုးတွေ၊ တစ်ချို့ကျတော့လည်း ခုံအောက်က ဂက်စ်အိုးတွေကြောင့် ဒူးနဲ့မလွတ်ဘဲဆောင့်ကြောင့် ထိုင်စီးရတဲ့ဟာမျိုးတွေဖြစ်ကုန်ရော၊ ယာဉ်စီးခငွေကို တခြားသောရိုးရိုးယာဉ်တွေထက် ပိုပေးရပေမယ့် ဝန်ဆောင်မှုက ရိုးရိုးယာဉ်တွေလောက်တောင်မှ အဆင့်မမီတဲ့ အထူးယာဉ်တွေရှိလာတယ်” ဟု ခရီးသည်တစ်ဦးက ပြောကြားခဲ့သည်။

အထူးယာဉ်အဖြစ် အဆင့်မြင့်မြင့်ပြေးဆွဲနေသည့် အထူးယာဉ်များလည်းရှိသလို အရည်အသွေးမမီသော အထူးယာဉ်များကြောင့် ယာဉ်စီးခသာသာမန်ထက်ပိုပေးနေရသည့် အခြေအနေမျိုးဖြစ်နေကြောင်း၊ ထိုသို့သော အရည်အသွေးမမီသည့် အထူးယာဉ်များကို အထူးယာဉ်အဖြစ် သတ်မှတ်ချက်မှ ပယ်ဖျက်ကာ ရိုးရိုးယာဉ်များအဖြစ်သို့ ပြောင်းလဲသတ်မှတ်ရန် ခရီးသည်များက လိုလားလာလျက်ရှိသည်။

ထို့အပြင် ယခုနောက်ပိုင်းကာလ ရန်ကုန်မြို့တွင်း တိုးချဲ့ပြေးဆွဲခဲ့သော ယာဉ်လိုင်းများကိုလည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အထူးယာဉ်အဖြစ် ခွင့်ပြုခြင်းမရှိတော့သလို ရိုးရိုးယာဉ်လိုင်းအဖြစ်သာ ခရီးစဉ်တစ်ဖြတ်လျှင်ငွေ ၅၀ ကျပ်နှုန်းဖြင့် ပိုင်းဖြတ်ကောက်ခံ၍ ပြေးဆွဲရန် ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။ ထိုအရည်အသွေး မပြည့်မီသော အထူးယာဉ်များသည် ယခင်ကတည်းက အထူးယာဉ်လိုင်းအဖြစ် ခွင့်ပြုခဲ့စဉ်အခါက အထူးယာဉ်ပြေးဆွဲခွင့်ရသော ယာဉ်များလည်းဖြစ်ကြကြောင်း သိရသည်။

(၆၈၀)

အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

❖ ရန်ကုန်အသင်းမှ

ကစားမှုကြောင့် ရန်ကုန်အသင်းအခွင့်အရေးအနည်းငယ်ရခဲ့ပြီး ၄၁ မိနစ်တွင် ကျော်ကိုကိုက ဂိုးစတင်သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် ချင်းအသင်းက ချေပဂိုးပြန်လည်ရရှိရေးအတွက် ပြန်တင်လာပြီး ရန်ကုန်အသင်းဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ ချင်းအသင်း၏ ဂိုးသွင်းမှုအချို့ကို ရန်ကုန်ဂိုးသမား ကာကွယ်ခဲ့ပြီး ပေးဂိုးမရှိ စံချိန်ကိုဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။ ရန်ကုန်အသင်းအတွက် အနိုင်မသေချာမည့် ဒုတိယပိုင်းဂိုးကို ၈၆ မိနစ်တွင် ဆီဇာက သွင်းယူပေးခဲ့သည်။

တောင်ကြီးကွင်း

ကမ္ဘောဇ - သုံးဂိုး
(ဖိုလန်၊ ကျော်ဇေယျာဝင်းနှင့် စိုးမင်းဦး)
ရခိုင် - ဂိုးမရှိ

အောင်ဆန်းကွင်း

ဟံသာဝတီ-နှစ်ဂိုး
(ဂျော်ဂျီနှင့် ဒီဂျော်ဂျီ)
နေပြည်တော်-နှစ်ဂိုး
(ဂျူနီယာနှင့် အောင်မြင့်ထွန်း)

ယနေ့ပွဲ

(မုံရွာကွင်း) ဇေယျာရွှေမြေ-ဧရာဝတီ
(အောင်ဆန်းကွင်း) ဇွဲကပင်-မကွေး

မြန်မာယူ-၂၀ အသင်း ရှက်တာဒိုးနက်လူငယ်အသင်းကို ဂိုးပြတ်အနိုင်ရရှိ

တူရကီနိုင်ငံတွင် ခြေစမ်းပွဲများသွားရောက်ကစားနေသည့် မြန်မာယူ-၂၀ အသင်းသည် ဇန်နဝါရီ ၃၀ ရက်က ယူကရိန်းကလပ် ရှက်တာဒိုးနက် ယူ-၂၁ အသင်းနှင့် ထပ်မံခြေစမ်းကစားခဲ့ရာ လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

မြန်မာယူ-၂၀ အသင်းမှာ မူလက ခြေစမ်းပွဲငါးပွဲသာကစားရန် စီစဉ်ခဲ့သော်လည်း ယခုပွဲကို ထပ်မံကစားခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ လူစုံအသုံးပြုခဲ့ပြီး ၁၃ မိနစ်တွင် နန္ဒကျော်က ပင်နယ်တီမှ တစ်ဆင့် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာယူ-၂၀ အသင်း ကစားပုံပိုကောင်းခဲ့ပြီး ၃၅ မိနစ်တွင် နန္ဒကျော်က အဝေးကန်ချက်ဖြင့် ဒုတိယဂိုး၊ ၆၃ မိနစ်တွင် သန်းပိုင်က တတိယဂိုး၊ ၈၆ မိနစ်တွင် အောင်သူက စတုတ္ထဂိုးတို့ကို သွင်းယူခဲ့သည်။ ရှက်တာဒိုးနက်ယူ-၂၁ အသင်းမှာ ယူကရိန်းယူ -၂၁ လိဂ်၏ ထိပ်တန်းအသင်းတစ်သင်းလည်းဖြစ်သည်။

မြန်မာယူ-၂၀ အသင်းမှာ တူရကီခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲခြောက်ပွဲကစားခဲ့ရာ လေးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ရလဒ်ကောင်းများရရှိခဲ့သည်။ မြန်မာယူ-၂၀ အသင်းသည် ဖေဖော်ဝါရီ ၁ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာလာမည်ဖြစ်သည်။

(ဖိုးသော်ဇင်)

နေပြည်တော် အမျိုးသမီးလူငယ်လက်ရွေးစင်အသင်းနှင့် တပ်ကုန်းမြို့နယ် အမျိုးသားသက်ကြီးအသင်းတို့ ခြေစမ်းပွဲယှဉ်ပြိုင်

တပ်ကုန်း ဇန်နဝါရီ ၃၁

နေပြည်တော် တပ်ကုန်းမြို့တွင် တပ်ကုန်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အား/ကာကော်မတီတို့မှ ကြီးမှူးကျင်းပသော ဘောလုံးပြိုင်ပွဲ ခြေစမ်းပွဲ ပွဲစဉ်ကို တပ်ကုန်းမြို့နယ်အားကစားကွင်း၌ ဇန်နဝါရီ ၃၁ ရက် ညနေ ၃ နာရီခွဲတွင် နေပြည်တော် အမျိုးသမီးလူငယ်လက်ရွေးစင်အသင်းနှင့် တပ်ကုန်းမြို့နယ် အမျိုးသားသက်ကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် နေပြည်တော် လူငယ်လက်ရွေးစင်အမျိုးသမီးအသင်းမှ နည်းပြ Mr.Chalor က တပ်ကုန်းမြို့နယ် အမျိုးသားသက်ကြီးဘောလုံးအသင်းကို ဘောလုံးလက်ဆောင်ပေးအပ်ကာ တပ်ကုန်းမြို့နယ်ဘောလုံး တာဝန်ခံ ဦးကျော်ဦးလွင်က လက်ခံရယူခဲ့ပြီး တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဥက္ကဋ္ဌ ဦးကံစောလှိုင်က ဂုဏ်ပြုသစ်သီးခြင်း ပြန်လည်ပေးအပ်ကာ နေပြည်တော် အမျိုးသမီးအသင်းနည်းပြ ဦးကျော်ကျော်က လက်ခံရယူခဲ့ကြောင်း သိရသည်။

ထို့နောက် ပြိုင်ပွဲယှဉ်ပြိုင်မည့် နှစ်ဖက်အသင်းမှ အားကစားသမားများကို နေပြည်တော်ကောင်စီနယ်မြေ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်တို့မှ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ပြိုင်ပွဲတွင် တပ်ကုန်းမြို့နယ် အမျိုးသားသက်ကြီးအသင်းက နေပြည်တော် အမျိုးသမီးလူငယ်လက်ရွေးစင်အသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး တပ်ကုန်းမြို့နယ်မှ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ဘောလုံးဝါသနာရှင်ပရိသတ်များ ကွင်းလုံးပြည့် လာရောက်အားပေးခဲ့ကြောင်း သိရသည်။

ဇင်ဘို(ကြေးမုံ)

❒ ကျောဖုံးမှ

“ဇန်နဝါရီ ၃၁ ရက်နေ့မှာ မန္တလေးမြို့ဝန်းကျင်မှာရှိတဲ့ ရှေးဟောင်းယဉ်ကျေးမှုဒေသတွေကိုသွားရောက်လည်ပတ်မှာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၁ ရက်မှာမန္တလေးမြို့ကနေ ပြန်လည်ထွက်ခွာပြီး ကလော၊ ညောင်ရွှေ၊ အင်းလေး၊ နေပြည်တော်၊ ရန်ကုန်၊ ကျိုက်ထို၊ မော်လမြိုင်၊ ဘားအံ၊ မြဝတီမြို့တွေကို လည်ပတ်ပြီးတာနဲ့ ဖေဖော်ဝါရီ ၁၂ ရက်နေ့မှာ မဲဆောက်မြို့ကနေတစ်ဆင့် ထိုင်းနိုင်ငံကို ထွက်ခွာမှာပါ။ ရောက်ရှိတဲ့ ခရီးစဉ်တိုင်းမှာ သက်ဆိုင်ရာတာဝန်ရှိသူတွေက ကူညီပေးခဲ့တဲ့အတွက် အဆင်ပြေပါတယ်”ဟု အဆိုပါခရီးစဉ်ကို လမ်းညွှန်ဦးဆောင်ခဲ့သော ခရီးစဉ်မန်နေဂျာ ဦးဇင်ဝင်းဌေးက ပြောသည်။ ကမ္ဘာလှည့်ခရီးသွားယာဉ်တန်းအဖွဲ့တွင် ဂျာမနီ၊ ပြင်သစ်၊ နယ်သာလန်၊ ဆွစ်ဇာလန်၊ အက်စတိုးနီးယားနိုင်ငံသားများပါဝင်ပြီး ဂျာမနီနိုင်ငံမှ အာမေးနီးယား၊ ပါကစ္စတန်၊ နီပေါ၊ အိန္ဒိယ၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ၊ တရုတ်စသည့် နိုင်ငံများသို့ ဖြတ်သန်းပြီး ဂျော်ဒန်နိုင်ငံတွင် ခရီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းဧရိယာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တတိယအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီ အစည်းအဝေးနှင့်ပတ်သက်၍ မြန်မာ-ထိုင်းနှစ်နိုင်ငံ ပူးတွဲသတင်းထုတ်ပြန်ချက်

ဗန်ကောက် ဇန်နဝါရီ ၃၁

၁။ ထားဝယ်အထူးစီးပွားရေးဇုန်ဆိုင်ရာ တတိယအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီအစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်နေ့၌ ကျင်းပခဲ့ပါသည်။

၂။ အစည်းအဝေးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် အမ်အာရ် ပရီဒီယသွန်း ဒီဗကုလတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဦးဆောင်ကျင်းပခဲ့ပါသည်။

၃။ အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီးအတွင်းတည်ရှိသော ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားရန် နှစ်နိုင်ငံလုံးက ကတိကဝတ်ပြုခဲ့ကြပါသည်။ မြန်မာနိုင်ငံနှင့် ဒေသတစ်ခုလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို စဉ်ဆက်မပြတ် မြှင့်တင်ပေးရန် ရည်ရွယ်ထားသည့် စုစုပေါင်း ၁၉၆ စတုရန်းကီလိုမီတာ အကျယ်အဝန်းရှိသော ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းသည် မဟာဗျူဟာကျသည့် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတစ်ရပ်ဖြစ်ပါသည်။

၄။ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် နှစ်နိုင်ငံအကြား ခိုင်မာသော ဆက်ဆံရေးအတွက် ကတိကဝတ်ပြုမှုကိုပြသသည့်အနေဖြင့် ထိုင်းဒုတိယဝန်ကြီးချုပ် အမ်အာရ်ပရီဒီယသွန်း ဒီဗကုလက "ထိုင်းနှင့် မြန်မာအကြား နှစ်နိုင်ငံ ဆက်ဆံရေးသည် လက်ရှိကာလတွင် အကောင်းဆုံးအခြေအနေသို့ ရောက်ရှိနေကြောင်း၊ ထားဝယ် အထူးစီးပွားရေးဇုန်စီမံကိန်း၏ ပမာဏအရွယ်အစားနှင့် စီးပွားရေးဝိသေသတို့ကြောင့် ၎င်းစီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော်မှုသည် မိမိတို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို အဆင့်သစ်တစ်ခုသို့ မြှင့်တင်ပေးမည်ဖြစ်ပြီး ၎င်းရလဒ်သည် မိမိတို့ နှစ်နိုင်ငံအတွက်သာမက ဒေသတစ်ခုလုံးအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

၅။ တတိယအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီ အစည်းအဝေး၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် မြန်မာ-ထိုင်း ဂျပန်သုံးနိုင်ငံအစည်းအဝေးတစ်ရပ်ကိုလည်း ကျင်းပခဲ့ပါသည်။ ယင်းအစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေးဇုန်ထူထောင်ရေးအတွက် ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီများပေးအပ်ရန် ဂျပန်နိုင်ငံက ကမ်းလှမ်းခဲ့ပါသည်။

၆။ ကာလတို အလုပ်အကိုင်ဖန်တီးပေးခြင်း၊ ဒေသခံပြည်သူများထံ စီမံကိန်း၏ အကျိုးကျေးဇူးများကို အသိပေးခြင်းနှင့် ထားဝယ်အထူးစီးပွားရေးဇုန် စတင်အကောင်အထည်ဖော်ခြင်းစသည့် ကနဦးအဆင့် လုပ်ငန်းများကို ဦးစွာဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကနဦးအဆင့်တွင် ၂၀၁၅ ခုနှစ်အတွင်း ဆောက်လုပ်ရေးလုပ်ငန်းများကို စတင်ရန် မျှော်မှန်းထားပြီး ၂၇ စတုရန်းကီလိုမီတာအထိ အကျယ်အဝန်းရှိမည့် စက်မှုကုန်ထုတ်လုပ်မှု ရပ်ကွက်၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ထိုင်းနိုင်ငံအကြား နှစ်လမ်းသွား ကားလမ်း၊ အလုပ်သမားများနေထိုင်ရန် မြို့နယ်၊ LNG ဓာတ်ငွေ့တင်ပို့ရေး ဆိပ်ကမ်း၊ မြေပြင် တယ်လီဖုန်း ဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဆိပ်ကမ်းငယ်နှင့် ရေလှောင်ဆည်တို့ ပါဝင်မည်ဖြစ်ပါသည်။

၇။ အဆိုပါကနဦးအဆင့်လုပ်ငန်းများ အကောင်အထည်ဖော်ရေးအတွက် သက်သာခွင့်ပေးရေး သဘောတူညီချက်များ (concession agreements)နှင့် ပတ်သက်၍ ထိုင်းလုပ်ငန်းစုတစ်ခုနှင့် လောလောဆယ်တွင် သီးခြားဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိပါသည်။

၈။ တစ်ပြိုင်နက်တည်းတွင် ထားဝယ်အထူးစီးပွားရေးဇုန်အတွက် ကာလရှည် မဟာစီမံကိန်းတစ်ရပ်ကိုလည်း ထိုင်းနိုင်ငံမှ အိမ်နီးချင်းနိုင်ငံများ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Neighbouring Countries Economic Development Cooperation Agency)၏ ကူညီပံ့ပိုးမှုဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည်။ အဆိုပါ ကာလရှည် မဟာစီမံကိန်းသည် ကနဦးအဆင့်လုပ်ငန်းများ အကောင်အထည်ဖော်မှုနှင့် လိုက်လျောညီထွေဖြစ်ကာ ယင်းစီမံကိန်းတွင် ပင်လယ်ရေနက်ဆိပ်ကမ်းတစ်ခုနှင့် ထားဝယ်အထူးစီးပွားရေးဇုန်အား ထိုင်းနိုင်ငံနှင့်ဆက်သွယ်မည့် အဝေးပြေးကားလမ်းဖောက်လုပ်ခြင်းစသည့် အခြေခံအဆောက်အအုံစီမံကိန်းများ ပါဝင်ပါသည်။ ယင်းမဟာစီမံကိန်းသည် ဆောင်ရွက်ဆဲ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကိုလည်း မြှင့်တင်သွားမည်ဖြစ်ပါသည်။

၉။ ထားဝယ်အထူးစီးပွားရေးဇုန် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် ထားဝယ်အထူးစီးပွားရေးဇုန်အား မြန်မာ-ထိုင်းနယ်စပ်နှင့် ဆက်သွယ်ပေးမည့် နှစ်လမ်းသွားကားလမ်းအတွက် ထိုင်းအစိုးရသည် မြန်မာနိုင်ငံသို့ ဘဏ္ဍာငွေအကူအညီပေးရန် ကမ်းလှမ်းမည်ဖြစ်ပါသည်။ ၎င်းကားလမ်းသည် မြန်မာနိုင်ငံအပိုင်းရှိ တောင်ဘက်စီးပွားရေးစင်္ကြံကို ပြီးပြည့်စုံစေခြင်းဖြင့် ဒေသတွင်းဆက်နွယ်ဆက်စပ်မှုကို တိုးမြှင့်ပေးမည်သာမက အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများ၏ ထားဝယ်အထူးစီးပွားရေးဇုန်အပေါ် ယုံကြည်စိတ်ချမှုကိုလည်း မြှင့်တင်ပေးမည်ဖြစ်ပါသည်။ အဆိုပါအကူအညီမျိုး ရရှိနိုင်ရေးအတွက် ဂျပန်နိုင်ငံအား ဘဏ္ဍာငွေပံ့ပိုးကူညီသူတစ်ဦးအနေဖြင့် ထည့်သွင်းနိုင်မည့်ဖြစ်နိုင်ခြေကို ဆက်လက်ရှာဖွေသွားရန် နှစ်နိုင်ငံစလုံးက သဘောတူညီခဲ့ကြပါသည်။

၁၀။ မြန်မာနှင့် ထိုင်းနှစ်နိုင်ငံ အစိုးရတို့သည် ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးအတွက် ကတိကဝတ်ပြုကြောင်းနှင့် စီမံကိန်းအား အပြည့်အဝထောက်ခံကြောင်း ဖော်ပြခဲ့ကြပါသည်။ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက "ထားဝယ်အထူးစီးပွားရေးဇုန်သည် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သည့် အကောင်းဆုံးဆောင်ရွက်မှု စံချိန်စံညွှန်းနှင့် အညီဖြစ်စေကာ အလုပ်အကိုင်များနှင့် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးရင်း မြန်မာနှင့် အာဆီယံဒေသတစ်ခုလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို သိသာစွာ မြှင့်တင်ပေးမည်ဖြစ်ပြီး ဒေသတွင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း" နိဂုံးချုပ်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့ပါသည်။

ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် ပိတောက်(၁)လမ်း၊ မြတ်လေးလမ်းနှင့် သစ္စာ(၃)လမ်း ကတ္တရာလမ်းသစ်များဖွင့်

နေပြည်တော် ဇန်နဝါရီ ၃၁

နေပြည်တော် ကောင်စီနယ်မြေဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် ပိတောက်(၁)လမ်း၊ မြတ်လေးလမ်းနှင့် သစ္စာ(၃)လမ်း ကတ္တရာလမ်းသစ်များ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါလမ်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေးနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် ပိတောက်(၁)လမ်း၊ မြတ်လေးလမ်းနှင့် သစ္စာ(၃)လမ်း ကတ္တရာလမ်းသစ်များအား နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေးနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဦးကျော်မြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကတ္တရာလမ်းသစ်အား ဖြတ်သန်းကြည့်ရှုကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်နှင့် တာဝန်ရှိသူများသည် အောင်ဇမ္ဗူရပ်ကွက် (ညောင်ပင်ဝိုင်း) အတွင်း ကတ္တရာလမ်းသစ် ခင်းကျင်းထားရှိမှုနှင့် အောင်ဇမ္ဗူရပ်ကွက်ဈေးအတွင်း ရောင်းဝယ်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ဈေးသူဈေးသားများအနေဖြင့် စနစ်တကျ ရောင်းဝယ်ဖောက်ကားပြုလုပ်နိုင်သည့်ဈေးသစ်တစ်ခု တည်ဆောက်ပေးနိုင်ရေးအတွက် ဈေးသစ်ဆောက်လုပ်မည့်မြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယနေ့ဖွင့်လှစ်သည့် သပြေကုန်းရပ်ကွက် ပိတောက်(၁)လမ်း၊ မြတ်လေးလမ်းနှင့် သစ္စာ(၃)လမ်း ကတ္တရာလမ်းသစ်များစုစုပေါင်း အရှည်ပေ ၃၆၀၀ ဖြစ်ကာ အကျယ် ၁၂ ပေရှိ ကတ္တရာလမ်းသစ်ဖြစ်ပြီး ယခင်က မြေသားလမ်းများဖြစ်ခဲ့ပြီး ယခုအခါ ဒေသခံပြည်သူများ သွားလာမှုလွယ်ကူအဆင်ပြေစေရန်အတွက် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ကတ္တရာလမ်းသစ် ဖောက်လုပ်ပေးခြင်းအတွက် ပြည်သူများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

လမ်းလျှောက်ဆန္ဒဖော်ထုတ်သည့် ကျောင်းသားအဖွဲ့ ချောက်မြို့နယ်အတွင်းသို့ရောက်ရှိ

ချောက် ဇန်နဝါရီ ၃၁

အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍ လမ်းလျှောက်ဆန္ဒဖော်ထုတ်လျက်ရှိသော ကျောင်းသားအဖွဲ့သည် ကျောက်ပန်းတောင်းမြို့တွင် ခေတ္တရပ်နားလျက်ရှိရာမှ ယနေ့နံနက် ၉ နာရီတွင် ချောက်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြရာ မိုင်တိုင် (၃၉၁/၂)တွင် ချောက်မြို့နယ်မှ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက ဥပဒေနှင့်အညီ ဆောင်ရွက်ရန် တွေ့ဆုံညှိနှိုင်းပြောကြားခဲ့သော်လည်း ရပ်နားခြင်းမရှိဘဲ ဆက်လက်ထွက်ခွာခဲ့ကြသည်။

အဆိုပါအဖွဲ့တွင် သံဃာအချို့နှင့် ဒေသခံအချို့အပါအဝင် အင်အား ၁၀၀ ခန့်ရှိကြောင်း၊ ည ၇ နာရီခန့်က ချောက်မြို့နယ် ထန်းခြောက်ပင်ကျေးရွာ ဘုန်းကြီးကျောင်းသို့ ရောက်ရှိရပ်နားခဲ့ကြောင်း သိရသည်။

(ဝ၄ဝ)

❖ စာမျက်နှာ ၅ မှ

ပါမောက္ခဒေါက်တာသက်နိုင် ရှုပဗေဒဌာန စစ်ကိုင်းတက္ကသိုလ်

ဒီတစ်နှစ်တော့ အာစရိယပူဇော်ပွဲပြီးရင် ညစာစားပွဲကိုသစ်ပုပ်ပင်အောက်မှာ လုပ်ရင်ကောင်းမယ်လို့ အဆိုပြုတယ်။ ဆရာကန်တော့ပွဲကော်မတီဖွဲ့ပြီး အကောင်အထည်ဖော်ဖြစ်အောင် ကြိုးစားတာပါ။ အားလုံးကလည်း ဝိုင်းပြီးကူညီကြတယ်။ သက်ဆိုင်ရာကျောင်းအဖွဲ့အစည်းကလည်း ဝမ်းပန်းတသာနဲ့ကြိုဆိုပြီး ခွင့်ပြုပေးကြတယ်။ ကျွန်တော်တို့ ကျောင်းသား ကျောင်းသူ ကိုယ်စားလှယ်အဖွဲ့တွေ အားလုံးဝိုင်းပြီး အောင်မြင်အောင်ကြိုးစားတဲ့အတွက် အခုလိုမြင်ရတဲ့အတိုင်း ပျော်ပျော်ရွှင်ရွှင် ခမ်းခမ်းနားနားနဲ့ ကျင်းပဖြစ်တာပါ။ ရန်ကုန်တက္ကသိုလ်နှစ်(၁၀၀)ပွဲကျလို့ရှိရင်လည်း ဘယ်လိုဆင်နွှဲကြမယ်ဆိုတဲ့ ကြိုတင်လေ့ကျင့်တဲ့သဘောလည်းပါပါတယ်။

တက္ကသိုလ်ရဲ့ အငွေ့အသက်ကို တက္ကသိုလ်နဲ့ဝေးနေတဲ့ သူငယ်ချင်းဟောင်းတွေ ပြန်ခံစားရစေဖို့ အတွေးနဲ့ လုပ်ကြတာလည်းဖြစ်ပါတယ်။ ဒီနှစ်မှာ အရင်နှစ်တွေကထက်စာရင် ကျောင်းသား ကျောင်းသူဟောင်းတွေ ပိုများများလာကြတဲ့အတွက် ကွဲကွာနေတဲ့ သူငယ်ချင်းဟောင်းတွေကို ပြန်တွေ့ရတယ်။ ဆရာကန်တော့ပွဲတွေကိုလည်း စဉ်ဆက်မပြတ်လုပ်နိုင်အောင် ကြိုးစားမယ်ဆိုတဲ့အတွေးတွေ အားလုံးမှာရှိလာကြပြီးတော့ နောက်နှစ်တွေလည်း အောင်မြင်အောင် ကြိုးစားကြမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ရေရှည်ကိုတွေးပြီးတော့ အရမ်းကို ပျော်ရွှင်အားတက်မိပါတယ်။ အခုလို သစ်ပုပ်ပင်အောက်မှာလည်း ညစာစားပွဲကျင်းပတဲ့အတွက် အရမ်းကိုလည်း ပျော်ရွှင်မိပါတယ်။ အရမ်းကိုလည်း ဂုဏ်ယူမိပါတယ်။

ဒေါက်တာကိုကိုဦး ပြည်ထောင်စုဝန်ကြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

ကျွန်တော်ငယ်ငယ်ကတည်းက ဒီသစ်ပုပ်ပင်မှာ ပွဲလေးတွေလုပ်ရရင်ကောင်းမှာပဲလို့ စိတ်ကူးတာပေါ့။ ဒါပေမယ့် အထမမြောက်ခဲ့ဘူး။ အခု အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီက ကြိုးစားပြီးတော့ သက်ဆိုင်ရာ ပါမောက္ခချုပ်၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်နဲ့ ပညာရေးဝန်ကြီးဌာနက ဒါတွေခွင့်ပြုလိုက်တဲ့အတွက် ဒီပွဲလေးဟာဖြစ်လာတာပေါ့။ ကျွန်တော်ငယ်ငယ်တုန်းက ရှိလာတဲ့ဆန္ဒ တကယ်ဖြစ်မြောက်သွားတာပါ။ သစ်ပုပ်ပင်အရှေ့မှာ ဒီနေ့လုပ်ဖြစ်သွားတဲ့အတွက်ကြောင့်လည်း ဒါဟာ အထိမ်းအမှတ်တစ်ခုအနေနဲ့ တက္ကသိုလ်ရဲ့ အရေးကြီးတဲ့ ပညာသင်ကြားပေးလာတဲ့ ဆရာ ဆရာမတွေနဲ့ တပည့်တွေနဲ့ ကန်တော့တဲ့ တွေ့ဆုံတဲ့ ညစာစားပွဲ ဒီသစ်ပုပ်ပင်အောက်မှာ ဆိုတော့ ပိုပြီးတော့ အဓိပ္ပာယ်လည်း ရှိတာပေါ့။ ကျွန်တော်တို့လည်း နှစ်ပေါင်းများစွာ ဒီမှာ တာဝန်ထမ်းဆောင်တာ ပြောမယ်ဆိုရင်တော့ ဒီလမ်းကို လျှောက်လာတာ (၁၇)နှစ်ပေါ့လေ၊ ဌာနမပြောင်းခင်အထိပေါ့။ ဒါ့ကြောင့် ဒီလိုနေရာမျိုးမှာ ဒီလိုအဓိပ္ပာယ်ရှိတဲ့ အရေးကြီးတဲ့ပွဲတစ်ခုကို စတင်ပြီးတော့ ပြန်လည်လုပ်နိုင်တဲ့အတွက် အရမ်းဝမ်းသာပါတယ်။ စိတ်လည်း ချမ်းသာပါတယ်။

မလင်းလက်မင်းလှိုင် ရန်ကုန်တက္ကသိုလ် ရူပဗေဒဘာသာထူးချွန် ဒုတိယနှစ်ကျောင်းသူ

ဒီကျောင်းမှာတက်ဖို့ဆိုတာကလည်း လူနည်းနည်းပဲရွေးတာ။ ပညာတွေကြိုးစားခဲ့တဲ့အတွက် ဒီကျောင်းမှာ တက်ခွင့်ရတယ်။ အခုသစ်ပုပ်ပင်အောက်မှာ ပထမဦးဆုံးအကြိမ် ညစာစားပွဲပြုလုပ်တဲ့အတွက် အလွန်ပျော်ရွှင်မိပါတယ်။ ဂုဏ်လည်းယူမိပါတယ်ရှင့်။ သစ်ပုပ်ပင်ဆိုတာကလည်း ကျောင်းရဲ့သမိုင်းဝင်နေရာဖြစ်တယ်။ နောင်နှစ် နောင်နှစ်တွေလည်း ဒီလိုမျိုးဆက်လုပ်နိုင်မယ်လို့ မျှော်လင့်မိပါတယ်။

မြေအမျိုးအစားအလိုက် ပြည်သူလူထု၏ ပိုင်ဆိုင်ခွင့်၊ ရပိုင်ခွင့်များကို ဥပဒေကြောင်းအရ အခိုင်အမာကာကွယ်ပေးရမည်

သတင်းနှင့်ဓာတ်ပုံ
နိုင်လင်းကြည်(ကြေးမုံ)၊ ကိုမင်း(ကြေးမုံ)

မြေအရင်းအမြစ်စီမံခန့်ခွဲရာတွင် စီးပွားရေး၊ နိုင်ငံရေး၊ ဥပဒေရေးရာနှင့် လူမှုရေးဆိုင်ရာ ရှုထောင့်စုံမှ သုံးသပ်ပြီး မှန်ကန်ပြည့်စုံသည့်မူဝါဒ၊ ခိုင်မာသည့်ဥပဒေမူဘောင်နှင့် စွမ်းရည်ရှိသော မြေစီမံအုပ်ချုပ်ရေးစနစ်များကို ချမှတ်ကျင့်သုံးအကောင်အထည်ဖော်ရန် အလွန်အရေးကြီးပါသည်။

ထို့ကြောင့် မြေမူဝါဒကို မျှမျှတတခွဲဝေခံစားမှု၊ မြေပိုင်ဆိုင်လုပ်ကိုင်ခွင့် လုံခြုံစိတ်ချ အာမခံနိုင်မှု၊ ရင်းနှီးမြှုပ်နှံမှုများအတွက် ထုတ်လုပ်နိုင်စွမ်းရှိမှု၊ ရေရှည်တည်တံ့ခိုင်မြဲသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်မှု၊ အမျိုးသားရေး လက္ခဏာ မပျောက်ပျက်ရေး၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများထိန်းသိမ်းနိုင်မှု စသည့်ကောင်းမွန်သော ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပြည်သူများလူမှုဘဝလုံခြုံရေးအတွက် အာမခံချက်ရှိသည့် မြေအသုံးချမှုမူဝါဒ ပြဋ္ဌာန်းနိုင်ရေးအတွက်ဆောင်ရွက်လျက်ရှိရာပြည်သူလူထုအား လက်ရှိအဆင့်ဆင့်ရေးဆွဲထားသည့်မူကြမ်းကို ချပြဆွေးနွေးပြီး အကြံပြုချက်များအပေါ် မူဝါဒ (မူကြမ်း)ကို ကျစ်လျစ်ခိုင်မာစေရန် ပြင်ဆင်ရေးသား ပြုစုသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် မြေအသုံးချမှုမူဝါဒ (မူကြမ်း)နှင့် စပ်လျဉ်းသည်များကို ဇန်နဝါရီ ၃၁ ရက်တွင် သဘာဝပတ်ဝန်းကျင်နှင့် သစ်တောရေးရာ ဝန်ကြီးဌာန အင်ကြင်းခန်းမ၌ ကျင်းပခဲ့သည့် အမျိုးသားမြေအသုံးချမှုမူဝါဒ (မူကြမ်း)အပေါ်ဆွေးနွေးသည့် ပထမအကြိမ်ကျွမ်းကျင်သူများ စားပွဲဝိုင်းဆွေးနွေးပွဲတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်အား မေးမြန်းဖြစ်ခဲ့သည်။

ဒေါက်တာညီညီကျော်(ညွှန်ကြားရေးမှူးချုပ်၊သစ်တောဦးစီးဌာန)

အမျိုးသားမြေအသုံးချမှု မူဝါဒ (မူကြမ်း)နဲ့ပတ်သက်ပြီးတော့ ကျွမ်းကျင်သူများစားပွဲဝိုင်း ဆွေးနွေးရခြင်းရည်ရွယ်ချက်ကတော့ အမျိုးသားမြေအသုံးချမှု မူဝါဒကို နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်ချက်နဲ့ ရေးဆွဲပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ မြို့ပေါင်း ၁၇ မြို့မှာရှိတဲ့ ပြည်သူလူထုကို ဥပဒေမူကြမ်းအချက်အလက်တွေကို ရှင်းလင်းတင်ပြခဲ့ပါတယ်။ ရှင်းလင်းတင်ပြချက်များအပေါ် မူတည်ပြီးရရှိခဲ့တဲ့အကြံပြုချက်တွေကို ကျွမ်းကျင်သူတွေကို ဖိတ်ကြားပြီးတော့ ဒီအစည်းအဝေးမှာ တင်ပြတာဖြစ်ပါတယ်။ ထပ်မံပြီးတော့ ဖြည့်စွက်ဖို့ရှိရင်လည်း ဖြည့်စွက်လို့ ရအောင် ဒီနေ့ ဆွေးနွေးပွဲကို ကျင်းပရတာပါ။ ဆက်လက်ပြီးတော့လည်း ဒုတိယအကြိမ် ဆွေးနွေးပွဲကို ကျင်းပသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရေးဆွဲထားတဲ့ မူကြမ်းကို ထပ်မံပြုစုရေးဆွဲပြီးတော့ ဖေဖော်ဝါရီ လကုန်ပိုင်းလောက်မှာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြီး အမျိုးသားမြေအသုံးချမှု မူကြမ်းကို ရှင်းပြသွားမှာဖြစ်ပါတယ်။ ဒါမှလည်း အများပြည်သူ သဘောတူတဲ့မူဝါဒမူကြမ်းတစ်ခုဖြစ်လာမှာဖြစ်ပါတယ်။ အဖွဲ့အစည်းအသီးသီး၊ လယ်သမားအားလုံး ပူးပေါင်းပါဝင်ဖို့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

"အမျိုးသားမြေအသုံးချမှု မူဝါဒ ရေးဆွဲရေးမှာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မြေအသုံးချမှုနဲ့ ပတ်သက်ပြီးတော့ ဝန်ကြီးဌာန အသီးသီး၊ အဖွဲ့အစည်းအသီးသီးကနေ တာဝန်ယူစီမံခန့်ခွဲရတဲ့ မြေအမျိုအစားအပေါ် မူတည်ပြီးတော့ ဥပဒေတွေ လုပ်ထုံးလုပ်နည်းတွေရှိပါတယ်။ အဓိကကျတဲ့ အမျိုးသားအဆင့်မြေအသုံးချမှုမူဝါဒ ကျွန်တော်တို့နိုင်ငံမှာ မရှိခဲ့ပါဘူး။ ဥပဒေအမျိုးမျိုး၊ လုပ်ထုံးလုပ်နည်း အမျိုးမျိုး၊ စီမံခန့်ခွဲမှုအမျိုးမျိုးနဲ့အတူ နိုင်ငံတော်အနေနဲ့ မြေအသုံးချမှု အတွက် အင်မတန်အရေးကြီးတဲ့ မူဝါဒတစ်ရပ်မဖြစ်မနေရေးဆွဲချမှတ်နိုင်ဖို့လည်း အရေးကြီးပါတယ်။

ပထမအဆင့်ကတော့ မူဝါဒတစ်ခု ရေးဆွဲပြဋ္ဌာန်းပေးဖို့လိုပါတယ်။ မူဝါဒရရှိပြီဆိုရင် မူဝါဒအပေါ်အခြေခံပြီး တည်ဆဲဥပဒေအားလုံးကို လွှမ်းခြုံပြီးတော့ ပြဋ္ဌာန်းရမှာဖြစ်ပါတယ်။ တည်ဆဲဥပဒေများနဲ့ လိုက်လျောညီထွေဖြစ်ဖို့ လိုသလို မူဝါဒအနေနဲ့လည်း ကိုက်ညီဖို့လိုပါတယ်။ မြေအရင်းအမြစ်ဥပဒေတစ်ခု ရေးဆွဲပြဋ္ဌာန်းရမှာဖြစ်ပါတယ်။ အဲလို မြေအရင်းအမြစ်ဥပဒေရေးဆွဲပြဋ္ဌာန်းပြီးပြီဆိုရင် လက်ရှိဖြစ်ပေါ်နေတဲ့ မြေအသုံးချမှုဆိုင်ရာအခြေအနေတွေ၊ အငြင်းပွားမှုတွေကို ဥပဒေနဲ့အညီ စနစ်တကျ ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်

ဒေါက်တာညီညီကျော်
(ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန)

မို့ နိုင်ငံတော်အတွက် အရေးကြီးတဲ့ ပထမအဆင့် မူဝါဒကို ရေးဆွဲရမှာဖြစ်ပါတယ်။ ဒုတိယအနေနဲ့တော့ အမျိုးသားမြေ အရင်းအမြစ်ဥပဒေကို ရေးဆွဲ ပြဋ္ဌာန်းရမှာဖြစ်ပါတယ်။

အမျိုးသားမြေအသုံးချမှု မူဝါဒ (မူကြမ်း)ကို စတင်ရေးဆွဲခဲ့တာတော့ ၂၀၁၂ ခုနှစ်ကတည်းကပါ။ပဥ္စမမူကြမ်းကိုတော့ ၂၀၁၄ ခုနှစ်မှာ ရေးဆွဲနိုင်ခဲ့ပါတယ်။ အခုဆိုရင် ပြည်သူလူထုနဲ့ ဆွေးနွေးအကြံပြုချက်များ ရရှိခဲ့ပြီးဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးတဲ့ ပထမအကြိမ် ကျွမ်းကျင်သူများစားပွဲဝိုင်းကနေ ထပ်မံပြင်ဆင်ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ဒုတိယအကြိမ် ဆွေးနွေးပွဲကို လာမယ့်နှစ်ပတ်အတွင်း ဆောင်ရွက်ပြီးရင်တော့ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ဖေဖော်ဝါရီလကုန်လောက်မှာ ဆောင်ရွက်ဖို့ ရည်မှန်းထားပါတယ်။ အဲဒီရလဒ်အပေါ် မူတည်ပြီး အားလုံးသဘောတူညီတဲ့ အကြံပြုချက်တွေရပြီဆိုရင် နိုင်ငံတော်အစိုးရကို တင်ပြပြီးတော့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်စတဲ့ လွှတ်တော်အဖွဲ့အစည်းအသီးသီးကို တင်ပြသွားမှာဖြစ်ပါတယ်။" ဟု ပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံတော်၏ အနာဂတ်တွင် သွားလိုသည့် မြေအရင်းအမြစ်စီမံခန့်ခွဲမှုသည် ရိုးရိုးရှင်းရှင်းဖြစ်ရန် အရေးကြီးပါကြောင်း၊ ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှုသို့ ရှေးရှုဦးတည်နေသည့် ကာလတွင် ပြည်သူများလွယ်ကူစွာ နားလည်လက်ခံနိုင်မည့် မူဝါဒဥပဒေနှင့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပြည်သူ အကျိုးပြုနိုင်မည့် လက်တွေ့ကျသည့်မူဝါဒ၊ တရားမျှတသောဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စီမံခန့်ခွဲမှုပုံစံများဖြစ်လာအောင် ပြောင်းလဲပြုပြင်သွားရန် အချိန်တန်ပြီဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

နိုင်ငံတော်၏မြေကို နိုင်ငံသားအားလုံးအတွက် မျှမျှတတဖြင့် အကျိုးဖြစ်ထွန်းစွာအသုံးချနိုင်ရေး ဦးတည်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြေအမျိုးအစားအလိုက် ပြည်သူလူထု၏ ပိုင်ဆိုင်ခွင့်၊ ရပိုင်ခွင့်များကို ဥပဒေကြောင်းအရ အခိုင်အမာအကာအကွယ်ပေးရမည်ဖြစ်ပါကြောင်း၊ အသေးစားလုပ်ကွက်ငယ်တောင်သူလယ်သမားများ၏ မြေယာပိုင်ဆိုင်ခွင့်များကို ကာကွယ်ပေးပြီး ကျေးလက်မြေယာကုန်ထုတ်လုပ်ငန်းများရှင်သန်ဖွံ့ဖြိုး တိုးတက်စေရမည်ဖြစ်သကဲ့သို့ နိုင်ငံဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများဖော်ဆောင်ရန် မြေပိုင်ဆိုင်လုပ်ပိုင်ခွင့်များကိုလည်း အာမခံပေးရမည်ဖြစ်ပါကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ဓလေ့ထုံးစံ၊ မိရိုးဖလာဆက်ခံပိုင်ခွင့်များကို လေးစားလက်ခံပြီး ခေတ်နှင့်အညီ တရားဝင်မှုရှိအောင် ဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ ထိရောက်သည့် မြေယာစီမံခန့်ခွဲ အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်လာအောင် မြှင့်တင်ပေးရန်နှင့် စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နယ်ပယ်(၃)ရပ် သဟဇာတဖြစ်လျက် နိုင်ငံတော်၏ မြေအရင်းအမြစ်များ ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ပေးရန်ဖြစ်ပါကြောင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

မြေဆိုသည်မှာ လူတိုင်းနှင့် သက်ဆိုင်လျက်ရှိရာ အများပြည်သူအကြံပြုချက်များပါဝင်မှသာလျှင် ပိုမိုပြည့်စုံသည့် မူဝါဒတစ်ခုကို ရေးဆွဲနိုင်မည်ဖြစ်ခြင်းကြောင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၀ ရက်မှ စတင်ကာ ၂၈ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၇ ခုကိုသွားရောက်ကာ ဆွေးနွေးအကြံပြုချက်များရရှိယူခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ သွားရောက်ချပြဆွေးနွေးအကြံပြုခဲ့ရာ၌ အကြံပြုချက် ၈၈၅ ခုရရှိခဲ့ပြီး စာဖြင့်ပေးပို့လာသည့် အကြံပြုချက် ၂၄ ချက် ရရှိခဲ့ကြောင်း သိရသည်။ အဆိုပါ စုစုပေါင်း အကြံပြုချက် ၉၀၉ ချက်နှင့် ပတ်သက်၍ ဒီဇင်ဘာလနှင့် ယခု ဇန်နဝါရီလတို့တွင် အကြံပြုချက်များကို တူရာစုကာ သရုပ်ခွဲဆောင်ရွက်ခဲ့ပြီး ယခုကျွမ်းကျင်သူများ စကားဝိုင်း ကျင်းပလျက်ရှိသည်။ ကျွမ်းကျင်သူများ စကားဝိုင်းကို နောက်ထပ် တစ်ကြိမ်ထပ်မံကျင်းပသွားမည်ဖြစ်ကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပပြီးပါက အဆင့်ဆင့်တင်ပြဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့များ တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်အဆင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့နှင့် တောင်ဥက္ကလာပမြို့နယ် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များ၊ ရပ်/ကျေးအဖွဲ့ဝင်များ တွေ့ဆုံဟောပြောပွဲကို ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၂ နာရီက တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီအတွင်းရှိ မဟာမုနိဓမ္မာရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး

အဖွဲ့ဥက္ကဋ္ဌ ဦးဟန်တင်နှင့် အဖွဲ့ဝင်များ၊ အရှေ့ပိုင်းခရိုင်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးမောင်နှင့်အဖွဲ့ဝင်များ၊ တောင်ဥက္ကလာပမြို့နယ် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဝင်းနှင့် အဖွဲ့ဝင်များ၊ အရှေ့ပိုင်းခရိုင် အတွင်းရှိမြို့နယ်များမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေးအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟန်တင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အရှေ့ပိုင်းခရိုင် ဘာသာ ပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးမောင်က အမှာစကားပြောကြားပြီး ဗုဒ္ဓဘာသာအားအခြေခံ၍ ချစ်ကြည်ညီညွတ်ရေးအကြောင်းကို အရှေ့ပိုင်းခရိုင် ဒုဥက္ကဋ္ဌ ဦးဇော်ဝင်းကလည်းကောင်း၊ အစ္စလာမ်ဘာသာအားအခြေခံ၍ ချစ်ကြည်ညီညွတ်ရေးအကြောင်းကို ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ထွန်းကလည်းကောင်း၊ ခရစ်ယာန်ဘာသာအားအခြေခံ၍ ချစ်ကြည် ညီညွတ်ရေးအကြောင်းကို ဒုတိယဥက္ကဋ္ဌ ဒေါက်တာယုယကလည်းကောင်း၊ ဟိန္ဒူဘာသာကို အခြေခံ၍ ချစ်ကြည်ညီညွတ်ရေးအကြောင်းကို ခရိုင်ဒုဥက္ကဋ္ဌ ဦးဘနီကလည်းကောင်း ဟောပြောကြသည်။ တောင်ဥက္ကလာပမြို့နယ် ဥက္ကဋ္ဌ ဦးမျိုးဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးဥက္ကဋ္ဌ ဦးဟန်တင်တို့က ကျေးဇူးတင်စကားပြောကြားကာ တောင်ဥက္ကလာပမြို့နယ်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့သို့ အလှူငွေ နှင့် ရင်ထိုးတံဆိပ်များ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(၆၄)

ယနေ့ မိုးလေဝသ

မြန်မာ့ပင်လယ်ပြင် အခြေအနေ

လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးနေမည်။

ထွန်းဖောင်ဒေးရှင်းစာပေဆုများ ထုတ်ပြန်ကြေညာ

ရန်ကုန် ဇန်နဝါရီ ၃၁

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ပရိသတ်တိုးပွားရေး စာကောင်းပေမွန်များ ပေါ်ထွန်းရေးတို့ကို တစ်နည်းတစ်လမ်းမှ ပါဝင်ထောက်ကူသောအားဖြင့် "ထွန်းဖောင်ဒေးရှင်းစာပေဆု"ကို ၂၀၀၆ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ဆုများ ရွေးချယ်ချီးမြှင့်နိုင်ရန် စာအုပ်စာမူများကို နှစ်စဉ်ဖိတ်ခေါ်ခဲ့ရာ ၂၀၁၄ ခုနှစ်(နဝမအကြိမ်)ထွန်းဖောင်ဒေးရှင်းစာပေဆုများ ချီးမြှင့်ရန် ရွေးချယ်ထားသည့် စာအုပ်စာမူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

၂၀၁၄ ခုနှစ် ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုရှင်အဖြစ် ကွယ်လွန်သူ စာရေးဆရာကြီး ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)အား ဂုဏ်ပြုရွေးချယ်ချီးမြှင့်သည်။

စီးပွားရေးစာပေဆုတွင် သိန်းလွင်(ပြည်ပပို့ကုန်)ရေးသားသည့် လက်တွေ့အသုံးချ အင်ကိုတမ်း (၂၀၁၀)၊ သမိုင်းစာပေဆုတွင် မောင်ဝင့်သူ မြန်မာပြန်ဆိုထားသော မြန်မာ့တော်လှန်ရေးခရီးကြမ်းမှ အောင်မြင်မှုမှတ်တမ်း(၁၉၃၉-၁၉၄၆)၊ ယဉ်ကျေးမှုစာပေဆုတွင် လယ်တွင်းသားစောချစ်ရေးသားသည့် ပျော်မွေ့ဖွယ်ရာ တို့တောရွာ မြန်မာရိုးရာဝလေ့များနှင့် နေဝင်းစံရေးသားသည့် ပြုသမျှနုရရှာသည့် ဇာတ်ဆရာကြီး ဦးဘိုးစိန်နှင့် သမိုင်းထဲက ဦးဘိုးစိန်(သို့မဟုတ်) ဦးဘိုးစိန်၏သမိုင်း၊ အတ္ထုပ္ပတ္တိစာပေဆုတွင် မောင်မောင်ဟန်(အေးရွာ) ရေးသားသည့် ၁၉၂၀ ကောလိပ် သပိတ်ခေါင်းဆောင် ရှေးဟောင်းသုတေသီ မြန်မာစကား ပညာရှင်ဦးဖိုးလတ်၊ ရှေးဟောင်းကျမ်းစာပေဆုတွင် ဦးစိန်မောင်ဦး(ရှေးဟောင်းသုတေသန) ရေးသားသည့် မြန်မာနိုင်ငံ လက်ရွေးစင် ရှေးဟောင်းခေါင်းလောင်းစာများ၊ ရည်ညွှန်းကျမ်းစာပေဆုတွင် ဦးသန့်(လာဘ်မိုးစွေ) ရေးသားသည့် ခေတ်အဆက်ဆက် သမိုင်းဝင် မြန်မာ့မှတ်တမ်းပုံရိပ်များ၊ လူငယ်စာပေဆုတွင် မောင်ကိုကို(အမရပူရ)ရေးသားသည့် ဘာကိုမှ မကြောက်သူများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစာပေဆုတွင် ဦးဝင်းထိန်(ဟိုတယ်ခရီး)ရေးသားသည့် အစားအသောက်သန့်ရှင်းရေးနှင့် ရောဂါပိုးမွှားကင်းစင်ရေးလက်စွဲ၊ သုတပဒေသာ စာပေဆုတွင် နတ်မောက်ထွန်းရှိန်ရေးသားသည့် မန္တလေးခေတ် ပိဋကတ်ပုံနှိပ်တိုက်များနှင့် မန္တလေးခေတ်ပိဋကတ်စာအုပ်ဆိုင်များ၊ စာပဒေသာစာပေဆုတွင် ဒေါက်တာချစ် ရေးသားသည့် ဘဝဇာတ်ခုံကကြိုးစုံတို့က ရရှိကြသည်။

ယဉ်ကျေးမှုစာပေဆု(အင်္ဂလိပ်)တွင် ပါရဂူရေးသားသည့် ပုဂံခရီးသည်စာအုပ်ကို ကြည်ကြည်လှ ဘာသာပြန်ဆိုထားသော THE BAGAN WAYFARER နှင့် လူငယ်စာပေဆု(အင်္ဂလိပ်)တွင် ကောင်းသန့်ရေးသားသည့် ဝေသီမြင့်မားသော တောင်ထိပ်ဖျားပေါ်မှ တစ်ခုသော ပန်းဥယျာဉ်စာအုပ်ကို Nyi Nyi Pe (BKK) ဘာသာပြန်ဆိုထားသော A Garden on a Far-Flung Peak တို့က ရရှိကြသည်။

စာမူဆုအတွက် ရှေးဟောင်းကျမ်းစာပေဆုတွင် ဒေါက်တာကျော်ဆွေဦး ရေးသားသည့် မြန်မာမှု ဘုရင့်အုပ်ချုပ်ရေးခေတ် သာသနာတော်စောင့်ရှောက်ပုံ(ကုန်းဘောင်ခေတ်)၊ သမိုင်းစာပေဆုတွင် မောင်နွယ်သန်းရေးသားသည့် မောရိယတိုင်း သမိုင်းဝင် ကဘော်ဒေသ၊ ကလေးစာပေဆုတွင် မဲကလေး(ခေတ္တ-အမိုကရို) ရေးသားသည့် နာဂစ်တို့ မိသားစုတို့က ရရှိကြသည်။

နဝမအကြိမ်မြောက် ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုအတွက် ဆုငွေကျပ်သိန်း ၂၀ နှင့် စာအုပ်ဆုအတွက် ဆုငွေကျပ် ၁၅ သိန်းတို့ကို ထွန်းဖောင်ဒေးရှင်းအမှတ်တံဆိပ်ပါ ရွှေတံဆိပ်ပူးတွဲချီးမြှင့်ပြီး စာမူဆုအတွက် ဆုငွေကျပ် ခုနစ်သိန်းတိတိ ချီးမြှင့်မည်ဖြစ်သည်။

ထွန်းဖောင်ဒေးရှင်းစာပေဆု ချီးမြှင့်သည့်အခမ်းအနားကို မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပရန်လျာထားပြီး ဆုချီးမြှင့်သည့် အခမ်းအနားကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ ဆုရရှိသူများသည် ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီ အမှတ်(၂၃/၂၄) ဗဟိုစည်ရိပ်သာ ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းမတော်မြို့နယ် ဖုန်း-၀၉-၇၃၁၀၄၄၈၇ သို့ အမြန်ဆက်သွယ်ကြရန်နှင့် လိုင်စင်ဓာတ်ပုံ နှစ်ပုံနှင့် ကိုယ်ရေးမှတ်တမ်းများကို တစ်ပတ်အတွင်း ပေးပို့ကြရန်ဖြစ်သည်။

၂၀၁၄ ခုနှစ်တွင် ထုတ်ဝေသည့် စာအုပ်များနှင့် မိမိကိုယ်တိုင်ရေးသားပြုစုထားသော စာမူများကို ပေးပို့လိုသော စာပေပညာရှင်များသည် ယနေ့မှစတင်၍ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်အတွင်း အထက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

ရန်ကုန်မြို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့် Analogue စနစ်နှင့် ဒစ်ဂျစ်တယ်စနစ် (DVB-T2)တို့ဖြင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုအစီအစဉ်များ အသိပေးတင်ပြခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် Analogue စနစ်မှ ဒစ်ဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်းထုတ်လွှင့်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပထမအဆင့် လေးရုံ၊ ဒုတိယအဆင့် ၂၂ ရုံတို့ကို တပ်ဆင်ဆောင်ရွက်ခဲ့ပြီး တတိယအဆင့် ၆၉ ရုံအနက် ၂၁ ရုံတွင် ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ပါသည်။ ကျန်ရှိသည့် စက်ရုံများတွင် စက်ပစ္စည်းများတပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လက်အောက်ရှိ ကျန်ရှိသည့် စက်ရုံများကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းများ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ယခုအခါ ရန်ကုန်မြို့တွင် ဒစ်ဂျစ်တယ် FTA ရုပ်သံလိုင်း ရှစ်လိုင်းအား လှိုင်းနှုန်းချန်နယ် E-21(470-478 MHz)၊ E-23(486-494 MHz)နှင့် E-24(494-502 MHz)တို့ ထုတ်လွှင့်လျက်ရှိပါကြောင်း ပြည်သူလူထုသို့ အသိပေးတင်ပြခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ အသစ်တည်ဆောက်ပြီးသော ၂၀၀ မီတာ တာဝါမှနေ၍ 3 KW Rohde & Swartz လွှင့်စက် လှိုင်းနှုန်း E-31(550-558 MHz)ဖြင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှစ၍ ထပ်မံထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ ယင်းကဲ့သို့ ထုတ်လွှင့်ရာတွင် မူလထုတ်လွှင့်ခဲ့သည့် လှိုင်းနှုန်း E-21၊ 23၊ 24 တို့နှင့်အတူ လှိုင်းနှုန်း E-31 ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်အထိ အပြိုင် ထုတ်လွှင့်ပေးသွားမည်ဖြစ်ပါသည်။ ထို့နောက် ဖေဖော်ဝါရီလ ၈ ရက်မှစ၍ လှိုင်းနှုန်း E-31(550-558 MHz) တစ်ခုတည်းဖြင့်သာ ဒစ်ဂျစ်တယ် FTA လိုင်း ရှစ်လိုင်းအား ထုတ်လွှင့်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေး တင်ပြအပ်ပါသည်။ ရန်ကုန်မြို့ရှိ မိဘပြည်သူများအနေဖြင့် DVB-T2 Set-top Box များ၊ DVB-T2 Tuner ပါသော ရုပ်သံဖမ်းစက်များတွင် ပြန်လည်၍ ချိန်ညှိဖမ်းယူရမည်ဖြစ်ပါသည်။

၃။ ရန်ကုန်မြို့၌ MRTV ချန်နယ်ကို Analogue စနစ်ဖြင့် ထုတ်လွှင့်မှုနှင့်ပတ်သက်၍လည်း လက်ရှိထုတ်လွှင့်လျက်ရှိသော လှိုင်းနှုန်း J-6(182-188 MHz)အပြင် လှိုင်းနှုန်း E-35(582-590 MHz) ဖြင့် ဖေဖော်ဝါရီလ ၁ ရက်မှစတင်၍ ဖေဖော်ဝါရီလ ၁၄ ရက်အထိ Daul Cast လွှင့်စက်အသစ်ဖြင့် အပြိုင်ထုတ်လွှင့်ပေးသွားပါမည်။ ဖေဖော်ဝါရီလ ၁၅ ရက်မှစ၍ လှိုင်းနှုန်း J-6 ဖြင့် MRTV Analogue ချန်နယ် ထုတ်လွှင့်မှုကို ရပ်ဆိုင်းပြီး လှိုင်းနှုန်း E-35(582-590 MHz) တစ်ခုတည်းဖြင့် MRTV Analogue ချန်နယ်ကို ထုတ်လွှင့်သွားပါမည်။ ဆက်လက်၍ ဖေဖော်ဝါရီလ ၁၅ ရက်မှစ၍ လိုင်းနှုန်း J-6 ဖြင့် MRTV Entertainment ချန်နယ်ကို စတင်၍ ထုတ်လွှင့်ပေးသွားပါမည်။ သို့ဖြစ်ရာ ရန်ကုန်မြို့တွင် Analogue စနစ်ဖြင့် ထုတ်လွှင့်သော MRTV နှင့် MRTV Entertainment ချန်နယ် နှစ်ခု၊ ဒစ်ဂျစ်တယ် FTA ရုပ်သံ လိုင်း ၁၄ လိုင်းပါသော ချန်နယ်တစ်ခု စုစုပေါင်း ချန်နယ်သုံးခုဖြင့် ထုတ်လွှင့်ပေးသွားပါမည်။

၄။ အလားတူ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လက်အောက်ရှိ DVB-T2 ဒစ်ဂျစ်တယ် လွှင့်စက်များ တပ်ဆင်ပြီးသော ထပ်ဆင့်လွှင့်စက်ရုံ ၄၇ ရုံမှလည်း ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်မှစတင်၍ မူလ ထုတ်လွှင့်သည့် ဒစ်ဂျစ်တယ် FTA ရုပ်သံလိုင်း ရှစ်လိုင်းမှ ၁၄ လိုင်းသို့ တိုးချဲ့ ထုတ်လွှင့်ပေးသွားမည်ဖြစ်ပါသည်။ တိုးချဲ့ထုတ်လွှင့်ပေးသွားမည့် ရုပ်သံလိုင်းများမှာ MRTV၊ MRTV Entertainment၊ MITV၊လွှတ်တော်၊ တိုင်းရင်းသား (NRC)၊ Farmer၊ Reader၊ Sport-1၊ Sport-2၊ MRTV-4၊ Channel-7၊ 5 Plus၊ MNTV၊ Channel-9 တို့ဖြစ်ပါသည်။

၅။ မိဘပြည်သူများအနေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိသော MRTV Analogue ရုပ်သံလိုင်း၊ ဒစ်ဂျစ်တယ်စနစ် DVB-T2 ဖြင့် ထုတ်လွှင့်သော ရုပ်သံလိုင်းများအား သက်ဆိုင်ရာ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများမှ ဖမ်းယူကြည့်ရှုရာတွင် VHF စနစ်ဖြင့် ထုတ်လွှင့်သော ချန်နယ်(J- ချန်နယ်များ)ကို VHF Antenna ဖြင့်လည်းကောင်း၊ UHF စနစ်ဖြင့် ထုတ်လွှင့်သော ချန်နယ်(E-ချန်နယ်များ)ကို UHF Antenna ဖြင့်လည်းကောင်း ဖမ်းယူကြည့်ရှုရမည်ဖြစ်ပါသည်။ အချို့ Antenna များမှာ VHF/UHF နှစ်မျိုးကို ဖမ်းယူရရှိနိုင်ပါသည်။

၆။ ရုပ်မြင်သံကြားဖမ်းစက်များတွင် Analogue ရုပ်မြင်သံကြားဖမ်းစက်၊ DVB-T Tuner ပါသော ရုပ်မြင်သံကြားဖမ်းစက်များတွင် Analogue၊ DVB-T ရုပ်မြင်သံကြားလိုင်းသာ ဖမ်းယူရရှိနိုင်မည်ဖြစ်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်သော DVB-T2 ဒစ်ဂျစ်တယ် ရုပ်သံလိုင်းများ ဖမ်းယူကြည့်ရှုလိုပါက DVB-T2 Set-top Box ဝယ်ယူတပ်ဆင်ရမည်ဖြစ်ပါသည်။ ရုပ်မြင်သံကြားဖမ်းစက် အသစ်ဝယ်ယူမည့် မိဘပြည်သူများအနေဖြင့် DVB-T2 Tuner ပါ ရုပ်မြင်သံကြားဖမ်းစက်ကို ဝယ်ယူသင့်ပါသည်။

၇။ ရုပ်မြင်သံကြားလိုင်းများ ဖမ်းယူရာတွင် Antenna ကို စက်ရုံတည်ရှိရာအရပ်သို့ ဦးတည်၍ အမြင့်တစ်နေရာတွင် ခိုင်ခံ့စွာ တပ်ဆင်ရပါမည်။ ယင်းနောက် Set-top Box၊ DVB-T2 TV တို့ရှိ Remote ပါ ခလုတ်များမှ Menu ကို နှိပ်၍ Installation သို့ သွားရပါမည်။ ယင်းနောက် Channel Search တွင် ဘေးမြှားနှိပ်၍ ခေတ္တစောင့်ပါ Progress Page တွင် မိမိတို့နေထိုင်ရာ ဒေသတွင်းရှိ အခမဲ့ထုတ်လွှင့်သော DVB-T/T2 ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ၊ ရေဒီယိုလိုင်းများ ဖမ်းယူရရှိနိုင်ပါမည်။ ယင်းနောက် Exit ခလုတ်ကို နှိပ်၍ မိမိနှစ်သက်ရာ ရုပ်သံလိုင်းများ ဖမ်းယူရရှိနိုင်မည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

တာချီလိတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ၊ အိုက်(စ်)နှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၃၁

မူးယစ်တပ်ဖွဲ့စု(၁၀၂)နေပြည်တော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၉ ရက်က တာချီလိတ်မြို့နယ် မိုင်းဖုန်း(က) အုပ်စု ပါခုတ်ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ဝမ်ပုံကျေးရွာဘက်မှ တာချီလိတ်ဘက်သို့ အိုက်ပန်မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်းဝတ်ဆင်ထားသော ကာကီရောင်ဘောင်းဘီရှည် အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ရှစ်ပြား သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေး ဖော်ထုတ်ချက်အရ တာချီလိတ်မြို့နယ် မိုင်းဖုန်း(က) အုပ်စု လွန်းကျိုင်းကျေးရွာနေ ဘိုဘို ထွန်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိပ်ခန်းအတွင်းရှိ ပလတ်စတစ် အံဆွဲအတွင်းမှ အိုက်(စ်)(ICE) သုည ဒသမ ၃ ဂရမ်နှင့် ကာကီရောင်ဘောင်းဘီရှည်အိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၃ ပြား၊ ပစ္စတိုသေနတ်တစ်လက်၊ ကျည်ကတ်တစ်ခု၊ ၎င်းကျည်ခြောက်တောင့်၊ ထိုင်းဘတ်ငွေ ၁၀၃၆၀ တို့ကို ထပ်မံသိမ်းဆည်းရမိသဖြင့် အိုက်ပန်(၅၆)နှစ်နှင့် ဘိုဘိုထွန်း(၄၅)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(မူးယစ်ဗဟို)**

ဘိုဘိုထွန်းအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်းများနှင့် အတူ တွေ့ရစဉ်။

မဘိမ်းမြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၃၁

မဘိမ်းမြို့နယ်ရဲတပ်ဖွဲ့ ငါးအိုးရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၆ ရက်က မဘိမ်းမြို့နယ် ငါးအိုးကျေးရွာနေ ဇော်ဆွေ၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ ခြံဝင်းအတွင်း ရေဘုံပိုင်အနီးရှိ စည်းရိုးအစပ်တွင် ရေစိုခံဖုန်းအိတ်ဖြင့် ထည့်လျက် ဘိန်းဖြူ သုည ဒသမ ၀၀၀၁၃ ကီလိုနှင့် ကပ်ခွာအိတ်ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၁၇ ပြားတို့ကို သိမ်းဆည်းရမိသဖြင့် ဇော်ဆွေ(၃၇)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(မူးယစ်ဗဟို)**

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ

ထော်လာဂျီယာဉ် လမ်းအကွေ့ကုန်းအဆင်း ချောက်ထဲသို့ထိုးကျ

နေပြည်တော် ဇန်နဝါရီ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် မုံရွာ-ယာကြီး-ကလေးဝကားလမ်း မိုင်တိုင်အမှတ်(၄၇/၂)အနီးတွင် ဇန်နဝါရီ ၂၈ ရက် ည ၆ နာရီခွဲက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ကနီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ လာဘို့ကျေးရွာဘက်မှ ယာကြီးကျေးရွာဘက်သို့ ကနီမြို့နယ် မင်းအိုကျေးရွာနေ လှမျိုး(၄၂)နှစ် မောင်းနှင်လာသော ၆၅/----စိမ်းပြာရောင် လေးလုံးထိုး ထော်လာဂျီယာဉ်သည် လမ်းအကွေ့ကုန်းအဆင်းတွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက် အနက် ၁၀ ပေခန့်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်းသိရသည်။

ထိုသို့ တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းလှမျိုးတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင်သေဆုံးသွားခဲ့ပြီး ယာဉ်ပေါ်တွင်လိုက်ပါလာသော ယာကြီးကျေးရွာနေ ဦးညွန့်ဝေ(၄၇)နှစ်ပါ ရှစ်ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ကနီမြို့မရဲစခန်းက အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ရဲပြန်ကြား)**

တေလာဆွစ်၏ တေးစီးရီး ရောင်းအား အကောင်းဆုံးစီးရီးဖြစ်လာ

တေလာဆွစ်၏ ၁၉၈၉ တေးစီးရီးသည် ဖေ့စ်ဘုတ်ပေါ်ရှိ ရောင်းအား အကောင်းဆုံးစီးရီး ၂၀၀ အနက် ထိပ်ဆုံးတွင် ပြန်လည်ရပ်တည်နိုင်ခဲ့ပြီဖြစ်ကြောင်း အင်တာနက်စာမျက်နှာပေါ်တွင် ဖော်ပြထားသည်။

လွန်ခဲ့သော နှစ်ပတ်က ဖေ့စ်ဘုတ်ပေါ်တွင် "Shake It Off "အဆိုတော် မက်ဂန်ထရီနာ၏ တေးစီးရီးသည် အရောင်းအကောင်းဆုံးနံပါတ်တစ်နေရာတွင် ရှိနေခဲ့ပြီး ယခုတွင် သူ၏ တေးစီးရီးသည် နံပါတ်နှစ်နေရာ ပြန်လည်ရောက်ရှိခဲ့သည်။

ယခုတစ်ပတ် တေလာဆွစ်၏ တေးစီးရီးနံပါတ်တစ်နေရာသို့ ပြန်လည်ရောက်ရှိလာခြင်းနှင့်ပတ်သက်၍ သူတွင် သတင်းပတ် ၁၀ ပတ်အတွင်းတွင် နံပါတ်တစ်နေရာရအောင် ယူနိုင်သည့်စွမ်းအင်ရှိသည်ဟု ယုံကြည်ပါကြောင်း ဖေ့စ်ဘုတ်က မှတ်ချက်ပြုခဲ့သည်။ တေလာ၏စီးရီးသည် စတင်ဖြန့်ချိသည့်နေ့မှ သတင်းပတ် ၁၀ ပတ်အတွင်း ဖေ့စ်ဘုတ်၏ ရောင်းအားအကောင်းဆုံး နံပါတ်တစ်နေရာ ရောက်ခဲ့သည်ဖြစ်ရာ ၎င်းစီးရီးသည် သမိုင်းတစ်လျှောက် ၁၀ ပတ်အတွင်း နံပါတ်တစ်နေရာရယူနိုင်သည့် တေးစီးရီးများအနက် ၁၁ ခုမြောက် စီးရီးဖြစ်သည်။

တေလာ၏ ထွက်ရှိပြီးသော တေးစီးရီးငါးခုအနက် "Fearless" စီးရီးသည် သတင်းပတ် ၁၀ ပတ်အတွင်း နံပါတ်တစ်နေရာ ရယူနိုင်ခဲ့သည်။

ယခုနှစ်အတွက် ရောင်းအားကောင်းဆုံး တေးစီးရီး ၁၀ခု၏ စာရင်းကို ဖေ့စ်ဘုတ်ပေါ်တွင် ဖေဖော်ဝါရီ ၄ ရက်၌ ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ရာ တေလာ၏ တေးစီးရီးသည် ထိပ်ဆုံးမှ ရပ်တည်နိုင်မည်ဟု ထင်ကြေးပေးနေကြသည်။

(ခင်ခက်သက်)

ဇီဝကရဲ့ ဂီတည ဖျော်ဖြေတင်ဆက်မည်

ရန်ကုန် ဇန်နဝါရီ ၃၁

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ငွေပဒေသာပင် ရန်ပုံငွေအတွက် ဆေးတက္ကသိုလ်(၁) ရန်ကုန် ကျောင်းသား ကျောင်းသူဟောင်းများအသင်းက ကြီးမှူးကျင်းပသော "ဇီဝကရဲ့ ဂီတည" ဖျော်ဖြေတင်ဆက်ပွဲကို ဖေဖော်ဝါရီ ၆ ရက်(သောကြာနေ့) ည ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိအမျိုးသား ဇာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။

"ဇီဝကရဲ့ ဂီတည"ဖျော်ဖြေပွဲတွင် ခိုင်ထူး၊ စည်သူလွင်၊ ဇော်ပိုင်၊ Lလွန်းဝါ၊ ဖြိုးပြည့်စုံ၊ မေဆွိ၊ မေခလာ၊ ဇမ်နူး၊ ရှင်ဖုန်း၊ ဖြူဖြူကျော်သိန်း၊ ချစ်သုဝေ၊ ချမ်းချမ်း၊ နေနေ၊ နီနီခင်ဇော်၊ အိမ့်ချစ်၊ ဆုထက်လှိုင်၊ နန်းမြတ်ဖြိုးသင်းတို့က ဉက္ကာဦးသာ PLUS THREE Music Band နှင့် တွဲဖက်ကာ သီဆိုဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

(ကိုချစ်)

ဂရိအဆိုတော် ဒမီးစ် ရီးဆော့စ် အသက် (၆၈)နှစ်တွင် ကွယ်လွန်

ကမ္ဘာတစ်ဝန်း အယ်ဘမ်အချပ်ရေ သန်း ၆၀ ကျော် ရောင်းချခဲ့ရသူ နာမည်ကျော်ဂရိအဆိုတော် ဒမီးစ်ရီးဆော့စ်သည် အေသင်မြို့ရှိ ဟော်စပီတယ်ဆေးရုံတွင် ကွယ်လွန်သွားခဲ့ပြီဟု ဘီဘီစီသတင်းဌာနက အတည်ပြုချက် ထုတ်ပြန်ခဲ့သည်။ ၎င်းသည် သူ၏ "Forever and Ever"သီချင်းအယ်ဘမ်၊ "Goodbyle" နှင့် "Quandje t'time" အယ်ဘမ်များကြောင့် ၁၉၇၀ ပြည့်လွန်နှစ်များနှင့် ၁၉၈၀ ကျော်ကာလများတွင် အောင်မြင်မှုအထွတ်အထိပ်ကို ရောက်ရှိခဲ့သူဖြစ်သည်။ ထို့ပြင် သူသည် ရော့ခ်ဂီတအဖွဲ့ "Aphrodite's Child" အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ကာ ၁၉၇၇ ခုနှစ်တွင် ထုတ်လွှင့်ခဲ့သော မိုက်လိုက်၏ ရုပ်မြင်သံကြားပြဇာတ် "Abigail's Party" တွင် နောက်ခံသီချင်းဖြင့် ပါဝင်တင်ဆက်ခဲ့ရာ ပိုမိုကျော်ကြားလာခဲ့သည်။ သူသည် ပုဂ္ဂလိကဆေးရုံတွင် အဖျားရောဂါဖြင့် ကွယ်လွန်ခဲ့ခြင်းဖြစ်ကာ ကွယ်လွန်ချိန်တွင် သူ၏မိသားစုဝင်များအားလုံးလည်း စုံစုံလင်လင်ရှိနေခဲ့ကြသည်။ ၎င်း၏ "Aprodite's Child" တီးဝိုင်းလုပ်ဖော်ကိုင်ဖက်များက ပြောကြားခဲ့ရာတွင် "သဘာဝတရားက သူ့ကို မှော်ဆန်တဲ့ အသံဖန်တီးပေးထားပြီး ဒီအသံကြောင့် ကမ္ဘာအနှံ့အပြားမှာရှိနေတဲ့ လူတွေဟာ ပျော်ရွှင်ခဲ့ရတယ်။ သူက တကယ်ပြည့်စုံတဲ့ အနုပညာရှင်ပါပဲ။ ပြီးတော့ ကျွန်တော်တို့ရဲ့ မိတ်ဆွေကောင်းလည်းဖြစ်ပြန်တယ်။ အခုထက် ကောင်းမွန်တဲ့ ဘုံမှာရောက်ရှိနိုင်ပါစေ" ဟု ဆုတောင်းပေးခဲ့ကြသည်။

ရီးဆော့စ်ကို ဂရိလူမျိုးဖခင်နှင့် အီတလီနွယ်ဖွား အီဂျစ်မိခင်တို့က ၁၉၄၆ ခုနှစ်တွင် အီဂျစ်နိုင်ငံ အလက်ဇန္ဒြီးယားမြို့မှာ မွေးဖွားခဲ့သည်။ ၁၉၆၀ ကျော်ကာလများတွင် စူးအက်ပဋိပက္ခကြောင့် ၎င်း၏မိဘများဂရိသို့ ပြောင်းရွှေ့လာခဲ့ကြသည်။ သူ၏ဂီတ ပရော်ဖက်ရှင်နယ်ဘဝကို အသက် (၁၇)နှစ်အရွယ်ကတည်းကပင် "The Idols" တေးဂီတဝိုင်းနှင့် အစပြုခဲ့ပြီး အဲဒီကာလမှာပင် "Aphrodite's Child" တေးဂီတဝိုင်းနှင့်တွေ့ဆုံခဲ့ကာ "Five O'Clock" နှင့် "666" အယ်ဘမ်နှစ်ချပ်ဖြင့် အဆိုတော်ဘဝသို့ ဝင်ရောက်လာနိုင်ပြီး ဥရောပအထိပျံ့နှံ့နာမည်ကျော်လာခဲ့သည်။ တစ်ကိုယ်တော် ရပ်တည်နိုင်သည့် အဆိုတော်ဘဝကို ၁၉၇၃ ခုနှစ် "Forever and Ever" အယ်ဘမ်ဖြင့် အောင်မြင်စွာ ရပ်တည်နိုင်ခဲ့သလို "Happy To Be" နှင့် "My Only Fascination" အယ်ဘမ်များဖြင့် ဗြိတိန်တေးဂီတ လောကသို့ပါ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့ပြီး ၁၉၈၁ခုနှစ် အရောက်မှာတော့ တေးရေးဆရာဗန်ဂဲလစ် ရေးစပ်ပေးသော သီချင်းကို သီဆိုပြီး "Chariots of Fire" ရုပ်ရှင်ကားနောက်ခံသီချင်းအဖြစ် အသုံးပြုနိုင်ခဲ့ရာ အောင်မြင်မှု အထွတ်အထိပ်ကို ရောက်ရှိခဲ့သည်။

သို့သော် ၁၉၈၅ အစ္စလာမ်ဂျီဟက်နှင့် ဟစ်ဇ်ဘိုလာအဖွဲ့ဝင်များ၏ အေသင်မှ ရောမသို့ ပျံသန်းသော Flight TWA847 လေယာဉ်အပိုင်စီးမှုတွင် ရီးဆော့စ်နှင့် သူ၏တတိယမြောက်ဇနီးတို့လည်း ပါဝင်ခဲ့ပြီး ငါးရက်တာ သေနတ်ထောက်ခြိမ်းခြောက်မှုခံခဲ့ရသည်။ ယင်းအတွေ့အကြုံက သူ၏ဘဝကို လုံးဝပြောင်းလဲခဲ့ကာ အခြားသူများကိုကူညီရန်နှင့် စာနာထောက်ထားမှုပေးရန် ကြိုးပမ်းလာခဲ့သည်။ မကြာသေးမီကာလကတွင် ၎င်း၏နောက်ဆုံးတေးအယ်ဘမ်ဖြစ်သည့် "The Story of Demis Roussous" ထွက်ရှိခဲ့ပြီး ကွယ်လွန်ချိန်တွင် သူ၏မိခင် အော်လာ (၉၄)နှစ်၊ သားသမီးနှစ်ဦးဖြစ်သော အမ်မလီနှင့် ဆီရယ် ကာလကြာရှည်စွာ လက်တွဲဖော်ဖြစ်သည့် ဒေါ်မနီးခ်ါအစ်ကိုဖြစ်သူ ကော်စတာတို့ကျန်ရစ်ခဲ့သည်။ မှော်ဆန်သည့် ဂီတပညာရှင်ဖြစ်သူ ဒမီးစ်၏ အသုဘအခမ်းအနားကို ဇန်နဝါရီ ၃၀တွင် အေသင်မြို့၌ကျင်းပခဲ့ပြီး အံ့သြဖွယ်ဘဝအနိမ့်အမြင့်အတက်အကျများဖြင့် ပြည့်နက်နေခဲ့သော နာမည်ကျော် အဆိုတော်တစ်ဦးသည် ယခုအခါတွင် လူသားအားလုံးကို ထာဝရနှုတ်ဆက်သွားခဲ့ပြီဖြစ်သည်။

ဟယ်လင်မက်ဒေါ်နယ်၏ သိမ်းငှက်စာအုပ် တစ်နှစ်တာ အကောင်းဆုံးကော်စတာဆု ဆွတ်ခူး

စာရေးဆရာမ ဟယ်လင်မက်ဒေါ်နယ်၏ကိုယ်တွေ့ဖြစ်ရပ်မှန် သိမ်းငှက်များအကြောင်း ရေးသားထားသော "H" အမည်ရ စာအုပ်သည် တစ်နှစ်တာ အကောင်းဆုံး ကော်စတာစာအုပ်ဆု ရရှိခဲ့သည်။ ယင်းစာအုပ်သည် စာရေးသူ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကောက်နုတ်ချက်ဖြစ်ပြီး သိမ်းငှက်ငယ်လေးများကို လေ့ကျင့်ပေးနေသော ဖခင်ဖြစ်သူ၏ ဝမ်းနည်းဖွယ်ရာ သေဆုံးခဲ့ရပုံကို နောက်ခံထားကာ ရေးသားထားသော ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်ဖြစ်သည်။ ပေါင် ၃၀၀၀၀ ဆုကြေးငွေချီးမြှင့်သော ယင်းကော်စတာထူးချွန်ဆုကို ယခင်က ဝှစ်ဘရက်ဆုဟု ခေါ်ဆိုခဲ့ပြီး ဇာတ်လမ်း၏နောက်ခံဒေသမှာ အိုင်ယာလန်နှင့် ဗြိတိန်တို့ကို အခြေခံခဲ့သည်။ "H" ဟုအမည်ရယင်းစာအုပ်သည် ဆုချီးမြှင့်သည့် သက်တမ်းတစ်လျှောက် ဆဋ္ဌမအကြိမ်သာ ပေးအပ်ခံရသော အတ္ထုပ္ပတ္တိ စာအုပ်အမျိုးအစားဖြစ်ကာ ၁၀နှစ်အတွင်း ပထမဆုံးအကြိမ် ချီးမြှင့်ခံရသော စာအုပ်လည်းဖြစ်လာခဲ့သည်။ မက်ဒေါ်နယ်က ဘီဘီစီသို့ ပြောကြားခဲ့ရာတွင် "လုံးဝကို အံ့သြစရာဆန်းကြယ်တဲ့ ခံစားမှုပါပဲ။အခုလို ရွေးချယ်ပေးခဲ့တဲ့ ဒိုင်တွေကို ကျေးဇူးတင်ရှိပါတယ်။ ဒီစာအုပ်ကို ဂရုတစိုက်ဖတ်ကြလိမ့်မယ်လို့ မျှော်လင့်မထားမိပါဘူး။ ဒီစာအုပ်က အင်္ဂလိပ်ကျေးလက်နေသူများအတွက် ကျွန်မရဲ့မေတ္တာစာဖြစ်ပါတယ်" ဟုပြောကြားခဲ့သည်။ မက်ဒေါ်နယ်က ကလေးဘဝကတည်းကပင် အမဲလိုက်ရန် သိမ်းငှက်များကို လေ့ကျင့်ပေးသူတစ်ယောက်ဖြစ်ချင်ခဲ့ပြီး လျှို့ဝှက်ဆန်းကြယ်သော ဝေါဟာရအသုံးအနှုန်းများကို လေ့လာရခြင်းကို နှစ်သက်သူတစ်ဦးဖြစ်သည်။ သူရဲ့ဖခင်သေဆုံးသွားခဲ့ပြီးနောက် ၎င်း၏ကိုယ်ပိုင်သိမ်းငှက်ငယ်လေးများကို လေ့ကျင့်ပေးရသည်မှာ သူမအတွက် စွဲလမ်းဖွယ်အကောင်းဆုံး အလုပ်တစ်ခုဖြစ်လာခဲ့သည်။ သူရဲ့ ရေခဲသေတ္တာထဲမှာ သိမ်းငှက် အစားအစာများကို အမြဲထည့်သွင်းထားတတ်ပြီး ကမ္ဘာ့အရိုင်းဆုံးသတ္တဝါများကို လေ့ကျင့်ပေးဖို့ ကြိုးစားရင်း ထူးဆန်းသော အသက်မွေးဝမ်းကျောင်းမှုဖြင့် ဘဝလမ်းကို ရဲရဲကြီးလျှောက်လှမ်းခဲ့သူလည်းဖြစ်သည်။

ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁-၂-၂၀၁၅ (တနင်္ဂနွေနေ့)

MRTV-4

၅း၀၀	ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်	၄း၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြယ်ကလေးတို့ရဲ့ကောင်းကင်" (အပိုင်း-၇)
၈း၂၅	ကလေးတို့ကမ္ဘာ	၆း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ" (အပိုင်း-၁၁)
၈း၄၅	Cartoon Series (Curious Kemi)	၈း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၉၈)
၁၀း၅၀	Starတို့ရဲ့လက်ရာ	၁း၄၀	MRTV-4 Stage
၁၂း၁၅	Healthy Life (ကျန်းမာရေးစစ်ဆေးခြင်း အကြောင်းသိကောင်းစရာ)	၂း၀၅	နှယဉ်ဆန်းထွင်ပန်းအလှဆင် (ပန်းကန်လုံးဖြင့်ပန်းအလှပြင်ဆင်ခြင်း)
၂း၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [ဓားနဲ့တူသောသား (အပိုင်း-၁)]	၂း၃၀	Spain Laliga Barcelona Vs Villarreal (Live)
၃း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ" (အပိုင်း-၁၀)		

မြဝတီ

၆း၀၃	တရားတော်	၄း၃၅	သီဆိုဖြေဖျော်တစ်ကိုယ်တော်
၆း၃၀	ကိုယ်လက်လှုပ်ရှား အားကစား	၅း၀၀	သာယာသီကြွေးခေတ်ဆန်းတေး
၇း၂၀	သင့်အတွက် တစ်နေ့တာ	၅း၂၀	ဒီဇိုင်နာတို့ဒီဇိုင်း
၈း၁၅	စိုက်ပျိုးသုတ	၆း၁၀	ဘဝကြေးမုံ
၈း၃၅	အင်္ဂလိပ်စာသုတ	၆း၃၅	လူစွန့်စားခရီးသွားနေသည်
၈း၅၅	မြန်မာပြည်တွင်ထုတ်လုပ်သည်	၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
၁၁း၄၀	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ပျော်ရွှင်မှုဆီသို့ခရီးတစ်ခေါက်		-ဆူးခင်းလမ်းရဲ့ချစ်ပန်းနှင်းဆီ (အပိုင်း-၄)
၁း၁၉	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမာယာ (အပိုင်း-၇၀)		-နိုင်ငံတကာသတင်း -မိုးလေဝသအခြေအနေ -ပဟေဠိနန်းတော်
၄း၁၅	မြန်မာသံစဉ်ချိုနားဝင်		-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
၄း၂၅	လျှပ်တစ်ပြက်		"မေတ္တာဖွဲ့ကြိုး" (အပိုင်း-၂၅)

News Channel

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်	၄း၃၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရသစာပေ အရေးအသားအထူးပြု) (ရသစာပေ အရေးအသား)
၆း၂၅	သက်ရှည်ကျန်းမာလေ့ကျင့်ပါ (အပိုင်း-၁၂)	၅း၃၅	မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၆း၄၀	ဖူးမြော်စေချင် ထားဝယ်မြို့မှ ရှင်ကိုးရှင်	၆း၃၅	အနုပညာသတင်းအစီအစဉ်
၉း၃၅	လှပစုံလင် အာဆီယံတစ်ခွင်	၇း၃၅	မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ -Tasty Trip -ဆိုကြမယ်၊ ပျော်ကြမယ်
၁၂း၅၀	ဆေးရောင်စုံရုပ်ရှင် "ဇော်ကကနေသည်" (နေတိုး၊ ညွှန့်ဝင်း၊ နန္ဒာလှိုင်၊ ပုလဲဝင်း) ဒါရိုက်တာ-မီးပွား		

Entertainment Channel

	-အလက်ာ၀တ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေမှု အစီအစဉ် (အပိုင်း-၄)	၈း၃၅	ဆိုကြမယ်၊ ပျော်ကြမယ်
၆း၂၅	ချစ်စရာ့အရွယ်ကစားကြမယ်	၉း၂၅	မြန်မာရုပ်ရှင်(ဆေးရောင်စုံ) "အထာအသစ်နဲ့ နှစ်ခါချစ်မယ်" (နေတိုး၊ ရန်အောင်၊ မင်းမော်ကွန်း၊ ဝတ်မှုံရွှေရည် ချစ်သုဝေ၊ စိုးမြတ်သူဇာ၊ ကြည်လဲ့လဲ့ဦး) ဒါရိုက်တာ-ညီညီထွန်းလွင်
၇း၀၅	မြန်မာဗီဒီယိုဇာတ်လမ်း "ခင်ကြီးကျယ်" (လူမင်း၊ နေဆန်း၊ ထက်ထက်မိုးဦး) ဒါရိုက်တာ-ညွှန့်မြန်မာညီညီအောင်		

တစ်နေ့(၆)နာရီစာ (၄)ကြိမ် ပြသပါမည်။

MYANMAR INTERNATIONAL
Programme Schedule
(1-2-2015) (Sunday)

- Today Myanmar "Online Shopping"
- Making of Nawarat Rings
- Shwe Maw Daw: The Glory Of Bago City
- Tea
- Sagaing: Youth Leader
- Image of the Monks
- Myanmar Social & Charitable Association (Mingalar Byuha)
- A Girl Guide
- Great Shwedagon "Historic and Mysterious Places"
- Sagaing: Gold Leaf
- Thread Charm "A Kayin Threading Ceremony"
- Myanmar China Friendship Tour

မန်ယူအသင်းမှ ဒီဂီယာ ထွက်ခွာနိုင်ကြောင်း ဗန်ဟားလ်ပြောကြား

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန်ပစ်မှတ်ထားခြင်းခံထားရသည့် ဂိုးသမားဒီဂီယာသည် လက်ရှိ ကစားလျက်ရှိသည့် မန်ယူအသင်းမှထွက်ခွာနိုင်ကြောင်း မန်ယူအသင်းနည်းပြ ဗန်ဟားလ်က ဝန်ခံပြောကြားခဲ့သော်လည်း ဒီဂီယာအား ဆက်ထိန်းသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

မန်ယူအသင်းဂိုးသမား ဒီဂီယာသည် မန်ယူအသင်းနှင့် လက်ရှိစာချုပ်အား သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်ဟု ယခုလအစောပိုင်းက ပြောကြားခဲ့သည်။ သို့သော် ဇန်နဝါရီ ၃၀ ရက်ကမူ မန်ယူအသင်းနှင့် စာချုပ်သက်တမ်း တိုးရန်မှာ မသေချာသေးကြောင်း ပထမဆုံးအကြိမ်အဖြစ် ပြောကြားခဲ့သည်။

"ဘောလုံးလောကမှာ ဘာမဆိုဖြစ်နိုင်ပါတယ်။ ဒီဂီယာအနေနဲ့ ဥရောပချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်း အတွက် မန်ယူကနေထွက်ခွာဖို့ တောင်းဆိုလာခဲ့မယ်ဆိုရင်တောင် ကျွန်တော်တို့အနေနဲ့ သူ့ကို မထွက်ခွာဖို့နဲ့ စာချုပ်သက်တမ်းတိုးဖို့ တောင်းဆိုသွားရမှာပါ"ဟု မန်ယူအသင်းနည်းပြ ဗန်ဟားလ်က ပြောကြားခဲ့သည်။

မက်ဒရစ်နွယ်ဖွား ဂိုးသမားဒီဂီယာသည် မန်ယူအသင်းအတွက် အကောင်းဆုံးပုံစံရရှိနေပြီး မန်ယူအသင်းနှင့် စာချုပ်သက်တမ်းသည်လည်း ၁၇ လသာ ကျန်တော့ကြောင်းသိရသည်။ အသက်(၂၄)နှစ်အရွယ်ရှိဂိုးသမား ဒီဂီယာသည် ၂၀၁၁ ခုနှစ်က အက်သလက်တီကိုမက်ဒရစ်အသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၁၈ ဒသမ ၉ သန်းဖြင့် ရောက်ရှိလာခဲ့သူဖြစ်ပြီး စာချုပ်သစ်ချုပ်ဆိုထားခြင်းမရှိသေးကြောင်း သိရသည်။

ဆီနီဂေါနောက်ခံလူ ပါပီဆိုးအား ခရစ္စတယ်ပဲလေ့ ခေါ်ယူ

ပရီမီယာလိဂ်ကလပ် ခရစ္စတယ်ပဲလေ့အသင်းသည် ပြင်သစ်ကလပ် လိုင်လီအသင်းမှ ဆီနီဂေါနောက်တန်းကစားသမား ပါပီဆိုးအား စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်သည်။ အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံလူ ပါပီဆိုးသည် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲတွင်လည်း ဆီနီဂေါအသင်းနှင့်အတူ ပါဝင်ကစားပေးခဲ့သူဖြစ်သည်။

ခရစ္စတယ်ပဲလေ့အသင်းဥက္ကဋ္ဌ စတိပါရစ်သည် အဆိုပါ နောက်တန်းကစားသမား ပါပီဆိုးအား စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်ကြောင်း ၎င်း၏တွစ်တာစာမျက်နှာမှ တစ်ဆင့် ဖော်ပြခဲ့သည်။ ထို့ကြောင့် နောက်ခံလူ ပါပီဆိုးသည် နည်းပြအလန်ပါဂျူး၏ ယခုတစ်ပတ်အတွင်း တတိယမြောက်ခေါ်ယူခဲ့သည့် ကစားသမားတစ်ဦးဖြစ်ပြီး ခရစ္စတယ်ပဲလေ့အသင်းသည် နောက်ခံလူ ပါပီဆိုးအားမခေါ်ယူမီ ဂျော်ဒန်မက်ချ်နှင့် အမ်မိုဘီတို့ကို ခေါ်ယူထားပြီဖြစ်သည်။

နေကြယ်

ဆောက်သမ်တန်ကွင်းလယ်ကစားသမား ဂျက်ကော့အား ဆွမ်ဆီးခေါ်ယူ

ဆောက်သမ်တန်ကွင်းလယ်ကစားသမား ဂျက်ကော့သည် ဆွမ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားရန် သုံးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ကို သဘောတူထားပြီဖြစ်သောကြောင့် ဆောက်သမ်တန်အသင်းနှင့် ဆွမ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ပါဝင်လာရန်မသေချာကြောင်း သိရသည်။

ဆွမ်ဆီးအသင်းကမူ ဆောက်သမ်တန်ကွင်းလယ်ကစားသမား ဂျက်ကော့အား ပြောင်းရွှေ့ကြေး ဖော်ပြခဲ့ခြင်းမရှိဘဲ အပြီးသတ်စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း လူသိရှင်ကြားထုတ်ဖော်ပြောကြားလိုက်သည်။ ထိုသို့ ဆွမ်ဆီးအသင်းက ခေါ်ယူလိုက်သော်လည်း ကွင်းလယ်ကစားသမားဂျက်ကော့၏ ဆောက်သမ်တန်အသင်းနှင့် စာချုပ်သက်တမ်းမှာ လာမည့်နွေရာသီရောက်မှသာ ကုန်ဆုံးမည်ဖြစ်သည်။

ထို့ကြောင့် ဆောက်သမ်တန်အသင်းနည်းပြ ရိုနယ်လ်ကိုးမန်းက ကွင်းလယ်ကစားသမား ဂျက်ကော့အား စာချုပ်သစ်ကမ်းလှမ်းခဲ့သည်။ သို့သော် ဂျက်ကော့ကမူ ပထမအသင်းတွင် ပုံမှန်ပွဲထွက်ခွင့်ရရှိရေးအတွက် ဆောက်သမ်တန်အသင်း၏ စာချုပ်သစ်ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ကြောင်း သိရသည်။

သြစတြေးလျအိုးပင်းတင်းနစ်ဖလားဆွတ်ခူးရန် အန်ဒီမာရေး ရေပန်းစားနေ

သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်းနောက်ဆုံးဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၁ ရက်တွင် သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ ကျင်းပသွားမည်ဖြစ်ရာ အဆိုပါဗိုလ်လုပွဲ၌ ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေးက ဆာဘီးယားပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား ဂျိုကိုဗစ်အားအနိုင်ရရှိကာ သြစတြေးလျအိုးပင်းတင်းနစ်ဖလားကို ဆွတ်ခူးသွားရန် ရေပန်းစားနေကြောင်း သိရသည်။

ဗြိတိန်၏ နံပါတ်တစ် တင်းနစ်ကစားသမား အန်ဒီမာရေးသည် ဂျိုကိုဗစ်နှင့် မဲလ်ဘုန်းမြို့၌ ယခင်နှစ်ကြိမ်တိုင်တိုင် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ကြိမ်စလုံးရှုံးနိမ့်ခဲ့သူဖြစ်သည်။ အန်ဒီမာရေးသည် ထိုသို့ရှုံးနိမ့်ခဲ့သော်လည်း ၂၀၁၂ ခုနှစ် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ၂၀၁၃ ခုနှစ် ဝင်ဘယ်ဒန်တင်းနစ်ဖလား နောက်ဆုံးဗိုလ်လုပွဲတို့တွင်မူ အနိုင်ကစားကာ ဖလားများ ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်လျက်ရှိသည့် ဆာဘီးယားပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား ဂျိုကိုဗစ်သည် သြစတြေးလျအိုးပင်းတင်းနင်းပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဝေါရင်ကာအား ပွဲငယ်ငါးပွဲကစားကာ အနိုင်ရရှိခဲ့သော်လည်း သက်လုံကောင်းကောင်းဖြင့် မကစားနိုင်ခဲ့ကြောင်း ဝန်ခံပြောကြားခဲ့သည်။

ထို့ကြောင့် ဂျိုကိုဗစ်မှာ သြစတြေးလျအိုးပင်းတွင် နာမည်ကြီး ကစားသမားအဖြစ် ရပ်တည်နေသော်လည်း သက်လုံမကောင်းသေးခြင်းကြောင့် ဗြိတိန်တင်းနစ်အကျော်အမော်အန်ဒီမာရေးသည် ၎င်း၏ ပထမဆုံးသော သြစတြေးလျအိုးပင်းတင်းနစ်ဖလားကိုရရှိရန် ရေပန်းစားနေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကစားသမားနှစ်ဦးစလုံးသည် အသက်အားဖြင့် (၂၇)နှစ်ချင်းတူညီနေသော်လည်း ဂျိုကိုဗစ်မှာ အသက်(၁၃)နှစ်ကတည်းက ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမားတစ်ဦးဖြစ်လာခဲ့ခြင်းကြောင့် အန်ဒီမာရေးထက် အတွေ့အကြုံရင့်ကျက်သူဖြစ်သည်။ ထို့ပြင် ဆာဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်သည် တင်းနစ်ဖလား ၄၈ လုံးအထိ ရယူဆွတ်ခူးခဲ့ပြီး အန်ဒီမာရေးမှာမူ တင်းနစ်ဖလား ၃၁ လုံးသာလျှင် ရယူဆွတ်ခူးထားနိုင်ခဲ့သည်။ ၎င်းတို့၏ ကစားသမားဘဝအောင်မြင်မှုကို ကြည့်မည်ဆိုပါက ဂျိုကိုဗစ်၏ အောင်မြင်မှုရာခိုင်နှုန်းမှာ ၈၁ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး အန်ဒီမာရေး၏အောင်မြင်မှုရာခိုင်နှုန်းမှာ ၇၆ ဒသမ ၁ ရာခိုင်နှုန်းသာရှိသည်။

ဂျိုကိုဗစ်သည် သြစတြေးလျအိုးပင်းတင်းနစ်ဖလားကို လေးကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့သော်လည်း အန်ဒီမာရေးမှာမူ သြစတြေးလျအိုးပင်းတင်းနစ်ဖလားကို တစ်ကြိမ်မျှ ဆွတ်ခူးနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ အန်ဒီမာရေးနှင့် ဂျိုကိုဗစ်တို့သည် ဂရင်းဆလင်းပြိုင်ပွဲလေးပွဲအပါအဝင် နောက်ဆုံးဗိုလ်လုပွဲကို ကိုးကြိမ်တိုင်တိုင်ထိပ်တိုက်ဆုံတွေ့ခဲ့ရာတွင် ဂရင်းဆလင်းပြိုင်ပွဲ နှစ်ပွဲစီအနိုင်ရရှိထားကြသည်။ ထိုသို့ကစားသမားဘဝနှိုင်းယှဉ်မှုများတွင် ဂျိုကိုဗစ်က သာလွန်နေသော်လည်း ယခုသြစတြေးလျအိုးပင်း အမျိုးသားတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲတွင်မူ အန်ဒီမာရေး ဆွတ်ခူးနိုင်မည်ဟု ရေပန်းစားနေကြောင်း သိရသည်။

ပြည်ထောင်စုနေ့အကြို ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှု ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်ရေးကို ဦးတည်၍ ၂၀၁၅ ခုနှစ် ပြည်ထောင်စုနေ့အကြို ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲကို မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်က ကြီးမှူး၍ ဖေဖော်ဝါရီ ၈ ရက်တွင် ရန်ကုန်မြို့ MCC ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အမျိုးသားကာယဗလမောင်ပြိုင်ပွဲတွင် ကီလို ၆၀၊ ၆၅၊ ၇၀၊ ၇၅ နှင့် ၇၅ ကီလိုအထက်ဟူ၍ ငါးတန်းခွဲခြားထားပြီး မြန်မာ့လက်ရွေးစင်ဖြစ်ခဲ့ဖူးသူများနှင့် ၂၀၁၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ကာယဗလမောင်ပြိုင်ပွဲတွင် အတန်းအသီးသီး၌ ပထမဆုရရှိခဲ့သူများ ပါဝင်ယှဉ်ပြိုင်ခွင့်မရှိပေ။ အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ၅ ပေ ၃ လက်မအောက်နှင့် ၅ ပေ ၃ လက်မနှင့်အထက်ဟူ၍ နှစ်တန်းခွဲခြားထားပြီး မြန်မာ့လက်ရွေးစင် ဖြစ်ခဲ့ဖူးသူများ ပါဝင်ယှဉ်ပြိုင်ခွင့်မရှိပေ။

ပြိုင်ပွဲဝင်များ ကိုယ်အလေးချိန်နှင့် အရပ်တိုင်းခြင်းနှင့် အတန်းခွဲခြားစိစစ်ခြင်းကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် လက်ရွေးစင်လေ့ကျင့်ရေးစခန်း၌ ပြုလုပ်မည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဖေဖော်ဝါရီ ၅ ရက် နောက်ဆုံးထား၍ အဖွဲ့ချုပ်အတွင်းရေးမှူး ဦးကျော်သန်း ဖုန်း -၂၅၁၄၁၇၊ မြို့တော်ခန်းမ (ရန်ကုန်မြို့)နှင့် တွဲဖက်အတွင်းရေးမှူး ဦးဝင်းကြည် ဖုန်း-၀၉၅၀၄၆၉၁၃ နှင့် ဦးကျော်စိန်သန်း ဖုန်း -၀၉၄၅၀၀၂၅၈၆၈ တို့သို့ ပတ်စပို့ဓာတ်ပုံတစ်ပုံနှင့်အတူ စာရင်းပေးသွင်းဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဖေဖော်ဝါရီ ၁၊ ၂ နှင့် ၃ ရက် ကစားမည့် ပွဲစဉ်များ

ပရီမီယာလိဂ်

အာဆင်နယ် - ဗီလာ		ည-၈း၀၀
ဆောက်သမ်တန် - ဆွမ်ဆီး		ည-၁၀း၃၀

စီးရီးအေ

ဆာစူအိုလို - အင်တာမီလန်		ည-၆း၀၀
ဆီစီနာ - လာဇီယို		ည-၈း၃၀
ရိုးမား - အမ်ပိုလီ		နံနက်-၂း၁၅
ပါလာမို - ဗီရိုနာ		ည-၈း၃၀
အူဒီးနီးစ် - ဂျူဗင်တပ်		ည-၈း၃၀
တိုရီနို - ဆမ်ဒိုးရီးယား		ည-၈း၃၀
အေစီမီလန် - ပါးမား		နံနက်-၂း၁၅

လာလီဂါ

လီဗန်တေး - ဘီဘာအို		ညနေ-၅း၃၀
ဘာစီလိုနာ - ဗီလာရီးယဲလ်		နံနက်-၂း၃၀
အီဘား - အက်သလက်		ည-၁၁း၃၀
ဂရန်နာဒါ - အဲလ်ချီ		နံနက်-၁း၃၀
အယ်မာရီးယား - ဂီတာဖေး		ည-၁၀း၃၀
ဆီဗီးလ် - အက်စ်ပန်ညို		ည-၁၂း၃၀
မာလာဂါ - ဗလန်စီယာ		ည-၂း၁၅

မောင်မောင်ဇော်

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁။)

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

(၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင် စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင် အကျိုးသက်ရောက်စေရမည်။

၃။ နောင်တွင် အဆိုပါ ဥပဒေဟု ရည်ညွှန်းသည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေပုဒ်မ ၃ တွင်-

(က) ပုဒ်မခွဲ(က) တွင်ပါရှိသော "ကျပ်သုံးသိန်း"ဆိုသည့် စကားရပ်ကို "ကျပ်တစ်ဆယ်သိန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ခ)တွင် ပါရှိသော "ကျပ်နှစ်သိန်း" ဆိုသည့် စကားရပ်ကို "ကျပ်ငါးသိန်း"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ(ဂ)တွင်ပါရှိသော "ကျပ်နှစ်သိန်း"ဆိုသည့် စကားရပ်ကို "ကျပ်ငါးသိန်း"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မခွဲ(ဃ)တွင် ပါရှိသော "ကျပ်တစ်သိန်း"ဆိုသည့် စကားရပ်ကို "ကျပ်သုံးသိန်း"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အဆိုပါ ဥပဒေပုဒ်မ ၆ တွင်ပါရှိသော "ကျပ် ၂၀၀၀"ဆိုသည့် စကားရပ်နှင့် "ကျပ် ၃၀၀၀"ဆိုသည့် စကားရပ်တို့ကို "ကျပ် ၅၀၀၀"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အဆိုပါ ဥပဒေပုဒ်မ ၈ တွင်ပါရှိသော "ကျပ် ၅၀၀၀"ဆိုသည့် စကားရပ်ကို "ကျပ်တစ်သောင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အဆိုပါ ဥပဒေပုဒ်မ ၁၂ ၏ နောက်တွင် ပုဒ်မ ၁၂-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၁၂-က။ လွှတ်တော်ကိုယ်စားလှယ်များသည် ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃)နှင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄)တို့တွင်ပါရှိသော ပုဒ်မ ၉၊ ပုဒ်မခွဲ (င)နှင့် (စ)တို့ပါ လုပ်ငန်းတာဝန်များထမ်းဆောင်ခြင်း၊ ပုဒ်မခွဲ(ဆ)ပါ လုပ်ငန်းတာဝန်ဆောင်ရွက်ရန် အချက်အလက်ရှာဖွေခြင်းနှင့် ပုဒ်မခွဲ(ဇ)ပါ လွှတ်တော်ကပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်းပြုသည့်အခါ၌လည်း ဤဥပဒေပုဒ်မ ၆ နှင့် ၈ တို့အရ ပြဋ္ဌာန်းထားသော စရိတ်များကို ခံစားခွင့်ရှိသည်။ သို့ရာတွင်ရွေးကောက်ခံမဟုတ်သော လွှတ်တော်ကိုယ်စားလှယ်များသည် ယင်းပုဒ်မ ၉၊ ပုဒ်မခွဲ(ဇ)အတွက်သာ ခံစားခွင့်ရှိသည်။"

၇။ အဆိုပါ ဥပဒေ ပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၄။ ဤဥပဒေအရ ခံစားခွင့်ပြုသည့် ချီးမြှင့်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံရမည်။ သို့ရာတွင် စရိတ်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်။"

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပုဒ်မ ၁၀၆ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ ၁၀၇ တို့အရ ဤဥပဒေကို ထုတ်ပြန်သည်။

နိုင်ငံတကာ သတင်းဂျာနယ်

ကမ္ဘာ့နိုင်ငံရေး ဇာတ်ခုံအကြောင်း ဇာတ်စုံသိချင်ပါသလား။
တစ်စောင်တည်းနှင့် ပြည့်စုံစေမှာ နိုင်ငံတကာသတင်းဂျာနယ်ပါ။

- အိန္ဒိယသမုဒ္ဒရာကို လွှမ်းမိုးရန် တရုတ်နိုင်ငံအဆင်သင့်ဖြစ်နေပြီလား
- အစ္စရေးဝန်ကြီးချုပ်ဆန့်ကျင်နေသည့် အီရန်နျူကလီးယားဆွေးနွေးပွဲသဘောတူညီချက်များ
- ၂၀၁၅ ခုနှစ်အတွင်း စစ်အေးတိုက်ပွဲဆင်နွှဲဖို့ ပူတင်ပြင်ဆင်
- ယူကရိန်းပြဿနာနှင့် ရုရှားစစ်အသုံးစရိတ်တိုးမြှင့်မှု
- ၂၀၁၅ ခုနှစ် အမေရိကန်အနေအထားနှင့် အိုဘားမား
- တရုတ်စီးပွားရေးသည် ကမ္ဘာ့နံပါတ်တစ် ဖြစ်လာသလော
- အိုဘားမား၏ အိန္ဒိယခရီးစဉ်တွင် အလေးပေးဆွေးနွေးဖွယ်ရာများ
- အမေရိကန်အရှုံးပြနေသည့် ငွေကြေးစစ်ပွဲ
- ညီညွတ်ဆဲ ဆော်ဒီအုပ်ချုပ်ရေး မိသားစု

စသည့် နိုင်ငံတကာသတင်းသုံးသပ်ချက်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် တနင်္လာနေ့တိုင်း ထွက်ရှိလာပြီ။

ကြော်ငြာနှင့် ဖြန့်ချိရေး ဖုန်း - ၂၉၂၈၃၀၊ ၂၉၄၂၇၊ ၀၁-၈၆၁၀၆၈၅

မွန်အမျိုးသားနေ့ကျင်းပရေး သတင်းမီဒီယာအဖွဲ့နှင့်တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၃၁

ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်မည့် (၆၈)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနား(ရန်ကုန်)ကို ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ ကျင်းပမည့် အခမ်းအနားဆောင်ရွက်ထားပုံကို သတင်းမီဒီယာအဖွဲ့အား အသိပေးပြောကြားသည့်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ မွန်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီနာယက ဦးနိုင်မောင်တိုး၊ အခမ်းအနားကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးနိုင်ဖေတင်နှင့် အတွင်းရေးမှူး ဦးနိုင်စိုးကြည်တို့က သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

(၆၈)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို (ရန်ကုန်)ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်တွင် ဖေဖော်ဝါရီ ၄ ရက် ညနေ ၅ နာရီခွဲမှ ည ၁၂ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်ဝင်း(ကြေးမုံ)

သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း ဖွဲ့စည်းမည်

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းဟောင်းများ၏ ကျန်းမာရေး၊ လူမှုရေးနှင့် သာရေးနာရေးဆိုင်ရာကိစ္စများကို ကူညီဆောင်ရွက်ပေးနိုင်ရန် သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်းကို ဖွဲ့စည်းတည်ထောင်မည်ဖြစ်ပါသည်။

အဆိုပါအသင်း ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းဟောင်း(အငြိမ်းစား၊ နုတ်ထွက်၊ ဌာနပြောင်း)များအနေဖြင့် သက်ဆိုင်ရာသတင်းစာတိုက်များသို့ ဆက်သွယ်စာရင်းပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ အသေးစိတ် သိရှိလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က)	ဒေါ်စန်းစန်းမြင့်	ဖုန်း ၀၁-၂၀၀၈၁၂
(ခ)	ဦးဇော်မင်း	ဖုန်း ၀၁-၅၄၄၃၁၄
(ဂ)	ဦးရွှေကို	ဖုန်း ၀၁-၈၆၁၀၆၈၅

အသင်းဖြစ်မြောက်ရေးကော်မတီ

တိုင်းရင်းသားရိုးရာ သားရေတပ်တူရိယာပစ္စည်းများ လှူဒါန်း/ငှားရမ်းပေးနိုင်ရေး ဖိတ်ခေါ်ခြင်း

ယဉ်ကျေးမှုဝန်ကြီးဌာနက တိုင်းရင်းသားရိုးရာ သားရေတပ်တူရိယာပစ္စည်းများကို စုစည်း၍ ယဉ်ကျေးမှုစင်တာအဖြစ် ဖွင့်လှစ်ထားရှိသော ကမ္ဘောဇရိပ်သာ (ချင်းချောင်းနန်းတော်) ရန်ကုန်မြို့၌ မြန်မာ့တူရိယာပစ္စည်းများပြပွဲတွင် ခင်းကျင်းပြသရန် စီစဉ်လျက်ရှိပါသည်။

သို့ပါ၍ တိုင်းရင်းသားရိုးရာသားရေတပ်တူရိယာပစ္စည်းများ (ဥပမာ-ရှမ်းအိုးစည်၊ ရခိုင်စည်တော်၊ အိုးစည်၊ ဗုံတို/ဗုံရှည်---စသည်)များကို စုဆောင်းထားရှိသော ပုဂ္ဂလိကအလှူရှင်များကသော်လည်းကောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများကသော်လည်းကောင်း၊ လှူဒါန်း (သို့မဟုတ်) ငှားရမ်း (သို့မဟုတ်) ရောင်းချပေးလိုပါက ပေးနိုင်ရေးအတွက် ဖိတ်ခေါ်အသိပေးအပ်ပါသည်။

လှူဒါန်း/ငှားရမ်း/ရောင်းချပေးလိုပါက အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ရုံးချိန်အတွင်း ဆက်သွယ်ပြန်ကြားပေးပါရန် မေတ္တာရပ်ခံပါသည်-

- ဦးဇော်ငွေး၊ ဒုတိယပါမောက္ခချုပ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)- ဖုန်း-၀၁-၅၉၀၂၃၄
- ဦးညွန့်ဝင်း၊ ညွှန်ကြားရေးမှူး(စီမံ)၊ အနုပညာဦးစီးဌာန၊ ဖုန်း-၀၆၇-၄၀၈၀၃၄၊
- ဦးသူအောင်၊ ဒုတိယညွှန်ကြားရေးမှူး၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ (ဝန်ကြီးရုံး)၊ ဖုန်း-၀၆၇-၄၀၈၂၈၃

အနုပညာဦးစီးဌာန
ယဉ်ကျေးမှုဝန်ကြီးဌာန

ရောင်းရန်ရှိသည်

ရွှေပြည်သာဇုန်(၂)၊ ကမ်းနားလမ်းနှင့်ဒေါ်ဖွားရှင်လမ်းထောင့်ကွက် (၃ဒသမ၇၃၇ဧကေ)၊ ပေ(အလျား၆၆၀×အနံ ၂၄၅) ရောင်းရန်ရှိသည်။ ခြံစည်းရိုးခတ်ပြီး၊ ဖြေဖို့ပြီး။ (အရှေ့ဘက်တွင်လှိုင်မြစ်ကမ်းရှိသည်။)

ဆက်သွယ်ရန်ဖုန်း- ၀၉-၈၃၀၃၉၉၉၊ ၀၉-၈၃၀၂၆၆၆
၀၉-၈၃၀၃၈၈၈

အမြန်ပြန်လာပါ

အမရပူရမြို့နယ်၊ မြစ်ငယ်မြို့၊ အောင်ချမ်းသာရပ်ကွက်နေ ကျွန်တော်မောင်ပါ(ခ)မောင်မြင့်သိန်း၏ဇနီး မအေးအေးယု(ခ)မယု[၁၂/မရက(နိုင်)၁၀၀၅၈၉]သည် သားတုံတုံ(ခ)ထွဋ်ဘုန်းကို(၆)နှစ်သားနှင့်အတူ ၄-၁-၂၀၁၅ ရက်တွင် အိမ်မှထွက်သွားပါသည်။ မိသားစုအားလုံးစိတ်ပူနေသည်။ သတင်းပေးသူအား ကျေးဇူးဆပ်ပါမည်။

မောင်မြင့်သိန်း
ဖုန်း- ၀၉-၄၄၄၀၂၁၈၉၆၊ ၀၂-၅၅၂၇၅



ပျောက်ဆုံးကြောင်း

ကျွန်တော် ကောင်းညဏ်ဝင်း[၈/မကန (နိုင်)၁၅၀၄၄၀] CDC No 66874 စာအုပ်မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့်တွေ့ ရှိကအကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ ဖုန်း-၀၉-၄၅၀၀၆၂၆၅၄

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် လှရတနာ သုံးထပ်တိုက်ကျောင်း၌ နှစ်စဉ်တစ်နှစ်တစ်ကြိမ် ကျင်းပမြဲဖြစ်သော 'စွယ်တော်ရတနာစေတီ' တေရသမအကြိမ် ဓမ္မပူဇာတရားပွဲများ

၁။ အဝေရာရာမ ရန်ကင်းဆရာတော်
ဘဒ္ဒန္တသြဒါတသိရီဘိဝံသ ၁-၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)

၂။ သီတဂူ အရှင်တိက္ခသာရ ၂-၂-၂၀၁၅ရက်(တနင်္လာနေ့)

၃။ ဗန်မော်ဆရာတော်ကြီး
ဘဒ္ဒန္တကုမာရာဘိဝံသ ၃-၂-၂၀၁၅ရက် အင်္ဂါနေ့။

(ညစဉ် ၇ နာရီအချိန်တွင် စတင်ဟောကြားတော်မူပါမည်။)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ရူပဗေဒဘာသာ သင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ
သိမှတ်ဖွယ်ရာ ရူပဗေဒဘာသာ

မင်္ဂလာပါ။

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများကို ရူပဗေဒဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ ဆွေးနွေးပို့ချမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ရူပဗေဒဘာသာရပ် မေးခွန်းပုံစံကို ပြောပြမှာ ဖြစ်ပါတယ်။

ရူပဗေဒမေးခွန်းရဲ့ SECTION (A) အပိုင်းမှာ မေးခွန်းအားလုံး ဖြေဆိုရပါမယ်။ မေးခွန်းနံပါတ် (၉) ကတော့ OR နဲ့ မေးထားတဲ့အတွက် (၂) ပုဒ်ထဲက နှစ်သက်ရာ (၁) ပုဒ်ကိုပဲ ဖြေရပါမယ်။ SECTION (B) မှာတော့ (၆) ပုဒ်ကနေ နှစ်သက်ရာ (၄) ပုဒ်ကိုပဲ ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။

မေးခွန်း နံပါတ် (၁၅) ကလည်း OR ထည့်ပြီး မေးတာဖြစ်ပါတယ်။ မေးခွန်း (၂) ပုဒ်ထဲက (၁) ပုဒ်ကိုပဲ ရွေးပြီး ဖြေဆိုရမှာပါ။ ပထမနံပါတ် (၁၅) ရဲ့ (a) နဲ့ (b) ကို နောက်နံပါတ် (၁၅) ရဲ့ (a), (b) အတွဲနဲ့ ရောဖြေလို့မရပါဘူး။

ရူပဗေဒဘာသာရပ် ပြဋ္ဌာန်းစာအုပ်မှာ သင်ခန်းစာအခန်း (၁)မှ အခန်း (၁၃)ထိ ရှိပါတယ်။ သင်ခန်းစာ ခေါင်းစဉ်တွေက Mechanics (Power and Pressure), Heat, Waves and Sound, Optics, Electricity and Magnetism နဲ့ Modern Physics စသဖြင့် အပိုင်း (၆)ပိုင်း ခွဲခြားထားပြီး ခေါင်းစဉ်အလိုက် အားလုံးမျှပြီးပါဝင်အောင် အခန်းတိုင်းက သင်ခန်းစာတွေပေါ် မူတည်ပြီး မေးခွန်းမေးတာ ဖြစ်ပါတယ်။

ရူပဗေဒ မေးခွန်းတွေမှာ Theory, Definition, Law, Problem, Diagram, ဉာဏ်စမ်းမေးခွန်းတို့ကို ရောပြီး မေးလေ့ရှိပါတယ်။ မေးတဲ့မေးခွန်းအားလုံးကို သေသေချာချာဖတ်ပြီး ဖြေပေးရပါမယ်။ Law, Definition ကို ဖြေတဲ့အခါ ဖြစ်စေ၊ discuss, mention လုပ်ခိုင်းတာကို ဖြေတဲ့အခါဖြစ်စေ တိတိကျကျ၊ ပြည့်ပြည့်စုံစုံနဲ့ဖြေမှ အမှတ်ပြည့်ရမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး စာမေးပွဲဖြေဆိုတဲ့အခါမှာ သတိထားရမယ့် အချက်တွေကို ပြောပြပါမယ်။

(၁) ရူပဗေဒဘာသာရပ်မှာ Physical quantity တွေနဲ့ သူတို့ရဲ့ unit တွေကို သိထားရပါမယ်။

ဥပမာ - ကားတစ်စီးရဲ့ ဒြပ်ထု (mass) က 600 kg ရှိတယ်လို့ ပြောတဲ့အခါ kg ကို မဖော်ပြခဲ့ရင် အဓိပ္ပာယ်မရှိပါဘူး။ unit ကလည်း system အမျိုးမျိုးရှိတဲ့အတွက် တစ်ခုချင်းအတွက်သိထားပြီး system တစ်ခုအတွက် unitနှင့်အခြား system တစ်ခုရဲ့ unit ဆက်စပ်မှုကိုလည်း သိရမယ်။

ဥပမာ- energy ရဲ့ unit မေးရင် joule (J), erg, foot-pound (ft-lb) စသည်ဖြင့် အပြည့်အစုံဖြေရပါမယ်။ $1J = 10^7$ ergs ဆိုတဲ့ ဆက်စပ်မှုကိုလည်း သိဖို့လိုတယ်။ နောက် physical quantity တစ်ခုချင်းက vector quantity လား၊ scalar quantity လား သိဖို့လိုတယ်။

(၂) ပုစ္ဆာတွက်တဲ့အခါ ပေးထားချက်တွေမှာ unit system မတူတာတွေ ရှိတတ်ပါတယ်။ unit မပြောင်းဘဲ တွက်ခဲ့ရင် အမှတ်ပြည့် မရနိုင်ပါဘူး။ မေးခွန်းတစ်ခုမှာ -

Q - What is the tension required for a violin string to vibrate at fundamental frequency of 400 Hz? The length of the violin string is 30 cm and the mass per unit length of string is 6.8×10^{-4} kg m^{-1}.

$f_1 = 400$ Hz, $\mu = 6.8\times10^{-4}$ kg m^{-1}, $l = 30$ cm

ပေးထားချက်မှာ length, mass per unit length တို့၏ unit system မတူပါဘူး။ ဒါကြောင့် length ရဲ့ unit 'cm' ကို 'm' ပြောင်းပေးရပါမယ်။

$l = 30\ cm = 30\times10^{-2}$ m

သုံးရမယ့် formula က $f_n = \frac{n}{2l}\sqrt{\frac{T}{\mu}}$ ဖြစ်ပြီး

fundamental frequency အတွက် $f_1 = \frac{1}{2l}\sqrt{\frac{T}{\mu}}$ ဖြစ်ပါတယ်။

နောက်ပုစ္ဆာတစ်ပုဒ်မှာတော့ -

Q - The total pressure at the bottom of a tank is 3 atm. To what height has the water been filled in the tank? ($\rho = 1000$ kg m^{-3}, g = 10 ms^{-2})

$p = 3$ atm, $p_{atm} = 1$ atm, h = ?

$p = p_{atm} + \rho gh$

3 atm = 1 atm + ρgh

2 atm = ρgh

$2\times1.01\times105 = 1000\times10\times h$

$h = \frac{2.02\times10^5}{10^4} = 20.2$ m

ပေးထားချက်မှာ ρ နဲ့ g ကို SI unit နဲ့ ပေးထားတာကြောင့် 2 atm ကို pascal (Pa) unit ပြောင်းပေးရမယ်။

(၃) ပေးထားချက်ကို တိုက်ရိုက်မပေးတာတွေ ရှိပါတယ်။ ကိုယ်တိုင်ထုတ်ယူတတ်ဖို့ လိုပါတယ်။

ဥပမာ (၁) Q - An object is 60 cm away from a lens and its image is formed 15 cm on the same side as the object from the lens. What is the type of the lens? Find the power of the lens.

အဖြေမှာ ပုံရိပ်က ဝတ္ထုနဲ့တစ်ဖက်တည်းမှာ ပေါ်တယ်လို့ ပေးထားတဲ့အတွက် ပုံရိပ်ယောင် (virtual image) ဖြစ်ပါတယ်။ ဒါကြောင့် v = - 15 cm ဖြစ်ပါတယ်။ ပုံရိပ်ယောင်ရဲ့ အကွာအဝေးက ဝတ္ထုအကွာအဝေးထက် ပိုငယ်တဲ့အတွက် မှန်ဘီလူး (lens) က concave lens ဖြစ်ပါတယ်။

u = 60 cm, v = -15 cm, f = ?, P = ?

lens formula ဖြစ်တဲ့ $\frac{1}{u} + \frac{1}{v} = \frac{1}{f}$ ကို သုံးပြီးတွက်ရင်

f = - 20 cm ရပါတယ်။

တွက်ထားတဲ့အဖြေကလည်း f က negative တန်ဖိုးရတဲ့အတွက် concave lens ပဲဖြစ်ပါတယ်။ အဖြေမှန်၊ မမှန် check လုပ်နိုင်ပါတယ်။

ပါဝါကိုရှာတဲ့အခါ $P = \frac{1}{f\ (cm)}\ 100$, $P = \frac{100}{f\ (cm)}$

formula တွေသုံးပြီးတွက်ပါ။

ဥပမာ (၂) Q - Two charges of $+2\times10^{-12}$ C and -5×10^{-12} C are 5 m apart in air. Determine the electric field intensity and the electric potential at midway between them.



$Q_1 = +2\times10^{-12}$ C, $Q_2 = -5\times10^{-12}$ C

Charge နှစ်ခုရဲ့ အလယ်မှတ်မှာရှိမယ့် electric field နဲ့ electric potential ရှာရမှာ ဖြစ်တယ်။ r_1 နဲ့ r_2 ကို တိုက်ရိုက် မပေးထားပါဘူး။ Charge နှစ်ခုရဲ့ အလယ်မှတ်ဖြစ်တဲ့အတွက် $r_1 = r_2 = \frac{5}{2} = 2.5$ m ဖြစ်ပါတယ်။

Charge Q_1 ကြောင့် အမှတ် P မှာရှိတဲ့ electric field ကို $E_1 = k\frac{Q_1}{r_1^2}$ သုံးပြီးတွက်ပါ။ အဖြေမှာ direction ထည့်ပေးပါ။

ထိုနည်းတူ Q_2 ကြောင့် အမှတ် P မှာရှိတဲ့ electric field ရှာပြီး field နှစ်ခုကို vector နည်းအရ ပေါင်းရင် resultant electric field ကိုရပါမယ်။ direction ကိုလည်း ဖော်ပြဖို့လိုအပ်ပါတယ်။

Potential အတွက်ဆိုရင်လည်း charge တစ်ခုစီကြောင့် အမှတ် P မှာရှိတဲ့ electric potential ကို ရှာရမယ်။ Potential နှစ်ခုကိုပေါင်းရင် total electric potential ကိုရပါမယ်။ Potential တွက်တဲ့အခါ charge ရဲ့ လက္ခဏာ positive (+) (သို့) negative (-) ထည့်ပေးရပါမယ်။

(၄) မေးခွန်းတွင် မေးသောအချက်များကို အယူအဆမှားပြီး ဖြေဆိုမှုတွေရှိပါတယ်။

ဥပမာ (၁) Q - What are the maximum and minimum resistance that can be obtained by combinations of three resistors with resistances of 0.5 Ω, 2 Ω and 2.5 Ω?

Ans : maximum resistance ရဖို့ Resistor အားလုံးကို series ဆက်ရပါမယ်။

For maximum resistance, $R_{max} = R_1 + R_2 + R_3$ ကို အသုံးပြုပြီး တွက်ရပါမယ်။

minimum resistance ရဖို့ Resistor အားလုံးကို parallel ဆက်ရပါမယ်။

For minimum resistance, $\frac{1}{R_{min}} = \frac{1}{R_1} + \frac{1}{R_2} + \frac{1}{R_3}$ formula ကိုအသုံးပြုပြီး တွက်ရပါမယ်။

တွက်တဲ့အခါမှာလည်း maximum အတွက် minimum အတွက်ဆိုပြီး သေသေချာချာဖော်ပြပေးရပါမယ်။

ဥပမာ (၂) Q - A 6 V battery is connected to two parallel metal plates. The electric field intensity between the plates is 300 Vm^{-1}. How far are the plates apart? Find the work done in carrying an electron from one plate to the other. ($e = 1.6\times10^{-19}$ C)

V = 6 V, E = 300 Vm^{-1}, d = ?, W = ?

ဒီပုစ္ဆာမှာ ပထမမေးခွန်းက metal plate နှစ်ခုကြား အကွာအဝေးကို မေးတဲ့အတွက်

V = Ed, formula ကို အသုံးပြုပြီး တွက်ရပါမယ်။

point charge အတွက် formula ဖြစ်တဲ့ $E = k\frac{Q}{r^2}$, $V = k\frac{Q}{r}$ သုံးပြီးတွက်ရင် မမှန်ပါဘူး။

နောက်ဆက်ပြီး work done ကိုရှာရင် W = V q ကို အသုံးပြုရပါမယ်။

ဥပမာ (၃) Q - The electric potential and magnitude of the electric field intensity at a point at some distance from a point charge are 300 V and 100 NC^{-1} respectively. How far is the point from charge?

V = 300 V, E = 100 NC^{-1}, r = ?

ဒီပုစ္ဆာမှာ point charge တစ်ခုရဲ့ အကွာအဝေးတစ်ခုမှာရှိတဲ့ အမှတ်တစ်ခုအတွက် electric potential နဲ့ electric field intensity ပေးထားပါတယ်။ အဲဒီအမှတ်နဲ့ point charge ရဲ့ အကွာအဝေးရှာမှာ ဖြစ်ပါတယ်။

ဒါကြောင့်

$$V = k\frac{Q}{r} \quad နဲ့ \quad E = k\frac{Q}{r^2}$$

formula တွေကို အသုံးပြုပြီး အကွာအဝေးကို တွက်ရပါမယ်။

ဥပမာ (၄) Q - An electron has a mass of 9.1×10^{-31} kg and an electric charge of -1.6×10^{-19} C. The gravitational force between two bodies of mass m and M a distance d apart is $F = G\frac{Mm}{d^2}$ where $G = 6.6\times10^{-11}\ Nm^2kg^{-2}$, $K = 9\times10^9\ Nm^2C^{-2}$. Compare the gravitational and electrical forces acting between two electrons.

အကွာအဝေးတစ်ခု "d" ကွာဝေးတဲ့ e^- နှစ်ခုကြား Gravitational force နဲ့ Electrical force ကို နှိုင်းယှဉ်ပြရမှာဖြစ်ပါတယ်။

$m_e = 9.1\times10^{-31}$ kg, $Q_e = -1.6\times10^{-19}$ C, Gravitational force, $F_g = G\frac{Mm}{d^2} = G\frac{m_e^2}{d^2}$

electron နှစ်ခုရဲ့ mass ကို ($m = m_e$, $M = m_e$) အစားသွင်းရပါမယ်။

စာမျက်နှာ ၁၆ သို့ »»

»» စာမျက်နှာ ၁၅ မှ

Electrical force, $F_e = K\frac{Q_1Q_2}{d^2} = K\frac{Q_e^2}{d^2}$

($Q_1 = Q_2 = Q_e$) အစားသွင်း တွက်ရပါမယ်။

$\frac{F_e}{F_g} = 2.372 \times 10^{..}$ ဖြစ်ပြီး $\frac{F_e}{F_g} = 4.22 \times 10^{..}$ ဖြစ်ပါတယ်။

compare လုပ်တဲ့အခါ ကြိုက်ရာတစ်ခု ဖြေလို့ရပါတယ်။

(၅)Ray diagram ဆွဲရင် သတိထားရမယ့် အချက်တွေကတော့ အလင်းတန်းတွေမှာ မြားပါရမယ်။ အလင်းတန်းကို အဖြောင့်ဆွဲရမယ်။ ပုံရိပ်စစ်၊ ပုံရိပ်ယောင် ခွဲခြားဆွဲရမယ်။ F, 2F, P, OÓ, IÍ စသည်တို့ကို ထင်ထင်ရှားရှား ထည့်ပေးရပါမယ်။

(၆)ပုစ္ဆာတွေမှာ ပေးထားချက်ကို ထုတ်ယူတတ်ပြီး ဘာမေးသလဲဆိုတာ သိဖို့လိုပါတယ်။ တွက်တဲ့အခါ သက်ဆိုင်တဲ့ ပုံသေနည်း (formula) ကို ရွေးချယ်တတ်ဖို့လိုပါတယ်။ တချို့ပုစ္ဆာတွေမှာ မလိုအပ်တဲ့ ပေးထားချက်ပိုနေတာကိုလည်း သိရပါမယ်။

(၇) ဂရပ်ဆွဲရင် axis တွေမှာထားတဲ့ quantity ကို ဖော်ပြရမယ်။ Graph အမည်ကို ဖော်ပြပေးရပါမယ်။ ဖြတ်မှတ်ကိုလည်း မှန်ကန်အောင်ဆွဲရမယ်။

(၈) အဆင့်ကျော်တွက်ရင်လည်း မှားတတ်ပါတယ်။ အဆင့်လိုက် ပေးတာဖြစ်တဲ့အတွက် အမှတ်ပြည့်မရတာမျိုး ဖြစ်နိုင်ပါတယ်။ မဆိုင်တဲ့စာတွေ အဖြေမသိလို့ ရေးချင်တာ ရေးတာတွေ မလုပ်သင့်ပါ။ အကျိုးမရှိလို့ မရေးသင့်ပါဘူး။

(၉) လက်ရေးပီပီသသရေးပြီး သေသေသပ်သပ်ဖြေရပါမယ်။ ဥပမာပေးခိုင်းရင်လည်း တိကျမှန်ကန်တဲ့ ဥပမာပေးရပါမယ်။

(၁၀) တွက်ချက်မှုတွေမှာ ပေါင်းနုတ်၊ မြှောက်စား လွယ်ကူတာတွေကိုတောင် မှားပြီးတွက်တတ်ပါတယ်။ အလွန်တော်တဲ့ ကျောင်းသား ကျောင်းသူတွေတောင် ဒီလိုအမှားမျိုး ရှိတတ်ပါတယ်။ ဒါကြောင့် အကြိမ်ကြိမ် စစ်ဆေးပေးရန် လိုအပ်ပါတယ်။

ကျောင်းသား ကျောင်းသူအားလုံး စာမေးပွဲကို ကောင်းမွန်စွာ ဖြေဆိုနိုင်ကြပါစေ။

ဒေါက်တာခင်မာကြူ
ပါမောက္ခ (ဌာနမှူး)
ရူပဗေဒဌာန
ရန်ကုန်တက္ကသိုလ်

ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် မီဒီယာများတွေ့ဆုံ

ပဲခူး ဇန်နဝါရီ ၃၁

ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် မီဒီယာများ လစဉ်ပုံမှန်ရှင်းလင်းပွဲကို ဇန်နဝါရီ ၃၀ ရက်က ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက်ရှိ ရဲရိပ်သာ၌ ကျင်းပရာ ရှင်းလင်းပွဲသို့ ပဲခူးတိုင်းဒေသကြီး ဒုတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းစိန်၊ ရဲဦးစီးပထမတန်း ဒုတိယရဲမှူးကြီး အောင်ဆန်းဝင်း၊ ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းနှင့် စခန်းမှူးများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ မီဒီယာများ တက်ရောက်ခဲ့ကြပြီး မီဒီယာများက သိရှိလိုသည့်ချက်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ **(ဝ၇၅)**

မီးသတ်ယာဉ်ပေးအပ်ပွဲ ဆားမလောက်ကျေးရွာ၌ ကျင်းပ

ညောင်တုန်း ဇန်နဝါရီ ၃၁

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ နယ်မြေမီးသတ်စခန်းသို့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ် တစ်စီး ပေးအပ်ပွဲကို ဇန်နဝါရီ ၂၇ ရက် ညနေ ၄ နာရီက ဆားမလောက်ကျေးရွာ သုခမင်္ဂလာဈေးကြီးရှေ့ယာယီ မီးသတ်စခန်း၌ ကျင်းပသည်။

မီးသတ်ရေသယ်ယာဉ်နှင့် ပတ်သက်၍ စာရွက်စာတမ်းများကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇင်ဝင်းက ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးထွန်းသိန်းတို့ထံ ပေးအပ်သည်။ အဆိုပါ မီးသတ်ရေယာဉ်ရရှိခြင်းအားဖြင့် ဆားမလောက်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၁၁ ရွာ၊ အိမ်ထောင်စု ၂၀၀၀ ကျော်တို့အား မီးဘေးအန္တရာယ်ကို တားဆီးကာကွယ်နိုင်မည့်အပြင် အခြားကျေးရွာများကိုပါ ကူညီဆောင်ရွက်သွား နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(ဝ၇၆)**

ကညင်ကုန်းလမ်း ကွန်ကရစ်ခင်း

ကွမ်းခြံကုန်း ဇန်နဝါရီ ၃၁

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ စီးပွားရေး၊ လူမှုရေးအဆင့်မြင့်မားလာရေးအတွက် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ လမ်းပန်းဆက်သွယ်မှုအဆင်ပြေစေရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဦးစီးဌာန ရန်ပုံငွေကျပ် ၁၉၂ ဒသမ ၀၀ သန်းကုန်ကျခံ၍ ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်အတွင်း အရှည် ၂၈၃၈ ပေရှိကညင်ကုန်းနှင့် အောက်ဆိပ်ချောင်းဝကျေးရွာချင်းဆက် မြေသားလမ်းအား ၁၀ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်မြင့်သူ(ကျေးလက်)**

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီးရုံးတော်၌
၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၆

ဒေါ်မြတ်မွန်အေး(ခ)လင်းလင်းထွန်း	နှင့် ဦးသိန်းထွန်း
အမှတ်(၁၄/B)၊ အခန်း(၁၂)၊	အမှတ်(၂၅၅)၊ ဗိုလ်ရာညွန့်လမ်း၊ (၅၀)ရပ်ကွက်၊
မကြီးကြီးလမ်း၊ ကလောအိမ်ရာ၊	ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
စမ်းချောင်းမြို့နယ်၊	ရန်ကုန်တိုင်းဒေသကြီး။
ရန်ကုန်တိုင်းဒေသကြီး	
တရားလို	(ယခုနေရပ်လိပ်စာမသိသူ)
	တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၂၅၅) နေ ဦးသိန်းထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်မြတ်မွန်အေး(ခ)လင်းလင်းထွန်းက သီးခြားသက်သာခွင့်ဥပဒေ ပုဒ်မ-၁၂အရ ကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်၊ ရုံးအခွင့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ၊ ၂၀၁၅ခုနှစ်၊ ဖေဖေါ်ဝါရီလ ၉ရက် (၁၃၇၆ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ အချိန်အတွင်း အထက်အမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအဆိုပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

(အောင်သန်းဝင်း)
မြို့နယ်တရားသူကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ မြေကွက်အမှတ် (၁၆၉၁)၊ မြေကွက်တည်နေရာအမှတ်(၁၆၉၁)၊ ငဝါလမ်းသွယ်လမ်း၊ ၇၉ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ဦးမင်းဆွေအမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးမင်းဆွေ [၁၂/ကတတ(နိုင်)၀၀၆၀၃၂]မှ နှစ်(၆၀) ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိခံဝန်ချက်၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျောင်းဆရာ(?)
ဖုန်း- 09-250018413, 09-73095477

HOW

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ်-၁၃၄၃၊ မြေကွက်တည်နေရာအမှတ် (၁၃၄၃)၊ ဗိုလ်သုန်လမ်း၊ ၄၉ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်(ဦးလှအေး)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှအေးထံမှ အရောင်းအဝယ်စာချုပ်(၆၀၃၃/ ၂၅-၉-၂၀၁၄)ဖြင့် ဝယ်ယူထားသူဒေါ်အေးမမ[၇/ရတန(နိုင်)၀၀၀၂၀၅] ၎င်းထံမှ SPNo-၁၉၉၃၁/ ၂၃-၇-၁၄ဖြင့်ရရှိသူဒေါ်မွန်မွန်ချိုမှ(၂၀၁၂)ခုနှစ်၊ အရောင်းအဝယ်စာချုပ်မြေပုံကူးမူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဂရန် အမည်ပြောင်းလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ကွယ်လွန်သွားကြပြီဖြစ်သော အဖ ဦးကျော်ငြိမ်း၊ အမိ ဒေါ်နွဲ့နွဲ့ရီတို့၏ ကျန်ရှိသော ပစ္စည်းများဖြစ်သည့် အမှတ်(၉၅)၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်နှင့် အမှတ်(၁၇) တက္ကသိုလ်ရိပ်သာလမ်း ဗဟန်းမြို့နယ်ရှိ အိမ်နှစ်လုံးနှင့် ပတ်သက်၍ ၎င်းတို့၏ သမီးဖြစ်သူ ကျွန်မ ဒေါ်ချိုချိုကျော်ငြိမ်း[၁၂/ဗဟန(နိုင်)၀၁၄၇၂၁]၏ တစ်ဦးတည်းအမည်ဖြင့် မည်သူ့ကိုမှ ရောင်းချခြင်း လွှဲပြောင်းခြင်းပြုလုပ်မည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ချိုချိုကျော်ငြိမ်း
[၁၂/ဗဟန(နိုင်) ၀၁၄၇၂၁]

ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးဖြိုးကိုကိုအောင်[၁၂/သဃက(နိုင်)၀၅၆၆၃၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာသည်မှာ ကျွန်ုပ်၏မိတ်ဆွေ ဦးဖြိုးကိုကိုအောင်[၁၂/သဃက(နိုင်)၀၅၆၆၃၄]၏ဇနီးဖြစ်သူ ဒေါ်နီနီဦး[၁၂/ သဃက (နိုင်)၁၄၉၅၃၂]သည် ကျွန်ုပ်၏မိတ်ဆွေနိုင်ငံခြားတွင် အလုပ်လုပ်ကိုင်နေစဉ်(၂၂-၁-၂၀၁၅)ရက်တွင် ကျွန်ုပ်၏မိတ်ဆွေရှာဖွေထားသော ရွှေ၊ ငွေနှင့်ဆိုင်ခန်းမှပစ္စည်းများနှင့် အိမ်တွင်းပစ္စည်းများကိုယူဆောင်သွားခဲ့ပါသည်။ ဤကြော်ငြာပါသည့်နေ့မှစ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးဖြိုးကိုကိုအောင်မှ ဒေါ်နီနီဦးအား ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝမှန်သမျှကို လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းနိုင်ပါသည်)

ဒေါ်စိုးဇာဇာဟန်**(LL.B)**
အထက်တန်းရှေ့နေ(စဉ်-၃၂၆၇၉)
ဖုန်း ၀၉-၄၃၀၆၉၅၇၄၊ ၀၉-၂၅၉၄၄၄၂၆၈

ပြည်တွင်းရေးရာ

ဝက်သက်နှင့်ဂျိုက်သိုးရောဂါ ကာကွယ်ဆေးများအစုလိုက် ဆေးထိုးခြင်းများအရှိန်မြှင့်တင်ဆောင်ရွက်

တောင်တွင်းကြီး၊ ဇန်နဝါရီ ၃၁

ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးများ အစုလိုက်ထိုးနှံခြင်းလုပ်ငန်းများကို တောင်တွင်းကြီး မြို့နယ်၌ သတ်မှတ်ကာလအတွင်း ပြီးစီးရေး အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက တောင်တွင်းကြီးမြို့ မြို့မအလယ်တန်းကျောင်းခွဲ၌ အသက် ၅ နှစ်မှ ၁၅ နှစ်အထိ ကျောင်းနေကလေးသူငယ်များကို ကာကွယ်ဆေးများ ထိုးပေးခဲ့ကြောင်းသိရသည်။

ယင်းသို့ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ပညာရေးဝန်ထမ်းများ ပူးပေါင်း၍ မြို့မအလယ်တန်းကျောင်းခွဲမှ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၅၉၄ ဦးတို့ကို ကာကွယ်ဆေးများထိုးပေးခဲ့သည်။

နိုင်ဝင်း

ငရုတ်စိုက်သူများ အပင်ကောင်းပြီး အသီးနည်းပါး၍အရှုံးပေါ်နိုင်

ညောင်ဦး၊ ဇန်နဝါရီ ၃၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ရွာသစ်ကုန်းကျေးရွာတွင် ယခုနှစ်စိုက်ပျိုးထားသော ငရုတ်ပင်များမှာ အပင်ကောင်းသော်လည်း အသီးနည်းပါးနေ၍ ငရုတ်စိုက်တောင်သူများအရှုံးပေါ်နိုင်သည်ဟု ဒေသခံများက ပြောသည်။

"ဒီနှစ်ငရုတ်စိုက်တောင်သူတွေ ပိုးဒဏ်အတော်ခံရတယ်။ စောစောကလည်း ငရုတ်ပင်တွေ ကိုင်းနာဝင်ခဲ့တယ်။ အခုလည်း ငရုတ်ပင်တွေမှာ ပျကောင်တွေစွဲကပ်နေတယ်။ ဆေးကုမ္ပဏီတွေကလည်း အမျိုးမျိုးလာရောင်းကြတယ်။ ဆေးဖိုးတွေလည်း တောင်သူတွေမှာ တော်တော်ကုန်တယ်။ အရင်းက တစ်ဧကလျှင် လေးသိန်းခွဲလောက်ကုန်ကျတယ်။ ငရုတ်ပင်တွေကို ထပ်ပြီး ရေသွင်းကြရတယ်။ ရေသွင်းတော့လည်း တစ်နာရီကို ကျပ် ၂၅၀၀ ပေးရတယ်။ ရေသွင်းတဲ့နေရာမှာလည်း ရေတွင်းနားနီးတဲ့သူတွေပဲ သွင်းလို့ရတယ်။ ရေတွင်းနဲ့ဝေးရင် ပိုက်မမီတဲ့အတွက် မသွင်းနိုင်ဘူး။ ရေတွင်းကတော့ ရှေးကတည်းကရှိခဲ့တဲ့ ရေတွင်းတွေပါ။ ကိုယ့်တွင်းကိုယ်တူးပြီး ကိုယ့်စက်နဲ့ကိုယ်မောင်းတဲ့သူဆိုရင် အရှုံးသက်သာတာပေါ့။ များသောအားဖြင့် ရေတွင်းအငှားမောင်းသွင်းတဲ့သူတွေ များတော့ တောင်သူတွေမှာ ကုန်ကျစရိတ်ပိုများတယ်ဟု" ရွာသစ်ကုန်းကျေးရွာမှ တောင်သူ ဦးအောင်ရှင်းကပြောသည်။

"ငရုတ်သီး တစ်ပိဿာကို ကျပ် ၅၀၀ နှုန်း ရောင်းရပါတယ်။ ဈေးက မဆိုးပါဘူး။ ငရုတ်သီး တစ်တင်းကို ခုနစ်ပိဿာရှိပါတယ်။ တစ်တင်းကို ရောင်းဈေး ၃၅၀၀ ကျပ်ရတယ်။ တင်းတစ်ရာရောင်းရင် သုံးသိန်းခွဲပေါ့။ ဒီနှစ်တော့တစ်ဧကတင်း တစ်ရာမရနိုင်ဘူး။ မနှစ်ကဆိုရင် တစ်ဧကကို တင်းနှစ်ရာကျော်လောက်ထွက်တယ်။ ဒီနှစ်တော့ ပိုး ခဏခဏကျလို့ ငရုတ်တွေအသီးနည်းတယ်။ တောင်သူတွေ တွက်ခြေမကိုက်ဖြစ်နေတယ်။ ကျွန်တော်တစ်ဦးမှ မဟုတ်ပါဘူး။ ငရုတ်စိုက် တောင်သူအားလုံး အရင်းရအောင်တော်တော် စုယူကြရမှာပါ" ဟု ရွာသစ်ကုန်းကျေးရွာမှ တောင်သူ ဦးသိန်းအောင်က ပြောသည်။ **ကျော်ဌေး(ညောင်ဦးမြို့)**

အောင်ချက်မြင့်မားရေး ဘာသာရပ်အလိုက်သင်ကြားရှင်းလင်းပို့ချ

အရာတော်၊ ဇန်နဝါရီ ၃၁

မုံရွာခရိုင် အရာတော်မြို့၌ ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဆိုင်ရာ စည်းကမ်းချက်များနှင့် အောင်ချက် မြင့်မားရေးအတွက် ဘာသာရပ်အလိုက် သင်ကြားရှင်းလင်းပို့ချသည့်အခမ်းအနားကို ဇန်နဝါရီ ၂၅ နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း ဆရာစံခန်းမတွင် ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကဏ္ဍသည် အဓိကဖြစ်သောကြောင့် ကျောင်းသား၊ ကျောင်းသူများ၏ ပညာရည်ဖွံ့ဖြိုးတိုးတက်ရန် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဆိုင်ရာ စည်းကမ်းများနှင့် မြန်မာစာဘာသာရပ် ဖြေဆိုပုံများကို မုံရွာတက္ကသိုလ်ပညာရေးဌာနမှ ဒေါက်တာအောင်နေမျိုးက ရှင်းလင်းပို့ချပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် အခမ်းအနားတွင်အင်္ဂလိပ်စာဆရာမ ဒေါ်ခင်သက်သက်အောင်၊သင်္ချာဆရာ ဦးထင်ကျော်အောင်၊ ဓာတုဗေဒဆရာမ ဒေါ်သန္တာလင်း၊ ရူပဗေဒဆရာမ ဒေါက်တာမာမာဌေး၊ ဘောဂဗေဒဆရာ ဦးစိုးဟန်တို့က အရာတော်မြို့နယ်အတွင်းရှိ အခြေခံပညာ တွဲဖက် အထက်တန်းကျောင်းခွဲများမှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူ ၅၅၉ ဦးနှင့် မြို့နယ်တွဲဖက်(ခွဲ) ကျောင်းမှ ဆရာ၊ ဆရာမများအား ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားစေရန် သင်ကြားပို့ချနည်းများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

တွန်းဇံတွင် မြစိမ်းရောင်လုပ်ငန်းများကွင်းဆင်းစစ်ဆေး

တွန်းဇံ၊ ဇန်နဝါရီ ၃၁

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၏ မြစိမ်းရောင်စီမံကိန်းတွင် တွန်းဇံမြို့၌ ငွေလုံးငွေရင်းလုပ်ငန်းများ အားလုံး၏ ၂၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

တွန်းဇံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် လမ်းတံတား၊ ရေပေးရေး လုပ်ငန်းများနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းများ လုပ်ငန်းပြီးစီးမှုနှင့် မြစိမ်းရောင်စီမံကိန်းကျေးရွာများအား ဖလမ်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်နိုင်မင်းနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ ဦးလျန်ကျင့်ခိုင်(လယ်/ယာ-၂)၊ မြစိမ်းရောင်ကျေးရွာတာဝန်ခံစာရေး ဦးထောင်းခန့်ခိုင်၊ ဒေါ်ညောင်ထွန်းဒိမ့်တို့က ဇန်နဝါရီ ၁၉ ရက်မှ ၂၆ အထိ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ယင်းသို့ကွင်းဆင်းဆောင်ရွက်ရာတွင် လုပ်ငန်းဆောင်ရွက်မှု အားသာချက်၊ အားနည်းချက်များအားသုံးသပ်ပြီး လိုအပ်သည်များကို တင်ဒါအောင်မြင်သောလုပ်ငန်းရှင်များအား ရှင်းလင်းပြောကြားခဲ့သည်။ **ဒိုဟေဆာ**

အထက(၆)ဗိုလ်တထောင်(ယခင်စိန်ပေါလ်) ကျောင်းသားဟောင်းများ၏ (၁၇)ကြိမ်မြောက်မြတ်ဆရာ ကန်တော့ပွဲနှင့် မြတ်ဆရာပူဇော်ပွဲ အထိမ်းအမှတ်ဖျော်ဖြေရေးနှင့်ပျော်ပွဲရွှင်ပွဲအခမ်းအနား

၁။ သမိုင်းအစဉ်အလာအလွန်ကြီးမား၍ ဂုဏ်ရောင်ထွန်းပြောင်ခဲ့ပြီး နိုင်ငံတော်၏စစ်ဘက်နယ်ဘက်ဝန်ထမ်းကောင်းများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ အနုပညာရှင်များအားမွေးထုတ်ပေးခဲ့သော အထက(၆)ဗိုလ်တထောင်(ယခင်စိန်ပေါလ်)ကျောင်းတွင် (၃)နှစ်ဆက်တိုက် ပညာသင်ကြားပေးခဲ့ပြီး ကွယ်လွန်သွားသော ဆရာ၊ ဆရာမများနှင့် ကျောင်းသားဟောင်းများအား ရည်စူး၍အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲ၊ သက်ပြည့်အငြိမ်းစားယူသွားသော ဆရာ/ဆရာမများအား ကျောင်းသားဟောင်းများမှ ပူဇော်ကန်တော့ပွဲ၊ မြတ်ဆရာပူဇော်ကန်တော့ပွဲ အထိမ်းအမှတ်ဖျော်ဖြေရေးနှင့် ပျော်ပွဲရွှင်ပွဲတို့အား အောက်ပါအစီအစဉ်များအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပြည်တွင်းပြည်ပရှိ စိန်ပေါလ်ကျောင်းသားဟောင်းများ၊ အထက(၆)ဗိုလ်တထောင်ကျောင်းသားဟောင်းများ၊ လက်ရှိတက်ရောက်နေသော ကျောင်းသားများ တက်ရောက်ပူဇော်ကန်တော့ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂-၃-၂၀၁၅ရက် (တောင်သူလယ်သမားနေ့)
အချိန် - ၅း၀၀နာရီ (အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း)
- ၉း၀၀နာရီ (မြတ်ဆရာပူဇော်ကန်တော့ခြင်း)
- ၁၇း၀၀နာရီမှ ၂၂း၀၀နာရီ (ဖျော်ဖြေရေးနှင့်ပျော်ပွဲရွှင်ပွဲအခမ်းအနားကျင်းပခြင်း)
နေရာ - အထက(၆)ဗိုလ်တထောင် ဘတ်စကက်ဘောအားကစားရုံ/ဘောလုံးကွင်း

၂။ အလှူငွေထည့်ဝင်လှူဒါန်းလိုသူများအနေဖြင့် မြတ်ဆရာပူဇော်ကန်တော့ပွဲအတွက် ဦးသိန်းဆွေ ဖုန်း-၀၉-၅၁၉၃၄၃၄၊ ဦးမင်းထွဋ် ဖုန်း-၀၉-၅၁၃၈၀၉၅၊ ဦးမြင့်ထွန်း ဖုန်း-၀၉-၅၀၀၇၅၁၊ ဒေါက်တာ ကျော်ဇောသိန်း ဖုန်း-၀၉-၅၁၅၂၈၀၈၊ ဦးနေဦး ဖုန်း-၀၉-၅၁၀၇၁၁၀၊ ဦးထွန်းထွန်းလင်း ဖုန်း-၀၉-၄၃ ၁၀၄၇၃၄၊ ဦးသက်ချိုဦး ဖုန်း-၀၉-၅၀၁၆၀၅၇၊ ဦးသိန်းဆွေ ဖုန်း-၀၉-၅၁၉၃၄၃၄၊ ဦးကျော်ဦးမြင့် ဖုန်း-၀၉-၇၃၁၅၇၇၃၇၊ ဦးရဲဝင်း ဖုန်း-၀၉-၄၂၀၄၀၄၆၁၊ ဦးခင်မောင်သန်း ဖုန်း-၀၉-၅၅၀၂၀၃၈တို့အား ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၃။ မြတ်ဆရာပူဇော်ပွဲ အထိမ်းအမှတ်ဖျော်ဖြေရေးနှင့်ပျော်ပွဲရွှင်ပွဲအား
(က) ထူးချွန်ကျောင်းသားများအား ဆုချီးမြှင့်ရန်
(ခ) သက်ပြည့်အငြိမ်းစား ဆရာ/ဆရာမများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန်
(ဂ) လက်ရှိကျောင်းတော်ကြီး၏ ချို့ယွင်းပျက်စီးနေမှုများအား ပြင်ဆင်ရန်အတွက် ရည်ရွယ်၍ ပြုလုပ်သွားမည် ဖြစ်ပါသည်။ မြတ်ဆရာပူဇော်ပွဲအထိမ်းအမှတ် ဖျော်ဖြေရေးနှင့်ပျော်ပွဲရွှင်ပွဲ အခမ်းအနားအတွက် ဦးစင်ရော်မောင်မောင် ဖုန်း-၀၉-၅၀၁၅၁၆၁၊ ဦးနေမိုး ဖုန်း-၀၉-၅၀၀၆၈၉၉၊ ဦးကျော်ရင် ဖုန်း-၀၁-၇၀၄၄၄၄၊ ဦးထွန်းဝင်းအောင် ဖုန်း-၀၉-၅၄၁၆၅၄၇၊ ဦးထွန်းမြင့် ဖုန်း-၀၉-၃၁၀၉၁၅၉၇၊ ဦးကိုကိုဇံ ဖုန်း-၀၉-၅၁၄၃၁၃၇၊ ဦးသန်းထိုက် ဖုန်း-၀၉-၅၁၀၃၆၅၉ တို့အားလည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၄။ ဆရာကြီး/ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက် အပူဇော် ခံပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျောင်းသားဟောင်းများ

ဆိုင်ခန်းငှားမည်

ပန်းပဲတန်း၊ ဗိုလ်ဆွန်ပတ်လမ်း၊ မြေညီ၊ ပေ (၁၁×၂၅)၊ ညီနှိုင်းဈေး။
ရေ၊ မီး၊ ဖုန်း၊ Air Com၊ ကြွေပြားအသစ်ခင်းပြီး။ **Ph:09-420254161, 09-795357509,09-250273787**



TAXI ငှားမည်

CNG ဖင်ကောက်၊ နေ့မောင်း တစ်လက်ကိုင်၊ အိမ်မပေးပါ၊ ပုဇွန်တောင်။

ဖုန်း-၀၉-၅၀၆၆၅၂

ကြော်ငြာစာ
အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၇၇

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ် [မြေတိုင်းရပ်ကွက်အမှတ်-၃(အေ)၊ ဘလောက်(ဒီ)၊ (ယခင် တတိယတန်းစား အီးအက်စ်အေ)၊ မြေကွက် အမှတ်(၄၅)၊ အကျယ်အဝန်း ပေ(၂၅×၅၀)ရှိ ဘိုးဘွားပိုင်မြေ] တာမွေကြီး၊ (က+ဂ)ရပ်ကွက်၊ (၁၅၇)လမ်း၊ အမှတ်(၇၉)တွင် နေထိုင်ခဲ့သော ဒေါ်သန်းရီကျန်ရှိသော ပစ္စည်းများနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းတရားရုံး ၂၀၁၃ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၆တွင် အမွေထိန်းလက်မှတ်စာရရှိခဲ့သူ ဦးအုန်းဝေက အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇အရ အမွေထိန်းပစ္စည်းဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃အေ၊ ဘလောက်(ဒီ)၊ (ယခင် တတိယတန်းစား အီးအက်စ်အေ) မြေကွက်အမှတ်(၄၅)၊ အကျယ်အဝန်း ပေ(၂၅×၅၀)ရှိ ဘိုးဘွားပိုင်မြေကွက်နှင့် အကျိုးခံစားခွင့်များကို စီမံခန့်ခွဲခွင့်ပြုရန် လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ ၅ရက် (၁၃၇၆ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ကွယ်လွန်သူဒေါ်သန်းရီ ကျန်ရစ်သောပစ္စည်းများအား အကျိုးသက်ဆိုင်သည်ဟု အဆိုရှိသူ မည်သူမဆိုအမှုတွင် လာရောက်အမှုရင်ဆိုင်လိုပါက ချိန်းဆိုထားသော ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ ၅ရက် (၁၃၇၆ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ရက်)၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နည်းလမ်းတကျလွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်အမှုရင်ဆိုင်ရန်နှင့် ယင်းကဲ့သို့ လာရောက်ရန် ပျက်ကွက်ခဲ့လျှင် တရားရုံးကလျှောက်ထားသူ ဦးအုန်းဝေ၏ လျှောက်လွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မာဆွေ)
တွဲဖက်ခရိုင်တရားသူကြီး(၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အယူတော်ခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်သို့ ကြားသိစေသည့်အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၁၄ခုနှစ်၊ တရားမအယူခံမှုအမှတ်-၁၀၀

ဒေါ်ခိုင်သူဇာ	နှင့်	၁။ ဦးသိန်းထိုက်
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးသီဟ)		၂။ ဦးဘလွန်း
		၃။ ဒေါ်စိန်ကျော့
		၄။ ဒေါ်နော်ရသန်းအောင်
(အယူခံတရားလို)		(အယူခံတရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၂၅)နေ (၁) အယူခံတရားပြိုင် ဦးသိန်းထိုက်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

ယခုအမှုတွင် အင်းစိန်မြို့နယ်၊ တရားမရုံးတော်က ချပေးသည့်ဒီကရီကို အယူခံတရားလိုက အယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံစာရင်းတင်သွင်း၊ ထိုအယူခံမှုကို ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ ၆ရက် (၁၃၇၆ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်)တွင် ဆိုင်ရန်ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ် လိမ့်မည်။ ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းဆိုထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာသွင်းရမည်။

၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဒေါ်ချို)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ခင်ဦးမြို့နယ် ကျေးရွာလေးရွာသို့ ဆိုလာမီးအစုံများပေးအပ်

ခင်ဦး၊ ဇန်နဝါရီလ ၃၁

မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် သမင်ကျ၊ သရက်ကန်၊ ကျွန်းဆွယ်နှင့် ဆည်ကြီးကျေးရွာ မီးလင်းရေးတို့အတွက် ဆိုလာမီးအစုံ ၂၃၄ စုံပေးအပ်ပွဲကို ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေးက အမှာစကား ပြောကြားပြီး ကျေးရွာလေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိ၊ ရပ်ဖများထံ ပေးအပ်ခဲ့သည်။

ယင်းနောက် ဒေသခံများအား ဆိုလာမီး သုံးစွဲနည်းများကို တာဝန်ရှိသူများက လက်တွေ့ရှင်းလင်းပြသကြသည်။

ဆိုလာမီးဖြင့် ကျေးလက်မီးလင်းရေးအတွက် ခင်ဦးမြို့နယ်တွင် ကျေးရွာခုနစ်ရွာ လျာထားပြီး ပထမအကြိမ် ကျေးရွာလေးရွာကို ပေးအပ်ခြင်းဖြစ်သည်။

ဆိုလာမီး တစ်စုံ၏ တန်ဖိုးမှာငွေကျပ် ၁၇၅၀၀၀ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဒေါ်ချိုချိုနွယ်၏ပြောကြားချက်အရ သိရသည်။ **ခင်ဦးစိုးဝေ**

ကုန်ထုတ်လုပ်ငန်းများ စီးပွားဖြစ်လုပ်ကိုင်လာနိုင်

မိတ္ထီလာ၊ ဇန်နဝါရီ ၃၁

မိတ္ထီလာခရိုင်တွင် မြစ်မ်းရောင်း ကျေးရွာစီမံကိန်းကြောင့် ကျေးရွာ ၂၆ ရွာမှ အိမ်ထောင်စု ၂၄၀၀ ကျော်က စိုက်ပျိုးမွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများကို တစ်ပိုင်တစ်နိုင်ဆောင်ရွက်ရာမှ ယခုအခါ စီးပွားဖြစ်လုပ်ကိုင်လာနိုင်ကြပြီဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသင်းမင်းလတ်က ပြောသည်။

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်တွင် ၂၀၁၄-၂၀၁၅ ခုနှစ်ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် မြစ်မ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ခရိုင်ဦးစီးမှူးက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေအဖြစ် မတည်ပေး၍ သက်သာသောအတိုးနှုန်းရယူခြင်းဖြင့် ရန်ပုံငွေတိုးပွားစေပြီး ရေရှည်တည်တံ့ လည်ပတ်စေမည့် နည်းလမ်းဖြင့် မိတ္ထီလာမြို့နယ်တွင် ကျေးရွာ ၂၆ ရွာမှ အိမ်ထောင်စု ၂၄၃၉ စုက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများကို တစ်ပိုင်တစ်နိုင်ဆောင်ရွက်ရာမှ စီးပွားဖြစ် လုပ်ကိုင်လာနိုင်ကြကြောင်း ဦးသင်းမင်းလတ်က ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးများက မြစ်မ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သတ်၍ မြို့နယ်အလိုက် ရှင်းလင်းတင်ပြကြရာ မိတ္ထီလာခရိုင် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

သိပ္ပံနည်းကျပေါင်းပျိုးစနစ်ဖြင့် ပုလဲသွယ်စပါး ညောင်ရွှေမြို့နယ်၌ ပျိုးထောင်

ညောင်ရွှေ၊ ဇန်နဝါရီ ၃၁

စပါးတစ်ဧက ပျမ်းမျှတင်း ၂၀၀ အထက် အထွက်နှုန်းရရှိရန် ခေတ်မီသိပ္ပံနည်းကျ ပေါင်ပျိုးစနစ်ဖြင့် ပလတ်စတစ်အုပ် မျိုးစေ့ချ ပျိုးထောင်ခြင်းကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာ အုပ်စု၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပုလဲသွယ်စပါး မျိုးစေ့ချ ပျိုးထောင်ရန် အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းထွန်းက စပါးတစ်ဧက ပျမ်းမျှတင်း ၂၀၀ အထက် အထွက်နှုန်းရရှိရန် ခေတ်မီ သိပ္ပံနည်းကျစိုက်နည်းစနစ် ၁၄ ချက်ကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် နွေစပါးပျိုးထောင်ရာသီအတွင်း အပူချိန်နိမ့်သောကြောင့် ပျိုးပင်ဖြစ်ထွန်းမှု နှောင့်နှေးစေနိုင်သဖြင့် လိုအပ်သော အပူချိန်ရရှိပြီး ပျိုးပင်ဖြစ်ထွန်းမှုအားကောင်းစေရန်နှင့် ပင်ပွားများများထွက်စေရန် သိပ္ပံနည်းကျ ပေါင်ပျိုးစနစ်ဖြင့် ပလတ်စတစ်အုပ် မျိုးစေ့ချ ပျိုးထောင်ခြင်းကို ဒေသခံတောင်သူများအား တာဝန်ရှိသူများကလက်တွေ့ပြုလုပ်ပြသခဲ့သည်။

၂၀၁၄-၂၀၁၅ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာ အုပ်စု ကွင်းအမှတ် ၄၂ ရှိ တောင်သူ ငါးဦးမှ တစ်ကွင်းတစ် စပ်တည်းလယ်မြေ ၁၀ ဧကတွင် စပါးတစ်ဧက ပျမ်းမျှတင်း ၂၀၀ အထက် အထွက်နှုန်း ယှဉ်ပြိုင်စံပြကွက်ကို သိပ္ပံနည်းကျစိုက်နည်း စနစ်အတိုင်း စိုက်ပျိုးယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးသူရိန်**

ကျောင်းအခြေပြု ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ၁၉၈၄၈ ဦး ထိုးပေးပြီး

စစ်တွေ၊ ဇန်နဝါရီ ၃၁

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ အခြေခံပညာကျောင်း ၉၂ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ခုနစ်ကျောင်းတို့တွင် အသက် ငါးနှစ်မှ ၁၅ နှစ်အထိ ကျောင်းနေအရွယ်ကလေးငယ်များအား ပထမအဆင့်အနေဖြင့် ကျောင်းအခြေပြု ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံမှုကို ဇန်နဝါရီ ၁၉ ရက်မှ ၂၇ ရက်အထိ ကာကွယ်ဆေးထိုးအဖွဲ့ ၃၆ ဖွဲ့ဖြင့် ကျောင်းများတွင် ကွင်းဆင်းထိုးနှံပေးခဲ့ရာ စုစုပေါင်း ကလေးငယ် ၁၉၈၄၈ ဦးအား ကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ အသက် ကိုးလမှ ငါးနှစ်အထိ ကလေးငယ်များ၊ အသက် ငါးနှစ်မှ ၁၅ နှစ်အထိ ကျောင်းပြင်ပ ကလေးငယ်များနှင့် ကျောင်းအခြေပြု ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အကြောင်းအမျိုးမျိုးကြောင့် ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး မထိုးနှံလိုက်ရသည့် ကလေးငယ်များအား ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၈ ရက်အထိ ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ်အဖြစ် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ ၁၃၀ ခုတို့ရှိ ကာကွယ်ဆေးထိုးစုရပ်များတွင် ဆက်လက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **စစ်တွေခရိုင် ပြန်/ဆက်**

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

အများသိစေရန်

အများသိစေရန်

တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်း၊ အမှတ်(၇၈)ဟုခေါ်တွင်သော မြေကွက်နှင့်နေအိမ်မှာ ကွယ်လွန်သူမိဘများဖြစ်သော ဦးအုန်းမောင်၊ ဒေါ်ကျင်ရွှေတို့ ပိုင်ဆိုင် ကျန်ရစ်သော အမွေပုံပစ္စည်းများဖြစ်၍ သားသမီးအရင်းအခြာများဖြစ်သည့် ဦးပြည့်ဝ၊ ဦးလှမြိုင်၊ ဒေါ်ခင်လွင်လွင်ထွန်းတို့မှ အမွေဆက်ခံပိုင်ဆိုင်သော ပစ္စည်းများဖြစ်ပါသည်။ ဦးပြည့်ဝနှင့် ဒေါ်ခင်လွင်လွင်ထွန်းတို့၏ သဘောတူညီချက်မရှိဘဲ မည်သူမျှ မည်သည့်နည်းနှင့်မျှ လွှဲပြောင်းခွင့် မရှိကြောင်းနှင့် နေအိမ်ပတ်လည်ရှိ ဆိုင်ခန်းများကိုလည်း ငှားရမ်းခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးမြတ်သူ(စဉ်-၄၂၁၂၃) | ဦးသန်းညွန့်(စဉ်-၃၄၁၉/၈၅)
အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ

အမှတ်(၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၁၁၃၀၅၂၀၊ ၀၉-၇၃၀၃၅၄၂၂

ပြည်တွင်းရေးရာ

တောင်ကြီးပြည့်စုံချမ်းသာဈေး သမဝါယမအသင်းလီမိတက် ရှင်းလင်းပွဲပြုလုပ်

တောင်ကြီး၊ ဇန်နဝါရီ ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ ကန်ရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ပြည့်စုံချမ်းသာ သမဝါယမအသင်းလီမိတက်၏ ရှင်းလင်းပွဲကို ဇန်နဝါရီ ၂၉ ရက်၊ မွန်းလွဲ ၁ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ပြည့်စုံချမ်းသာ သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးသန်းလှိုင်က ပြည်သူလူထု၏ ဆင်းရဲမှု လျှော့ချရေးအတွက် နိုင်ငံတော်နှင့် သမဝါယမအသင်း၏ ကူညီမှုဖြင့် ချေးငွေများကို သက်သက်သာသာဖြင့် ချေးပေးနေကြောင်း၊ ဈေးသူ၊ ဈေးသားများကလည်း ချေးငွေများကို အရစ်ကျပေးဆပ်သွားရန်နှင့် ချေးငွေကို ဈေးသူ၊ ဈေးသားတစ်ဦးလျှင် ကျပ် ၂၅၀၀၀၀ ဖြင့် ချေးပေးနေကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပြည့်စုံချမ်းသာသမဝါယမအသင်းလီမိတက်၊ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ဝင်းဝင်းမော်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး သမဝါယမအသင်းလီမိတက်အသင်းစာရင်းစစ် ဒေါ်ခင်အေးဆွေက တက်ရောက်လာကြသော အသင်းဝင်များအား ငွေစာရင်းရှင်းတမ်းများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

အခမ်းအနားသို့ ပြည့်စုံချမ်းသာ သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ၊ အုပ်ချုပ်မှုဒါရိုက်တာ၊ အသင်းစာရင်းစစ်၊ မြို့မဈေး၊ ကုန်ခြောက်သားငါးဈေး(ညဈေး)၊ ဈေးသည်များနှင့် အခြားဖိတ်ကြားထားသောသူများ တက်ရောက်ခဲ့သည်။

စိုင်းသန်းကျော်(တောင်ကြီး)

လေးတန်းချောင်းကူးတံတား ကမ်းကပ်ခုံ မြေသားဖို့ခြင်း ဆောင်ရွက်နိုင်ရန် စစ်ဆေး

မော်လူး၊ ဇန်နဝါရီ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၊ မော်လူးဒေသ မံဟဲကျေးရွာနှင့် ဟောင်းတုန်းကျေးရွာကို ဆက်သွယ်ဆောက်လုပ်ထားသည့် လေးတန်းချောင်းကူး ကြိုးတံတားအား မံဟဲကျေးရွာဘက်အခြမ်းတွင် ကမ်းကပ်ခုံ မြေသားဖို့ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ဇန်နဝါရီ ၂၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းမံဟဲကျေးရွာနှင့် ဟောင်းတုန်းကျေးရွာကို ဆက်သွယ်ထားသည့် လေးတန်းချောင်းကူးတံတားသည် အရှည် ၅၈၆ ပေ၊ အကျယ် ၄ ပေ၊ အမြင့် ၁၇ ပေရှိ ကြိုးတံတားအမျိုးအစားဖြစ်ကြောင်း သိရသည်။

ယင်းကမ်းကပ်ခုံအဖြစ် ၂၀၀ ပေခန့်ကို မြေသားဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အင်းတော်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနေ့က ဟောင်းတုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအုံးကျော်က လိုက်လံ ရှင်းပြခဲ့ပြီး၊ ယင်းတံတားအား ကမ်းကပ်ခုံ မြေသားဖို့ခြင်း လုပ်ငန်းအတွက် ကျပ်ငွေ ၃၅ သိန်းကို လွှတ်တော်(၂၀၁၄-၁၅ ဘတ်ဂျက်ငွေ)မှ ချမှတ်ပေးခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

၆၈၅

မနောပွဲအပြီး မုံရွာ-မြစ်ကြီးနား ကားလိုင်းတွင် ခရီးသွားလာသူနည်း

မုံရွာ၊ ဇန်နဝါရီ ၃၁

လွန်ခဲ့သောလပိုင်းအတွင်း စတင်ပြေးဆွဲလျက်ရှိသော မုံရွာ-မြစ်ကြီးနားပြေး ကားလိုင်းအနေဖြင့် ကချင်မနောပွဲအပြီးတွင် ခရီးသွားများသိသိသာသာလျော့နည်းသွားကြောင်း ဂိုန်းဖော့ရွှေမြေခရီးသည် ပို့ဆောင်ရေး တာဝန်ရှိသူထံမှသိရသည်။

မုံရွာ-မြစ်ကြီးနား ခရီးစဉ်အပြင် မန္တလေး-မြစ်ကြီးနား ခရီးစဉ်များတွင်လည်း ခရီးသည်သိသိသာသာ ပါးသွားကြောင်း၊ ထိုကဲ့သို့ ခရီးသည်နည်းပါးသွားရခြင်းမှာ ကချင်ပြည်နယ်၏ လက်ရှိဖြစ်ပေါ်နေသော အခြေအနေအရ မသွားဝံ့မလာဝံ့သူများ များပြားလာခြင်းကြောင့်ဖြစ်သည်။ ကချင်ပြည်နယ်အတွင်းတွင် အလုပ်လုပ်ကိုင်နေသူများအနေဖြင့်လည်း အခြေအနေ အရပ်ရပ်ကြောင့် နေရပ်သို့ ပြန်သွားကြသူသာများပြီး ပြန်လာသူမရှိသေးကြောင်း သိရသည်။

မုံရွာမြို့မှ ရေဦး၊ စိုင်ပြင်၊ ဒီပဲယင်း၊ ခင်ဦး၊ အင်းတော်၊ မော်လူး၊ မိုးညှင်း၊ ဟိုပင်၊ မိုးကောင်း၊ နမ္မတီး၊ မြစ်ကြီးနား ခရီးစဉ်အတိုင်း မုံရွာမြို့မှ မွန်းလွဲ ၂နာရီ၊ မြစ်ကြီးနားမှ နံနက် ၁၁ နာရီတွင် နေ့စဉ်ပြေးဆွဲပေးလျက်ရှိသည်။

ထိုသို့ပြေးဆွဲရာတွင် မုံရွာ-မြစ်ကြီးနား ခရီးစဉ်အပြင် ဆိုင်းတောင်-ဖားကန့်-လုံးခင်း-တာမခံ-ဝှေခါ-တနိုင်း အရောက် အထူးဝန်ဆောင်မှုအဖြစ် ပြေးဆွဲပေးနေသော်လည်း အခြေအနေကြောင့် ရပ်နားထားကြောင်း ပို့ဆောင်ရေးတာဝန်ရှိသူများက ပြောသည်။

မျိုးဝင်းထွန်း(မုံရွာ)

ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ်နှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပညာပေးဟောပြော

ပြည်ကြီးမဏ္ဍိုင်၊ ဇန်နဝါရီ ၃၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အများပြည်သူ အသိပညာဗဟုသုတတိုးပွားရေးနှင့် စာဖတ်ခြင်းအလေ့အထ ရှင်သန်လာရေးစသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲတစ်ရပ်ကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက ကော့သောင်းခရိုင် ပြည်ကြီးမဏ္ဍိုင်မြို့ ရွှေဂဲညိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပညာပေးဟောပြောပွဲတွင် ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြင်ကြင်သန်းက ပြည်ထောင်စုနေ့အကြောင်း သိကောင်းစရာများ၊ စာဖတ်ခြင်း အလေ့အထ ရှင်သန်လာရေး၊ အသိပညာဗဟုသုတကြွယ်ဝလာစေရေး၊အမှားအမှန်ဝေဖန်ချင့်ချိန်ကာ နိုင်ငံနှင့်လူမျိုးအပေါ် တန်ဖိုးထားတတ်ကြရေး၊ မျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန်စေရေးစသည့် သိသင့်သည်များကို ကျောင်းသား၊ ကျောင်းသူ ၃၀၀ ဦးခန့်အား ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ပြည်ကြီးမဏ္ဍိုင်(ပြန်/ဆက်)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၄/၃၊ မြေကွက်အမှတ် ၂၅၀/၂၊ မြေကွက်တည်နေရာ အမှတ်(၂၅၀/၂)၊ ကျေးတမာလမ်း၊ (၁၄/၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ကိုအောင်ကျော်မျိုး၊ ဒေါ်ခင်လှညွန့် အမည်ပေါက် နှစ်(၆၀) ဂရန် မြေအား အမည်ပေါက် ကိုအောင်ကျော်မျိုးနှင့် ဒေါ်ခင်လှညွန့်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၂၄၆၈ (၁၉-၈-၁၄) ဖြင့် ရရှိသူ ဦးကျော်မြင့် [၁၂/ကမတ(နိုင်)၀၅၁၀၀၄]က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၁၀၁၉၀ (၅-၉-၁၄)နှင့် မြေရာဇဝင်မှတ်ချက်ပါ (၂၀၁၃)ခုနှစ်တွင် ကူးယူခဲ့သော အရောင်းအဝယ်စာချုပ်ရန် မြေပုံမြေရာဇဝင် မူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ ၂၃၃ (၇-၁-၁၅) တို့ကို တင်ပြ၍ အဆောက်အအုံဆောက်လုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ်(၅၆၁ ၁/၂)၊ မြေကွက်တည်နေရာအမှတ်(၅၆၁ ၁/၂)၊ ခေမာကျောင်းလမ်း၊ (ဒေါ်သန်းသန်း)(ဘီအက်ဖ်-၀၁၃၃၁၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် မိခင် ဒေါ်သန်းသန်း၊ ဖခင် ဦးတိုးလှိုင် ကွယ်လွန်သဖြင့် ဒေါ်အေးအေးဝင်း [၃/လဘန(နိုင်)၀၀၃၇၄၆]၊ ဒေါ်လဲ့လဲ့ဝင်း[၁၂/ဥကမ(နိုင်)၀၅၅၆၇၅]၊ ဦးသန်းလှိုင် [၁၂/ဥကတ(နိုင်)၁၂၄၃၉၃]၊ ဦးသိန်းလှိုင်[၁၂/ဥကမ(နိုင်)၁၆၀၃၄၇]၊ ဒေါ်နီလာလှိုင်(ခ)ထွေးထွေးမာ[၁၂/ဥကမ(နိုင်)၀၅၅၆၇၄]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊ မြေကွက်အမှတ်(၆၄၉ ၁/၂)၊ မြေကွက်တည်နေရာအမှတ်(၆၄၉ ၁/၂)၊ နွယ်သာကီ (၂) လမ်း၊ ဒေါ်ဘူဒီ[၁၂/ဥကမ(နိုင်)၁၂၉၇၈၁] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်မိခင်ဒေါ်ဘူဒီ၊ ဖခင်ဦးလှမောင် ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းလှ[၁၂/ဥကမ(နိုင်)၁၁၇၃၂၃]က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အသိပေးကြေညာခြင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဋ္ဌ)၊ မြေကွက်အမှတ်(၁၁၂)၊ မြေကွက်တည်နေရာအမှတ်(၁၁၂)၊ ဥဇ္ဇနာ(၁၁) လမ်း၊ ဒေါ်သန်းဦး[၁၂/ဥကမ(နိုင်)၁၃၁၇၂၇]အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းဦးကိုယ်တိုင်က ဂရန်ပျောက်ဆုံးကြောင်း တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလဂရန်ထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ်(မဥ/ဋ္ဌ-၁၀၄၀/၉၃(၂၈-၁၂-၉၃) အမည်ပေါက်နှင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ် ၈-င/A/၃-၂၊ မြေကွက် တည်နေရာအမှတ်၈-င/A/၃-၂၊ မြို့ပတ်လမ်း၊ ဒေါပုံမြို့နယ်၊ ဦးမောင်ဌေး[၁၂/ဒပန(နိုင်)၀၃၄၉၈၇]အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်ဦး(ခ) ဦးမောင်ဌေးကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ကတိ ဝန်ခံချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

အသိပေးကြော်ငြာခြင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး(မြောက်)၊ မြေကွက်အမှတ်-၅၇၇/က၊ အောင်ရတနာလမ်း၊ ကြီးပွားရေး (မြောက်)၊ ဦးအေးမောင်အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက်(ဦးအေးမောင်)နှင့်ဇနီး (ဒေါ်တင်)တို့ ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်းစာချုပ်အမှတ် (၅၈၅၇/၂၀၁၂)၊ ၂၉-၁၀-၂၀၁၂ဖြင့် ရရှိသူ သမီးဒေါ်တင်တင်အေး [၁၂/သဃက(နိုင်)၀၅၇၄၆၅]က ဦးအေးမောင် အမည်ပေါက် နှစ်(၆၀) ဂရန်ပျောက်ဆုံးကြောင်း တင်ပြပြီး ဂရန်မိတ္တူလျှောက်ထားခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်မှုမရှိသဖြင့် ဂရန်မိတ္တူ ထုတ်ပေးမည်ဖြစ်၍ မူလထုတ်ပေးထားသည့် ဦးအေးမောင် အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) မူရင်း စာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆/အရှေ့)၊ မြေကွက်အမှတ်(၈၆၆/က)၊ မြေကွက် တည်နေရာအမှတ်(၈၆၆/က)၊ အောင်သုခလမ်း၊ (၆/အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးမောင်သန်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား သာကေတမြို့နယ် တရားရုံး၌ ဒေါ်မြအေးမှ ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၄၁ ဖြင့် ဦးမောင်သန်းအား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်-၁၃၈ အမိန့်တို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ် ဒေါ်အေးအေးမြင့် [၁၂/သကတ(နိုင်)၁၀၅၄၆၀]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှု မရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖတ်စရာ

ဉယျာဉ်တော်(၁၈)ရပ်နှင့်အတူ ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ဖူးမြော်ကြည်ညိုနိုင်

à wdvref

ယနေ့ကာလတွင်မန္တလေးမြို့ ဗုဒ္ဓစွယ်တော်မြတ်စေတီသည် မြို့အဝင်စေတီဟုပင်ဆိုနိုင်သည်။ ကျယ်ဝန်းသောစွယ်တော်မြတ်စေတီဝန်းအတွင်းတွင် ဉယျာဉ်တော် ၁၈ ရပ်ဖြင့် ဗုဒ္ဓရုပ်ပွားတော်များစွာကို ကြည်ညိုဖွယ်ဖူးတွေ့နိုင်သည်။

နယ်စပ်တောင်တန်းဒေသနှင့် ကမ်ရိုးတမ်းဒေသ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေး အသင်းချုပ်မှ ပုသိမ်ကြီးမြို့နယ် ဗောဓိငါးထောင်ရုပ်ပွားတော်များ၊ လားရှိုးဗောဓိ ၂၀၀၀၊ လှိုင်ကော်ဗောဓိ ၂၀၀၀၊ စစ်တွေဗောဓိ ၂၀၀၀၊ ကျောက်မဲ ဗောဓိ ၂၀၀၀ နှင့်အတူ မန္တလေးမြို့ဗုဒ္ဓစွယ်တော်မြတ်စေတီတွင် ဉယျာဉ်တော် ၁၈ ရပ် ရုပ်ပွားတော်မြတ်များကို ဆောင်ရွက်အောင်မြင်လျက်ရှိသည်။

ဉယျာဉ်တော်၁၈ ရပ်တွင် သက်ဆိုင်ရာ အပင်အမျိုးအစားအလိုက် တစ်ပင်လျှင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှုန်း ပူဇော်ထားရှိသည်။ ကုသိုလ်ရှင်အသီးသီးမှလည်း ဉယျာဉ်သစ်ပင်နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်များကို လှူဒါန်းလေ့ရှိသည်။ လက်ရှိကာလတွင် ဗုဒ္ဓစွယ်တော်မြတ်စေတီဝင်းအတွင်းရှိ ဉယျာဉ်တော်အတွင်းမှ ဗုဒ္ဓရုပ်ပွားတော်မြတ်များသည် သစ်ပင်ဉယျာဉ်ရိပ်များအောက်တွင် သပ္ပာယ်ကြည်ညိုဖွယ်ကောင်းလှသည်။

စွယ်တော်မြတ်စေတီသို့ လာရောက်ဖူးမြော်ကြသော ဘုရားဖူးများ၊ မြို့ခံနယ်ခံများမှလည်း ဗုဒ္ဓရုပ်ပွားတော် လှူဒါန်းမှု များပြားကြောင်းသိရသည်။ ဗုဒ္ဓရုပ်ပွားတော်များတွင် အလှူရှင်၏ ကဗ္ဗည်းများ ရေးထိုးပေးထားသည်။ စိမ်းစိုသောသစ်ပင်ဉယျာဉ်ရိပ်တွင် ကြည်ညိုစွာဖူးတွေ့နေရသော ဗုဒ္ဓရုပ်ပွားတော်မြတ်များသည်ဘုရားဖူးလာပြည်သူအပေါင်းကို စိတ်ကြည်နူးစေကာ ကုသိုလ်စိတ် ပွားများစေလျက်ရှိသည်။ လက်ရှိကာလတွင် မန္တလေးမြို့ ဗုဒ္ဓစွယ်တော်မြတ်စေတီတွင် စိမ်းစိုသောဉယျာဉ်များအကြား ဗုဒ္ဓရုပ်ပွားတော်များကိုကြည်ညိုဖွယ်ဖူးမြော်နိုင်သည်။

ကန်ညီနောင်ကန် ရေထိန်းတံခါး စနစ်တကျပြန်လည်တည်ဆောက်မည်

အင်းတော်၊ ဇန်နဝါရီ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နံ့သာကျေးရွာအုပ်စု အောင်းကုန်းကျေးရွာအနီးရှိ ကန်ညီနောင်ကန် ရေထိန်းတံခါးကို စနစ်တကျ ပြန်လည်တည်ဆောက်ရန် ဇန်နဝါရီ ၂၇ ရက်က တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး ကြည့်ရှုခဲ့ကြောင်း သိရသည်။

ယင်းကန်ညီနောင်ကန်၏ မူလရေထိန်းတံခါးမှာ ပျက်စီးနေခြင်း၊ ရေတံခါး၏ ရေထုတ်တံခါး Sill Level (ရေထုတ် အောက်ခံရေပြင်ညီ)သည် မြင့်နေခြင်း၊ ရေတံခါး၏ သစ်သားချပ်များမှာ စနစ်မကျခြင်းတို့အား စနစ်တကျဖြင့် ပြန်လည်တည်ဆောက်နိုင်ရန်အတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ကန်ညီနောင်ကန်သည် မိုးစပါး စိုက်ဧက ၅၃၂ နှင့် နွေစပါး စိုက်ဧက ၂၀၀ ခန့်ကို ဖြည့်စွက်ရေပေးဝေရာတွင် မလုံလောက်ခြင်း၊ ရေထိန်းတံခါးတည်ဆောက်ထားမှု စနစ်ကျမှု မရှိခြင်းတို့ကြောင့် တောင်သူဦးကြီးများ စိုက်ပျိုးရေအခက်အခဲများနှင့် ကြုံတွေ့နေကြရသည်။

ယင်းအခက်အခဲများကို ဖြေရှင်းရန်အတွက် ကန်ညီနောင်ကန် ရေထိန်းတံခါးအား ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူပြီး တိုင်းဒေသကြီး ရန်ပုံငွေဖြင့် စနစ်တကျ ပြန်လည်တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနေ့က ကွင်းဆင်းစစ်ဆေးရာသို့ အင်းတော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးတင်မြင့်နှင့်အတူ မြို့နယ်ဆောက်လုပ်ရေးအင်ဂျင်နီယာ ဦးလင်းလင်းထွန်း (SAE)၊ မြို့နယ် စိုက်ပျိုးရေး ဦးစီးမှူး ဦးမင်းအောင်၊ ဒုတိယ မြို့နယ်ပညာရေးမှူး ဦးသိန်းဆွေဝင်း၊မြို့နယ်ကျေးလက်ဦးစီးမှူး ဦးမျိုးမင်းစိုး၊ မြို့နယ်မြေစာရင်း ဦးစီးမှူးဦးကျော်ကျော်လွင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ အင်ဂျင်နီယာ ဦးမင်းမင်းစိုး၊ မြို့နယ်ဆည်မြောင်းဦးစီးမှူး ဦးတင်မျိုးဆွေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဒုဦးစီးမှူး ဦးပြည့်ဖြိုးမောင်၊ မြို့နယ်အထောက်အကူပြု ကော်မတီဝင် ဦးချစ်ရွှေ၊ အောင်းကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးသက်ပြင်း၊ ကန်ညီနောင်ကန် ရေထိန်းတံခါး စနစ်တကျ ပြန်လည်တည်ဆောက်ရေးကော်မတီအဖွဲ့ဝင်များ လိုက်ပါခဲ့ကြောင်း သိရသည်။

၆၈၅

ဟားခါးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်တော်ယာဉ်ဝယ်ယူခြင်း အိတ်ဖွင့်တင်ဒါဖွင့်ပွဲပြုလုပ်

ဟားခါး၊ ဇန်နဝါရီ ၃၁

ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်တော်ယာဉ် ဝယ်ယူခြင်း အိတ်ဖွင့်တင်ဒါဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီက ဟားခါးမြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပရာ တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဆန်းက တင်ဒါစည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ မော်တော်ယာဉ်တင်ဒါလျှောက်လွှာများအား တင်ဒါပုံးအတွင်းမှ ထုတ်ယူဖွင့်ဖောက်၍ ကုမ္ပဏီတစ်ခုစီ၏ တင်သွင်းထားသည့် ယာဉ်အမျိုးအစားအလိုက် ထုတ်လုပ်ခုနှစ်နှင့် ဈေးနှုန်း အဆိုပြုလွှာများကို ဖွင့်ဖောက်ကြေညာခဲ့သည်။

ဆက်လက်၍ မော်တော်ယာဉ်တင်ဒါလျှောက်လွှာ တင်သွင်းသည့်ကုမ္ပဏီများက တင်ဒါတင်သွင်းရသည့် အကြောင်းအရင်းနှင့် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြကြပြီး တင်ဒါစိစစ်ရွေးချယ်ရေး လုပ်ငန်းကော်မတီအဖွဲ့က မော်တော်ယာဉ် တင်ဒါလျှောက်လွှာများကို စိစစ်ရွေးချယ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ချင်းပြည်နယ် ပြန်/ဆက်)

သဖန်းဆိပ်ဆည်မှ စိုက်ဧကတစ်သိန်းခန့်သာ ရေပေးမည်

ရွှေဘို၊ ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံတွင် အကြီးဆုံးရေလှောင်တမံဖြစ်သော ရွှေဘိုခရိုင် သဖန်းဆိပ်ဆည်မှ ခရိုင်တစ်ခုလုံးရှိ နွေစပါးစိုက်ဧကတစ်သိန်းခန့်အတွက်သာ ယခုနှစ်တွင် ရေပေးဝေသွားမည်ဖြစ်ကြောင်းသိရသည်။

ယခင်နှစ်က နွေစပါးသီးသန့်အတွက်စိုက်ပျိုးဧက သုံးသိန်းနီးပါးကို ရေပေးဝေနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ကန်ရေပြည့်ရေလှောင် ပမာဏဧကပေ ၂၈ သိန်းကျော်သိုလှောင်နိုင်သော ယင်းဆည်ထဲသို့ ရေအဝင် မှာဧကပေ ၁၄ သိန်းကျော်သာရှိတော့သည်။ သဖန်းဆိပ်ဆည်သည် ယခင်ကမြို့နယ် ၁၀ မြို့နယ်မှ စပါးနှင့်အခြားသီးနှံစိုက်ဧက ရှစ်သိန်းကျော်ကိုရေပေးဝေခဲ့သည်။

မျိုးဝင်းထွန်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၆)၊ မြေကွက်အမှတ်(၁၄၇၂/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၄၇၂/ခ)၊ မင်းရဲကောင်းပုံလမ်း၊ (၅၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးလှအောင်(RGN-၀၀၆၅၃၂)အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးလှအောင်ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်သင်းမာညို[၁၂/မဂတ(နိုင်)၀၂၁၁၄၁]က ပါမစ်မြေအမည်ပေါက်၏ မိသားစုဓာတ်ပုံမူရင်း တင်ပြနိုင်ခြင်းမရှိဘဲ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/မိမံကိန်း(၂)၊ မြေကွက်အမှတ်(၄၅/၂)၊ မြေကွက်တည်နေရာအမှတ်(၄၅/၂)၊ သံသုမာလမ်း၊ ၁၄/စီမံကိန်း(၂)၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးမြတ်သူအမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ဦးမြတ်သူ[၁၂/ဥကတ(နိုင်)၁၀၃၁၁၁]မှ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှထုတ်ပေးသော အိမ်ပေါ်တက်ရောက် နေထိုင်ခွင့်ပြုကြောင်း အကြောင်း ကြားစာနှင့် ကြွေးကျန်ကင်းရှင်းကြောင်း ထောက်ခံချက်တို့ တင်ပြ၍ နှစ်(၆၀)မြေငှား စာချုပ်(ဂရန်)လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဦးဝင်းထွဋ်ဇော်[၁၂/ဥကတ(နိုင်)၁၄၁၅၇၀]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်တွင် နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ မနန်းဝတ်မှုံဝင်း[၁၂/ရကန(နိုင်)၀၀၆၆၅၅]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်းဦးဝင်းထွဋ်ဇော်နှင့် အများသိစေရန် ကြော်ငြာအပ်ပါသည်။

လူကြီးမင်းဦးဝင်းထွဋ်ဇော်နှင့် ကျွန်ုပ်၏မိတ်ဆွေ မနန်းဝတ်မှုံဝင်းတို့သည် ၂၀၀၃ခုနှစ်၊ ဇွန်လ(၃)ရက်တွင် အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ပြီး ၂၀၁၁ခုနှစ်၊ စက်တင်ဘာလမှစ၍ လင်ခန်းမယားခန်းပြတ်စဲခဲ့ပြီး လူမှုရေးအရပင် အဆက်အသွယ်မရှိခဲ့သည်ကို ဦးဝင်းထွဋ်ဇော် အသိပင်ဖြစ်ပါသည်။ စတင်၍ လင်ခန်းမယားခန်းကို အများသိပြတ်စဲပြီးသည့်အချိန်မှစ၍ လူကြီးမင်းဦးဝင်းထွဋ်ဇော်သည် မည်သည့်လိပ်စာတွင် နေထိုင်ပါကြောင်း၊ မည်သည့်လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြောင်း ကျွန်ုပ်မိတ်ဆွေမနန်းဝတ်မှုံဝင်းမှ လုံးဝသိရှိခဲ့ခြင်း မရှိသည်ကိုလည်း လူကြီးမင်းအသိပင်ဖြစ်ပါသည်။ သို့သော် လူကြီးမင်းသည် ၂-၁-၂၀၁၅ရက်တွင် အများသုံးလူမှုကွန်ယက်ပေါ်တွင် လူကြီးမင်း၏ထပ်မံယူထားသည့် ဇနီးနှင့်လူကြီးမင်းရင်သွေးငယ်တို့ အတူသွားလာသည့်ဓာတ်ပုံမှတ်တမ်းများကို အများသိစေရန် တင်ပြလာရာ ကျွန်ုပ်မိတ်ဆွေမနန်းဝတ်မှုံဝင်းလည်း တွေ့ရှိခဲ့ပြီးဖြစ်ပါသည်။ လူကြီးမင်းနှင့် ကျွန်ုပ်မိတ်ဆွေတို့အကြား လင်မယားအဖြစ်ပြတ်စဲခဲ့သောကာလမှာလည်း ဥပဒေအရ (၃)နှစ်ကျော်ခဲ့ပြီဖြစ်၍ ကာလစည်းကမ်းအရ တရားဝင်ပြတ်စဲပြီးဖြစ်ကြောင်း လူကြီးမင်းထံ အကြောင်းကြားလိုခြင်းဖြစ်ပါသည်။ ထို့ကြောင့် လူကြီးမင်းအနေဖြင့် ကျွန်ုပ်မိတ်ဆွေ မနန်းဝတ်မှုံဝင်း၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိုယ်ရေးကိုယ်တာကိစ္စရပ်များကို လူကြီးမင်းအနေဖြင့် တစစုံတစ်ရာဝင်ရောက်ပတ်သက်ခွင့်လုံးဝ(လုံးဝ)မရှိကြောင်းနှင့်ကျွန်ုပ်၏ မိတ်ဆွေမနန်းဝတ်မှုံဝင်း၏ ကိုယ်ရေး ကိုယ်တာကိစ္စရပ်များကို လူကြီးမင်းကထိပါးစော်ကားနှောင့်ယှက်လာသည်ရှိသော် လူကြီးမင်းအပေါ် တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ တုံ့ပြန်အရေးယူသွားမည်ဖြစ်ကြောင်း လူကြီးမင်းဦးဝင်းထွဋ်ဇော်နှင့် အများသိစေရန် ကြော်ငြာအပ်ပါသည်။

မနန်းဝတ်မှုံဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသီဟ(ဥပဒေတွဲ့) အထက်တန်းရှေ့နေ(စဉ်-၂၇၄၃၄)

စီးပွားရေး၊ တရားမ၊ ပြစ်မှုကြောင်းနှင့် နိုင်ငံတကာဥပဒေကြောင်းဆိုင်ရာအထူးအကြံပေးရုံး၊ **Chif Law Firm** စုပေါင်းရုံးဝင်း၊ အင်းစိန်။ အိမ်အမှတ်-၁၁၅၊ ပိတောက်လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။ ဖုန်း-၀၉-၇၃၁၁၇၉၄၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ထိန်းစွန်းကျေးရွာ၊ (၈)လမ်း၊ ကွင်းအမှတ် (၅၂၁)(B) ကိုးလုံးအရှေ့ ဦးပိုင်အမှတ်(၃၀/၄၀)၊ ဧရိယာ(. ၂၃) ဧကရှိသောမြေကွက်အား မူလအမည်ပေါက်ပိုင်ဆိုင်သော ဦးလှမြင့်[၁၂/ပဘတ(နိုင်) ၀၀၄၂၄၅]ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်း ချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

"မမော်" အိမ်ခြံမြေဝန်ဆောင်မှု၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးအောင်**(LL.B)**

တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၁၄)

အင်းစိန်စုပေါင်းရုံးဝင်း၊ ရှေ့နေများနားနေခန်း။

ဖုန်း-၀၉-၇၃၂၁၀၅၉၃၊ ၀၉-၄၃၁၁၃၄၀၆၊ ၀၉-၃၂၃၀၆၆၇၀

အများသိစေရန်ကြေညာခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ မြို့မ(၁)ရပ်ကွက်၊ မင်းလမ်း နေဦးညွန့်ဦးမှ ဦးညွန့်ဦး၏ အမည်ဖြင့် ၆-၇-၁၉၉၂ရက်မှ ၅-၇-၂၀၂၂ရက်အထိနှစ်(၃၀)ဂရန်ရရှိထားသည့် အောက်ပါမြေငှားဂရန်(၃)ခုပျောက်ဆုံးနေသဖြင့် မြေငှားဂရန် မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။

(က) ပြွန်တန်ဆာမြို့၊ မြို့မ(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (ရပ်-၂)၊ သခွပ်ကုန်းရပ်၊ ဦးပိုင်အမှတ်(၆)၊ မြေကွက်အမှတ်(၂၂၃) ရှိမြေဧရိယာ (၀. ၁၅၉၀)ဧက။

(ခ) ပြွန်တန်ဆာမြို့၊ မြို့မ(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(ရပ်-၂)၊ သခွပ်ကုန်းရပ်၊ ဦးပိုင်အမှတ်(၈၃)၊ မြေကွက်အမှတ်(၂၂၂) ရှိမြေဧရိယာ(၀. ၁၆၄၇)ဧက။

(ဂ) ပြွန်တန်ဆာမြို့၊ မြို့မ(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(ရပ်-၂)၊ သခွပ်ကုန်းရပ်၊ ဦးပိုင်အမှတ်(၈၄)၊ မြေကွက်အမှတ်(၁၇) ရှိမြေဧရိယာ(၀. ၁၅၅၀)ဧက။

၂။ ထိုသို့လျှောက်ထားလာပါသောကြောင့် အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍(၁၅)ရက်အတွင်း အထောက်အထားခိုင်လုံစွာတင်ပြ၍ ညောင်လေးပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားပေးမည် မဟုတ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ညောင်လေးပင်မြို့။

အမွေစား၊ အမွေခံသမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ဦးထွန်းကျော်(ခ)ဦးဝင်းစိုး[၁၂/ခရန(နိုင်)၀၀၄၈၀၄]၊ ဒေါ်သန်းသန်းမာ[၁၂/ခရန(နိုင်)၀၀၄၅၇၃]တို့၏သမီးဖြစ်သူ မသိမ့်သိမ့်ထွန်းကျော်[၁၂/ခရန(နိုင်)၁၀၆၀၂၉]ကိုင်ဆောင်သူသည် မိဘဆွေမျိုးများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးထွန်းကျော်(ခ)ဦးဝင်းစိုး[၁၂/ခရန(နိုင်)၀၀၄၈၀၄]

ဒေါ်သန်းသန်းမာ[၁၂/ခရန(နိုင်)၀၀၄၅၇၃]

၁၈-၁-၂၀၁၅ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၇)ရှိ ဦးကိုကိုလွင်[၁၂/အစန(နိုင်)၁၉၄၃၄၇]၏ ဒေါ်အေးမျိုးငြိမ်း(ဘ)ဦးဝင်း၊ (အမိ)ဒေါ်နွဲ့နွဲ့ နှင့် အများသိစေရန် ကြေညာချက်အပေါ် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သော ဒေါ်အေးမျိုးငြိမ်း[၁၂/အစန(နိုင်)၁၈၇၀၂၁]ဦးဘဝင်း (ခ)ဦးဝင်း[၁၂/အစန(နိုင်)၀၇၉၂၀၉]၊ ဒေါ်နွဲ့နွဲ့[၁၂/အစန(နိုင်)၀၇၉၁၉၇]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကိုကိုလွင် နှင့်ဒေါ်အေးမျိုးငြိမ်းတို့ လင်မယားနှစ်ဦး ဖြစ်ပွားသောကိစ္စနှင့် မိဘ(၂)ပါးဖြစ်သော ဦးဘဝင်း(ခ)ဦးဝင်း၊ ဒေါ်နွဲ့နွဲ့တို့နှင့် မည်သို့မျှပတ်သက်မှု မရှိပါဘဲ ဦးဝင်း၊ ဒေါ်နွဲ့နွဲ့အမည်ကို ထည့်သွင်းကြေညာခြင်းအတွက် ဦးဘဝင်း(ခ)ဦးဝင်း၊ ဒေါ်နွဲ့နွဲ့တို့တွင် အရှက်တကွဲဖြစ်ရ၍ ဦးကိုကိုလွင်မှ ဦးဘဝင်း(ခ)ဦးဝင်း၊ ဒေါ်နွဲ့နွဲ့တို့အမည်ကို ရုပ်သိမ်းပေးပါရန်နှင့်တောင်းပန်ရန်ဖြစ်ပြီး

ဒေါ်အေးမျိုးငြိမ်းအပေါ် အိမ်ထောင်သက်တစ်လျှောက်လုံး ဦးကိုကိုလွင်မှ ဆက်ဆံမှုပြုမှု၊ ပြုကျင့်မှု၊ ပြောဆိုမှု ၆-၁-၂၀၁၅ရက်က အဖြစ်အပျက်များနှင့် လင်မယား(၂)ဦးပိုင် ပစ္စည်းစာရင်းကိုဖော်ပြပြီး ဒေါ်အေးမျိုးငြိမ်းက ဦးကိုကိုလွင်အပေါ်-----လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် လင်မယား နှစ်ဦးပိုင်ပစ္စည်းခွဲဝေပေးရန် ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး၊ တရားမကြီးမှုအမှတ်-၁၃/၂၀၁၅ဖြင့် တရားစွဲဆိုထားပြီး ဖြစ်ပါသည်။

တရားရုံးမှ ဆောင်ရွက်ဆဲကာလဖြစ်သောအမှုအတွင်း တရားရုံး၏ ဆောင်ရွက်မှုထက်ကျော်လွန်ပြီး ဦးကိုကိုလွင်မှ ယင်းကြေညာမှုပြုခြင်းသာဖြစ်ကြောင်း ဦးကိုကိုလွင်နှင့် အများသိစေရန်ပြန်လည်ရှင်းလင်းကြေညာလိုက်သည်။

လွှဲအပ်ညွှန်ကြားသူများ	လွှဲအပ်ညွှန်ကြားချက်အရ
ဦးဘဝင်း(ခ)ဦးဝင်း၊	ဒေါ်မြင့်မြင့်သန်း **B.A(Law),LL.B**
ဒေါ်နွဲ့နွဲ့၊ ဒေါ်အေးမျိုးငြိမ်း	တရားလွှတ်တော်ရှေ့နေ(၁၆၇၀)
	အမှတ်-၂၈၄၊ မာလာမြိုင်လမ်း၊
	ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်။

နွားနို့ဈေးကျ၍ နို့စားနွားမွေးမြူသူများအရှုံးပေါ်

တိုက်ကြီး၊ ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီး၊ မှော်ဘီ၊ ထောက်ကြန့်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာမြို့နယ်တို့မှ နို့စားနွားမွေးမြူသူများ နွားနို့ဈေးကျဆင်းလျက်ရှိသောကြောင့် အရှုံးနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

နွားနို့များကို ပုံမှန်ဝယ်ယူလျက်ရှိသော ဒဂုံနို့ချက်စက်ရုံ(ပျဉ်းမပင်)တွင် တပ်မတော်ရိပ်သာနွားနို့ နို့ဆီထုတ်လုပ်ရန်အတွက် လိုအပ်သော နွားနို့များအား နို့ပေးသွင်းသူများထံမှ နေ့စဉ်ဝယ်ယူလျက်ရှိရာ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် လိုအပ်သော နွားနို့၊ နို့ဆီချက်လုပ်ရန် လျာထားချက်မှာ ပြည့်မီသွားသဖြင့် နွားနို့ဝယ်ယူမှု လျော့နည်းသွားကြောင်း သိရသည်။သို့သော်လည်း နွားနို့ပေးသွင်းသူများအား ငဲ့ညှာသောအားဖြင့် ဆက်လက်ဝယ်ယူခွင့်ပြုနိုင်ပါရန် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း ရုံးချုပ်သို့ တင်ပြခဲ့ရာ တစ်လလျှင် နွားနို့ ပိဿာချိန် ၁၀၀၀၀၀သာ ဆက်လက်ဝယ်ယူသွားရန် ခွင့်ပြုခဲ့သဖြင့် ဇန်နဝါရီလတွင် တစ်ရက်ပျမ်းမျှ ၃၂၂၅ ပိဿာ ဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။

နွားနို့ဝယ်ယူရာတွင် ယခင်ကလို နွားနို့ပါသလောက် ဝယ်ယူမှုမရှိတော့ဘဲ နွားနို့သွင်းသူအားလုံး မျှတစွာ သွင်းနိုင်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဧပြီ ၁ရက်မှ ဒီဇင်ဘာ ၃၁ရက်အထိ နို့ပေးသူအားလုံး တစ်ဦးချင်းပေးသွင်းခဲ့သည့် ပိဿာချိန်များအား အခြေခံတွက်ချက်၍ တစ်ရက်လျှင် ပျမ်းမျှပေးသွင်းမည့် ပိဿာပေါ် မူတည်၍ ဝယ်ယူသွားမည်ဖြစ်သည်။ ထိုသို့ တစ်ရက်ပေးသွင်းခဲ့သည့် ပိဿာအတိုင်းဝယ်ယူမည်ဆိုပါက ရုံးချုပ်ခွင့်ပြု ပိဿာထက် ကျော်လွန်နေသဖြင့် တစ်ဦးချင်းပေးသွင်းသည့် ပျမ်းမျှပိဿာချိန်ထက် ၂၀ရာခိုင်နှုန်း လျော့၍ ဝယ်ယူသွားကြောင်း သိရသည်။

ထို့ကြောင့် နွားနို့ရောင်းချသူများထံမှ ဇန်နဝါရီလအတွက် ဝယ်ယူမည့် ပိဿာမှာ တစ်ရက် အတွက် ၃၂၂၅ပိဿာဖြစ်သော်လည်း သတ်မှတ်နှုန်းပြည့်သွားပြီဖြစ်သည့်အတွက် တစ်လလုံးမှ အချို့ ၁၅၀ ပိဿာမှ ပိဿာ ၃၀၀၀သာ ဝယ်ယူလျက်ရှိခြင်းကြောင့်ပိုလျှံသော နွားနို့များကို ပြင်ပသို့ ရသည့်ဈေးဖြင့်ရောင်းချနေရခြင်း ဖြစ်ကြောင်းသိရသည်။

'နို့ချက်စက်ရုံကတော့ နွားနို့ တစ်ပိဿာ ကျပ် ၇၀၀ ဈေးဝယ်တယ်။ စက်ရုံမှ မယူတဲ့နွားနို့ကို အပြင်ထုတ်ရောင်းတော့ တစ်ပိဿာကျပ် ၄၀၀၊ ၅၀၀ ပဲရတယ်။ တစ်ခါတလေ နွားနို့တွေမကုန်လို့ ချဉ်သွားပြီး သွန်ပစ်ရပါတယ်။ ကျွန်တော်တို့ နွားနို့ရောင်းသူတွေအနေနဲ့ နောက်ထပ် ကုမ္ပဏီကနို့ချက်စက်ရုံတစ်ရုံထပ်တည်ထောင်ဖို့ မျှော်လင့်နေပါတယ်''ဟု နွားနို့ရောင်းချသူတစ်ဦးက ပြောသည်။

ထွန်းလှိုင်(မြိုင်)

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူလျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၀ရက်က လှိုင်သာယာမြို့နယ် အမှတ် (၅) ရပ်ကွက် သောင်ရင်းလမ်းနှင့် သုမ္မောလမ်းထောင့်တွင် T-6.6/0.4KV,315 KVA ထရန်စဖော်မာ တစ်လုံး ဓာတ်အားထုတ်လွှတ်ခြင်းလုပ်ငန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးကျော်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးအောင်မျိုးဦးတို့ ဦးဆောင်၍ လိုင်းဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်ခဲ့ကြသည်။ ယခုနှစ်အတွင်း မြောက်ပိုင်းခရိုင်အနေဖြင့် ၁၁၂လုံးမြောက် ထရန်စဖော်မာကို တိုးချဲ့တပ်ဆင်ပြီးစီးခြင်းဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

မိုးပွင့်(အထူး) စီမံချက် ကွင်းဆင်းဆောင်ရွက်

ရန်ကုန်၊ ဇန်နဝါရီ ၃၁

မိုးပွင့်(အထူး) စီမံချက်ဖြင့် ကမာရွတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးသူနှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀နာရီက အမှတ် (၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်အတွင်းနေ ပြည်သူများ၏ နိုင်ငံသားကတ် ပျက်စီးပျောက်ဆုံးအပါအဝင် (၁၀) နှစ်ပြည့်၊ (၁၈) နှစ်ပြည့်သူများနှင့် အိမ်ထောင်စုစာရင်းပျက်စီး၊ ပျောက်ဆုံးသူများအား စိစစ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျော်လှိုင်(ကမာရွတ်)

Mobile Team 2 မှ ဖမ်းဆီးရမိပစ္စည်းများ ရန်ကုန်သို့ ပို့ဆောင်စစ်ဆေး

ပဲခူး၊ ဇန်နဝါရီ ၃၁

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်လမ်းဆုံ Mobile Team 2 စစ်ဆေးရေးဂိတ်သို့ သတင်းပေးတိုင်ကြားချက်အရ ဇန်နဝါရီ ၂၇ ရက် နံနက် ၈ နာရီခွဲက အဖွဲ့စုံဖြင့် ယာဉ်သုံးစီးအား စစ်ဆေးရန်ဆောင်ရွက်စဉ် ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့မှ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ 4E×××ISZU 6 ဘီးယာဉ်တွင် Back Hole (အသေး) Mitsubishi တစ်စီး၊ ကားအင်ဂျင်ဂီယာဘောက်၊ ရှော့ဘား၊ ဟွန်း၊တာယာ၊ပီနံအိတ်ခွံ၊ Cooling Pad ကားအပိုပစ္စည်းမီးစက်၊ 8J ×××(NISSON DIESEL) ၁၂ ဘီးယာဉ်တွင် ဂုန်နီအိတ်ခွံ၊ ကားတာယာ၊ Cooling Pad ကားအပိုပစ္စည်း Back Hole (SAVER 75 UR) အလတ် တစ်စီး၊ Back Hole (REGA) CAT (Caterpillar) အလတ်တစ်စီး၊ 1B×××HINO 12 ဘီး ယာဉ်ပေါ်တွင် Back Hole CAt (CATER PILLOR)အလတ် တစ်စီး၊ Back Hole (Komatsu) အသေးတစ်စီး၊ ကားတာယာအသေး 3K Battery ကားခွေ (အသေး) များတွေ့ရှိရပြီး ယာဉ်သုံးစီးပေါ်တွင် တင်ထားသည့်ယန္တရား ငါးစီးနှင့် ပါရှိလာသည့် ပစ္စည်းများအား ဦးငွေစိုး(လ/ထ ညွှန်ကြားရေးမှူး)ဦးစီးအဖွဲ့က ရန်ကုန်သို့ ပို့ဆောင်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(၅၈၈)**

အထက်တန်းကျောင်း(ခွဲ) (၆)ကျောင်းသို့စာအုပ်များလှူဒါန်း

ဆင်ပေါင်ဝဲ၊ ဇန်နဝါရီ ၃၁

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ကျေးရွာအခြေခံပညာ အထက်တန်းကျောင်းခွဲများအား လှူဒါန်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၈ရက် မွန်းလွဲ ၁နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါစာအုပ်များလှူဒါန်းပွဲတွင် ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ခြောက်ကျောင်းသို့ ငြိမ်းပညာရေးလမ်းညွှန်ဂျာနယ်စာအုပ်များသုံးသိန်းကျော်ဖိုး လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ် ပြန်/ဆက်

ကောင်းချီးသာခု+ဂုဏ်ပြုဆုတောင်းအပ်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ သစ်တော(၃)လမ်းရှိ သဒ္ဓမ္မသီမာရာမကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ရဟန္တာသိမ်တော်မြတ်ကြီး(ဘီလူးမသိမ်)၏ သိမ်ဒါယကာ ဦးသန်းဌေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ဇန်နဝါရီလ ၄ရက်၊ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင်ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၅ ဖြင့် သုဓမ္မမဏိဇောတရဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်နှံခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် လောကသာသနာအကျိုးနှစ်ဖြာကို ရှည်ကြာဝေဖြိုး ဆတက်တိုး၍ သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သဒ္ဓမ္မသီမာရာမကျောင်းတိုက်နှင့် သာသနာ့အကျိုးတော်ဆောင်များ
သန်လျင်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ်(၆၂၀/ခ)၊ မြေကွက်တည်နေရာအမှတ်(၆၂၀/ခ)၊ ဈေး(၁၄)လမ်း၊ [ဦးကျော်ထွန်း(ခ)ဦးမှုံ] [အေဝိုင်ဒဗလျူ ၀၄၀၃၃၅]အမည်ပေါက်နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်ဖခင် ဦးကျော်ထွန်း(ခ)ဦးမှုံ၊ မိခင်ဒေါ်မြမြ ကွယ်လွန်သဖြင့် ဒေါ်ဥမ္မာဝင်း [၉/ရမသ(နိုင်)၀၀၀၄၅၀]က ကိတ္တိမသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ကိတ္တိမသမီးအဖြစ် မွေးစားခြင်းစာချုပ်(၂၅၃/၁၄) တင်ပြ၍ ၎င်းထံမှအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၂၂၄၁/၁၄)ဖြင့်ရရှိသူ ဦးခင်မောင်တာ[၁၂/တမန(နိုင်)၀၈၁၄၉၂]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြေကွက်အမြန်ရောင်းမည်

ဂရန်ပေါက်အရှုပ်အရှင်းမရှိ မြေကွက်အမှတ်(၄၉၃)၊ (၄၉၄)နှစ်ကွက်တွဲ ပုလဲ (၃) အပိုင် ပတ္တမြားတောင်-မင်္ဂလာဒုံ၊ နဝရတ်လမ်းမကြီးနှင့် မြစပါယ်လမ်းသွယ်ထောင့်ကွက်။ ညှိနှိုင်းဈေးသိန်း(၁၅၀၀)
ဆက်သွယ်ရန်ဖုန်း ၀၁-၉၆၉၀၀၇၀
၀၉-၅၁၀၇၀၆၀၊ ၀၉-၂၅၃၆၅၈၈၆၅

ပြင်ဆင်ဖတ်ရှုပါရန်

၁-၁၂-၂၀၁၄ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၁၁)ကန့်ကွက်ကြော်ငြာ သာကေတမြို့နယ် ဒေါ်မြင့်မြင့်ခိုင်+၁၏ အမည်ပြောင်းတွင် ဒေါ်မြင့်မြင့်ခိုင်[၁၄/ဟသတ(နိုင်)၁၃၂၉၁၅]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃၇

ဦးတင်လှအောင် နှင့် ၁။ ဦးစိုးအောင်
၂။ ဒေါ်ထွေးရီ
၃။ ဒေါ်ခင်ဥမ္မာအောင်
၄။ ဒေါ်ခင်ထက်ထက်အောင်
၅။ ဒေါ်ခင်နန်းထိုက်အောင်

တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၀၈/၀၂)နေ (၂)တရားပြိုင် ဒေါ်ထွေးရီ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ ပင်လုံနှင်းဆီအိမ်ရာ၊ အမှတ်(၄၈)နေ (၃)တရားပြိုင်ဒေါ်ခင်ဥမ္မာအောင်၊ (၄)တရားပြိုင် ဒေါ်ခင်ထက်ထက်အောင်၊ (၅)တရားပြိုင် ဒေါ်ခင်နန်းထိုက်အောင် (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ ဦးတင်လှအောင်က သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂အရ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ ဘိုးစိန်လမ်း၊ ဦးပိုင်(၂၄/က)၊ ကွင်း အမှတ်(၂၅)၊ အကွက်အမှတ်(၀/၁၇၄/၀/၁၇၇/၀/၁၇၉)တို့သည် ဦးတင်လှအောင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာ၍ အကွက်အမှတ်(၀/၁၇၄)မြေနှင့် မြေပေါ်ရှိ အဆောက်အအုံအား တရားလိုထံ တရားပြိုင်(၁)မှ လက်ရောက်ပေးအပ်စေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ရက်(၁၃၇၆ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။၎င်းပြင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၂၆ရက်၌ ဤရုံးတံဆိပ်ရိုက်နှိပ်၍ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက် သည်။

ဒေါ်စုငယ်
ခရိုင်တရားသူကြီး
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂အိုင်)၊ မြေကွက်အမှတ်(ပဥ္စမတန်းစား-၉၀)၊ မြေကွက်တည်နေရာအမှတ်(၁၂၃)၊ ၉၂-လမ်း၊ ကန်တော်ကလေးအရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဦးအောင်ကျော်စိုး အမည်ပေါက်နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်ဦးအောင်ကျော်စိုး[၇/တငန(နိုင်)၀၉၂၄၈၄]မှ ဂရန်ပျက်စီးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျန်းမာရေးဆောင်းပါး

ကုလားပဲစားသူများ သတိထားစရာ

à lunf(Ujifrk)

အမြန်လမ်း အဝေးပြေးလမ်းမကြီးပေါ်တွင် ကားမောင်းခဲ့သူတစ်ဦးသည် နေ့ခင်းကြောင်တောင် လမ်းတစ်ဝက်တွင် အိပ်ငိုက်လာသဖြင့် အထူးသတိထားမောင်းခဲ့ရသည်ဟုဆိုသည်။ မရသည့်အဆုံးတွင် ဆက်မမောင်းတော့ဘဲ မိမိကြောင့် အန္တရာယ်ဖြစ်မည်စိုးသဖြင့် အခြားသူတစ်ဦးကို ပြောင်းပြီး မောင်းခိုင်းရသည်ဟုဆိုသည်။ ကားမောင်းရင်း အိပ်ငိုက်ရသည့် ထိုသူမှာ စာရေးသူ၏မိတ်ဆွေဖြစ်သဖြင့် ကားမောင်းမလာမီက မည်သည့်အစာစားခဲ့သလဲ မေးကြည့်သောအခါ ရန်ကုန်မြို့မှ ထွက်လာပြီး ပဲခူးမြို့အဝင် ထမင်းဆိုင်တစ်ဆိုင်တွင်ရပ်နားပြီး ထမင်းစားရာတွင် ဆိတ်သားနှင့်ကုလားပဲဟင်းကို တစ်ဝစားခဲ့ကြောင်း ပြောပြသည်။

ပဲအမျိုးမျိုးတွင် ကုလားပဲသည် အနောက်တိုင်းဆေးပညာ အလိုအရ အာဟာရဓာတ်အပြည့်ပါပြီး "ပရိုတင်း" ခေါ် အသားဓာတ်အပြည့်အဝပါသော ပဲမျိုးဖြစ်သည်။ ခွန်အားကိုဖြစ်စေသည်။ ကြွက်သားအားကိုဖြစ်စေသည်။ ကလေးများကို ငယ်စဉ်က ကုလားပဲ(သို့မဟုတ်) ကုလားပဲနှင့်ပြုလုပ်ထားသော မုန့်၊ အစာအာဟာရများကျွေးမွေးခဲ့လျှင် ကြီးထွားလွယ်ပြီး အရပ်လည်းရှည်စေနိုင်သဖြင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးမှုကိုအလေးထားသောနိုင်ငံများတွင် မူလတန်းကျောင်းသားအရွယ်ကလေးများကို ကျောင်းများမှပင် အာဟာရအဖြစ် ကျွေးမွေးသည်။ ထိုသို့ပြုစုကျွေးမွေးရာတွင် ကုလားပဲသည် အဓိကထည့်သွင်းသောအစာဖြစ်သည်ဟု ရှေးယခင်နှစ် ၂၀ ခန့်ကပင် ဖတ်ရှုခဲ့ရဖူးပါသည်။ ကုလားပဲကို နွားနို့နှင့် တန်းတူထား၍ ကြီးထွားဖွံ့ဖြိုးမှုအတွက် ကျွေးမွေးနိုင်သည်ဟု ဆိုသည်။

မြန်မာနိုင်ငံရေးသမိုင်းတွင်လည်း လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့သော ပုဂ္ဂိုလ်တစ်ဦးသည် ကုလားပဲအစိမ်းကို အခွံမချွတ်ဘဲ ရေစိမ်၍ နေ့စဉ်စားခဲ့သည်။ သူ၏ ဥပမိရုပ်မှာလည်း တောင့်တင်းခိုင်မာသည့် ရုပ်မျိုးဖြစ်သည်ကို တွေ့ရသည်။ ထို့အတူပင် ခွန်အားတောင့်တင်းသည့် အိန္ဒိယလူမျိုးများ၊ တပ်မတော်သားများ၊ တိုက်ပွဲဝင်သူများသည် ကုလားပဲကို အဓိကရိက္ခာအဖြစ်ထား၍ စားသုံးကြသည်ကို တွေ့ရသည်။ ကုလားပဲစားသုံးသူများသည် သန်မာတောင့်တင်းရုံမျှမက အပင်ပန်းဒဏ်၊ ဥတုဒဏ်များကို ခံနိုင်ရည်ရှိသည်ဟုဆိုသည်။ ကျွဲတစ်ကောင်ကို လှဲသတ်နိုင်သူတစ်ဦးသည် ကျွဲသားကိုမစား၊ အမဲကိုမစား၊ ကုလားပဲကို စားသည်ဟု အဆိုရှိသည်။

သို့သော် ကုလားပဲကို ရိုးရာတိုင်းရင်းဆေးပညာရှုထောင့်မှ ကြည့်သောအခါ ဆေးပညာကျမ်းများအလိုအရ ကုလားပဲသည် ပဲအမျိုးမျိုးတွင် "ဂရု" ဂုဏ်ရှိသောပဲမျိုးဖြစ်သည်။ "ဂရု" ဆိုသည်မှာ လေးလံသည့် အနက်အဓိပ္ပာယ်ရှိသည်။ ဂရုဂုဏ်ရှိသော အစာသည် ကြေခဲသည်။ ရုပ်လေးသည်။ အိပ်ချင်ငိုက်မျဉ်းသည်။ ဩဇာဓာတ်ကို တိုးပွားစေသည်။ များများစားလျှင် ထိုင်းမှိုင်းစေသည်။

ရိုးရာဆေးပညာရှုထောင့်မှ ဓာတ်စာပေး၍ကုသော ပညာရပ်တွင် အာဟာရဖြည့်တင်းရန်လိုသော လူနာအတွက် ကုလားပဲ၊ နို့နှင့် အသားအမျိုးမျိုးကို ပေးလေ့ရှိသည်။ ဂရုဂုဏ်ရှိသော ဓာတ်စာအဖြစ်ပေးခြင်းဖြစ်သည်။ ကုလားပဲနှင့် ဆန့်ကျင်ဘက်မှာ ပဲရာဇာ ခေါ် ပဲနီလေးကို ပေးလေ့ရှိသည်။ ထိုပဲသည် နူးညံ့ပြီး ကြေကျက်လွယ်သည်။ အသက်ကြီးသူများအတွက် အစာကြေလွယ်သည်။ အာဟာရ ဖြစ်စေသည်။ ပဲရာဇာသည် ရုပ်ကိုပေါ့ပါးစေသော "လဟု" ဂုဏ်ရှိသည်ဟု ဓာတ်စာဆရာကြီးများကဆိုသည်။ သွေးတိုးရှိသောလူနာ၊ နှလုံးကြီးသောလူနာ၊ "လဟု" ဆိုလျှင် ပေါ့ပါးသောအနက်

> **ကုလားပဲသည် "ဂရု" ဂုဏ်ရှိသော ပဲမျိုးဖြစ်သည်။ "ဂရု"ဆိုသည်မှာလေးလံသည့် အနက်အဓိပ္ပာယ်ရှိသည်။**

အဓိပ္ပာယ်ရှိသည်။ အစာချေအားနည်းသောလူနာ၊ လေဖြတ်ဝေဒနာ နှစ်ရှည်ခံစားနေရသော လူနာများကို ကုလားပဲကိုမပေး၊ ပဲရာဇာကိုသာ ဓာတ်စာအဖြစ်ပေးသည်။ ကုလားပဲ၊ မြေပဲ၊ ပဲကြီး၊ မတ်ပဲ၊ စွန်တာနီ၊ ပဲစာဥ၊ စားတော်ပဲများသည် ကြေခဲ၍ လူနာများနှင့်မသင့်။ ပဲရာဇာ၊ ပဲနီလေး၊ ပဲဖြူလေး၊ ပဲစင်းငုံစသည့် ပဲများသာ နူးညံ့၍ကြေကျက်လွယ်သဖြင့် လူနာများ၊ သက်ကြီးရွယ်အိုများနှင့် သင့်သည်။

မြန်မာတို့နှစ်သက်သော ရိုးရာအစားအစာဖြစ်သည့် မုန့်ဟင်းခါးချက်ရာတွင် ကုလားပဲထည့်ချက်လေ့ရှိသည်။ ထိုသို့ ထည့်ရာတွင် အချို့က ကုလားပဲအစိမ်းမှုန့်၊ အကျက်မှုန့်များကို အသုံးပြုသော်လည်း အချို့က ကုလားပဲစေ့ကို ပြုတ်ချေပြီး ထည့်လေ့ရှိသည်။ အစိမ်းကိုပြုတ်၍ ထည့်ချက်သော မုန့်ဟင်းခါးဟင်းရည်သည် အခန့်မသင့်လျှင် ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်းကို ဖြစ်စေနိုင်သည်။

ကုလားပဲအမှုန့်ကို လှော်ထားသည့် အကျက်မှုန့်ဖြင့် မုန့်ဟင်းခါးဟင်းရည်ချက်ခြင်းသည် ရနံ့လည်းမွှေးပြီး ဝမ်းမပျက်စေနိုင်သဖြင့် စိတ်ချရသောနည်းဖြစ်သည်။ ကုလားပဲတစ်မျိုးတည်းကသည်ပင် ပထဝီစာဖြစ်၍ ဝမ်းချုပ်စေနိုင်ပြီး ဟင်းအရည်ချက်လျှင် အခန့်မသင့်၍ အချဉ်ပေါက်ပြီး သိုးသွားလျှင် ဝမ်းပျက်စေနိုင်သောသတ္တိရှိသည်။ အစာမကြေလျှင်လည်း အိပ်ချင်ငိုက်မျဉ်းစေသည်။

ယောအတွင်းဝန် ဦးဖိုးလှိုင်၏ ဥတုဘောဇနသင်္ဂဟကျမ်းတွင်လည်း အစိမ်းအတိုင်းလှော်သော ကုလားပဲသည် အားကိုပြုတတ်၏။ နှုတ်ကိုမြိန်စေတတ်၏။ အခြောက်ကို လှော်ထားသော ကုလားပဲသည် အဆီဩဇာမရှိ။ လေနာ၊ နူနာတို့ကို ပွားစေတတ်၏။ ပြုတ်ပေါင်းသောကုလားပဲသည် သလိပ်၊ သည်းခြေကိုနိုင်၏။ ကုလားပဲဟင်းသည် စိတ်နှလုံးကို တုန်လှုပ်ခြင်းပြုစေတတ်၏။ ကုလားပဲအစိမ်းသည် နူးညံ့၍ နှုတ်ကိုမြိန်စေတတ်၏။ သည်းခြေ၊ သုက်ကို နည်းစေတတ်၏။ အေး၏။ ဖန်၏။ လေကိုပျက်စေတတ်၏။ ဝမ်းချုပ်၏ စသည်ဖြင့် ဖွင့်ဆိုထားသည်ကို တွေ့ရပေသည်။

ကုလားပဲကို အလုပ်ကြမ်းလုပ်ရသူများ၊ ခရီးခြေကျင်သွားရသူများ၊ စစ်သည်များ၊ ခွန်အားအသုံးပြုရသူများ စား၍ ဘာမှမဖြစ်ပေ။ အထိုင်များသူ၊ အလုပ်မလုပ်သူ၊ အေးစက်သောအခန်းတွင် ဇိမ်နှင့်နေသူများ မစားသင့်ပေ။ အဆစ်ရောင်၊ လေးဘက်နာရှိသူ၊ အကြောတက်ရောဂါရှိသူ၊ အစာမကြေရောဂါရှိသူ၊ ကိုယ်ရောင်ရောဂါရှိသူများ၊ ရင်ကျပ်ရောဂါရှိသူများ မသင့်ပေ။ အဝေးပြေးလမ်းတွင် ကားမောင်းရသူများ၊ စာမေးပွဲနီး၍ စာကျက်မှတ်နေရသူများတွင်လည်း အိပ်ချင်ငိုက်မျဉ်းတတ်၍ သတိထားစားသုံးသင့်ကြောင်း တင်ပြလိုက်ရပေသည်။

ဗိုလ်ချုပ်မွေးနေ့ ဒို့မမေ့ ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်

ရန်ကုန်၊ ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀) ပြည့်မွေးနေ့ပွဲတော်အဖြစ် အခြေခံပညာ အလယ်တန်း၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို အုပ်စုသုံးစုခွဲ၍ "ဗိုလ်ချုပ်မွေးနေ့ ဒို့မမေ့" ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၂၅ရက် မွန်းလွဲ ၁ နာရီက ရွာမပရိယတ္တိစာသင်တိုက်ကြီးအတွင်း၌ ကျင်းပသည်။

ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်ထိ ကြို့ကုန်းအနောက်ရပ်ကွက် ဘောလုံးကွင်း၌ ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀) ပြည့်အထိမ်းအမှတ် မွေးနေ့ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ အလှုပြယာဉ်များ၊ အငြိမ့်ပွဲ၊ စတိတ်ရှိုးပွဲ၊ ပြဇာတ်များဖြင့် ဧည့်ခံခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ နိဗ္ဗာန်စျေးပွဲတော်များဖြင့် ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြင့်)**

ကွန်ကရစ်တံတား တည်ဆောက်

သထုံ၊ ဇန်နဝါရီ ၃၁

မွန်ပြည်နယ် ခရိုင်ချင်းဆက်လမ်း အမှတ် (၂) သထုံမြို့နယ်အပိုင်းရှိ ညောင်ချောင်းတံတား(သစ်သား)အား သံပေါင်ရက်မအာစီ ကွန်ကရစ်တံတားအဖြစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တည်ဆောက်လျက်ရှိသည်။

အဆိုပါ တံတားတည်ဆောက်နေမှုကို ဇန်နဝါရီလနောက်ဆုံးပတ်က သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးလှမျိုးဝင်း ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့် အညီဆောင်ရွက်ရန် မှာကြားခဲ့သည်။ **(ကျေးလက်ဦးစီး)**



ပြင်ဆင်ဖတ်ရှုပါရန်

၂-၁၀-၂၀၁၄ ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာ-၂၂ ကန့်ကွက်ကြော်ငြာ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဘီလစ်ဒေါ်လှဲလှဲခိုင်၏ မြေပုံကူးတွင် အမည်ပေါက် ဒေါ်လှလှမူ(အိုင်-၀၄၉၆၂၆)အစား (CI-၀၄၉၆၂၆)ဟုလည်းကောင်း၊ တရားမကြီးမှု-၂၆(၁၂-၈-၂၀၁၃)အစား တရားမကြီးမှု-၆/၂၀၁၃ (၂၁-၂-၂၀၁၃)ဟု ဖတ်ရှုပါရန်။

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ်(၁၀)လမ်း၊ အမှတ်(၇၅)ရှိ ပေ(၃၀×၆၀)မြေကွက်ပေါ်တွင် ၁၁-၁၀-၂၀၁၃ရက်တွင် (၂)ခန်းတွဲ(R.C)(၃ ½)ထပ် အဆောက်အအုံသစ် ဆောက်လုပ်ရန်မြေရှင် ဒေါ်ဝင်းဝင်းကြည်[၁၂/သကတ(နိုင်)၀၈၆၂၄၁] နှင့် ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်တင်တင်ဝင်း[၁၂/သဃက(နိုင်)၀၆၅၉၄၁]တို့မှ နှစ်ဦးသဘောတူ ကတိစာချုပ်ချုပ်ဆို၍ ကျွန်ုပ်တို့မိတ်ဆွေမှ အဆိုပါမြေကွက်အား လက်ရှိထားလျက် အဆောက်အအုံသစ် ဆောက်လုပ်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းစာချုပ်မှာ ပဋိညာဉ်အရ တည်မြဲနေပြီး တရားဝင်ဖျက်သိမ်းရခြင်းမရှိသေးပါ။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့မိတ်ဆွေ သဘောတူညီမှုမရှိဘဲ မြေရှင်ဒေါ်ဝင်းဝင်းကြည်နှင့် အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါမြေကွက်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အမည်ပေါက်လျှောက်ထားခြင်း၊ အာမခံတင်သွင်းခြင်း၊ ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ဆဲတိုက်ခန်းများကို ကြိုပွိုင့်ရောင်းချခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါက တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားပါမည်ဟု အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြူဖြူအောင်	ဒေါ်ဥမ္မာဦး
LL.B	**LL.B,WIPO-DL(101),Switzerland**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၇၆)	တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၃၃)
ဖုန်း-၀၉-၇၃၁၆၇၄၄၅	ဖုန်း-၀၉-၄၂၁၀၈၀၃၀
	အမှတ်(၁၀၂)၊ ပြည်တော်သာလမ်း၊
	(င/ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။

နည်းပညာ

အလွယ်တကူဖြုတ်တပ်လဲလှယ်နိုင်သော Google Ara Modularဖုန်း

Google ATAP ဌာနခွဲ၏ဖော်ပြချက်အရ Google က စွမ်းဆောင်ရည်မြင့် Modular ဖုန်း အသစ်တစ်မျိုးကို လာမည့် ဇွန်လတွင် ပေါ်တိုရီကိုနိုင်ငံသို့ စတင်ဖြန့်ဖြူးရောင်းချသွားမည်ဟု အတည်ပြုပြောကြားခဲ့သည်။ ယင်းဖုန်း၏ထူးခြားချက်မှာ အစိတ်အပိုင်းများကို ဖြုတ်တပ်လဲလှယ်နိုင်ပြီး ကုမ္ပဏီအနေဖြင့် ယင်းထုတ်လုပ်မှုကို စီမံကိန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

Modular ဖုန်းများတွင် ကင်မရာ၊ Memory၊ Processor စပီကာအပြင် အခြားအစိတ်အပိုင်းများ ဖြုတ်တပ်လဲလှယ်နိုင်သည့်အတွက် ဖုန်း၏ Processor ကိုအဆင့်မြှင့်ပြီး လဲလှယ်လိုလျှင် ဖုန်းအသစ်တစ်လုံး ထပ်မံဝယ်ရန် မလိုအပ်ဘဲ Processor အသစ်ကိုပြောင်းလဲတပ်ဆင်နိုင်မည်ဖြစ်သကဲ့သို့ အခြားအစိတ်အပိုင်းများအားလုံးကိုလည်း ထိုနည်းဖြင့်ပင် အဆင့်မြှင့်တင်နိုင်မည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့သည်။ ယင်းစီမံချက်ကို Motorola ကုမ္ပဏီက မူလအစပြုခဲ့သော်လည်း Google က Motorola ကုမ္ပဏီကို ဝယ်ယူလိုက်သောအခါ Motorola ၏ အဆင့်မြင့်နည်းပညာရပ်များ စီမံချက်အဖွဲ့အစည်းများအားလုံးလည်း Google လက်အောက်သို့ရောက်ရှိလာခဲ့ပြီး ယင်းစီမံချက်ကို ငွေကုန်ကြေးကျများစွာ အကုန်အကျခံ၍ ဆက်လက် အကောင်အထည်ဖော်ခဲ့သည်။

ကယ်လီဖိုးနီးယားပြည်နယ်တွင်ပြုလုပ်ခဲ့သော နှစ်ပတ်လည်အစည်းအဝေးတွင် Modular ဖုန်းနမူနာအပြင် ယင်းဖုန်းတွင် ထည့်သွင်းပေးမည့် Ara Manager App နှင့် အသုံးပြုသူများ၏ လိုအပ်ချက်နှင့်အညီ တပ်ဆင်ရမည့် ဖုန်းအစိတ်အပိုင်းများကို ရွေးချယ်ပေးနိုင်သော Ara Configurator အပြင် Spiral ၂ နမူနာဖုန်းကိုပါ ထည့်သွင်းပြသသွားခဲ့သည်။ နောက်ထပ်ဆက်လက်ထွက်ရှိလာမည့် Spiral 3 သည် 4G ဆက်သွယ်မှုကို များစွာအထောက်အကူပြုပြီး အခြားအဖွဲ့အစည်းများမှထုတ်လုပ်သော ဖုန်းအစိတ်အပိုင်းများကိုလည်း အသုံးပြုနိုင်မည်ဖြစ်သည်။

သို့သော် ဈေးကွက်ကို အမေရိကန်တွင်မစတင်ဘဲ ပေါ်တိုရီကိုနိုင်ငံတွင် စတင်ရန်ကြိုးပမ်းမှုမှာ ဈေးကွက်အနေအထားကြောင့်သာဖြစ်ပြီး ၂၀၁၅ ခုနှစ်အတွင်း ယင်းဖုန်းကို အကန့်အသတ်ဖြင့်သာ ရောင်းချသွားမည်ဟု ကြေညာခဲ့သည်။ **မေလှဲ့သင်း**



i Phone ဈေးကွက်၏ပထမဆုံးကိုယ်တွင်ဝတ်ဆင်နိုင်သည့်စမတ်စ်နာရီများ Apple ထုတ်လုပ်

Apple ကုမ္ပဏီမှ ထုတ်လုပ်သော စမတ်နာရီများကို ၂၀၁၅ ခုနှစ် ဧပြီလတွင် ဈေးကွက်တွင်း အရောက်ပို့ပေးမည်ဟု Apple ကုမ္ပဏီ၏ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူး တင်မ်ကွတ်ခ်က ကုမ္ပဏီရင်းနှီးမြှုပ်နှံသူများ အစည်းအဝေးတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

၎င်းစမတ်စ်နာရီသည် i Phone ဈေးကွက်တွင် ပထမဦးဆုံးကိုယ်တွင် ဝတ်ဆင်နိုင်သည့် စမတ်စ်ဖုန်းအမျိုးအစားဖြစ်လာသည်။

၎င်းစမတ်နာရီများကို ပုံစံသုံးမျိုးဖြင့် ထုတ်လုပ်ထားရာ ပုံမှန်ဒီဇိုင်း၊ စပေ့ါဗားရှင်းနှင့် ဇိမ်ခံပစ္စည်းဈေးကွက်အတွက် ရည်ရွယ်ထုတ်လုပ်ထားသည့် ရွှေဖြင့်ပြုလုပ်ထားသော စမတ်နာရီဒီဇိုင်းဟူ၍ ကွဲပြားသည်။

အရောင်မှာ အမျိုးမျိုးကွဲပြားပြီး ၎င်းနာရီများကို Apple i Phone များနှင့်တွဲဖက်အသုံးပြုရမည်ဖြစ်ကာ စမတ်နာရီများမှတစ်ဆင့် စာပို့ခြင်း၊ ဖုန်းခေါ်ဆိုခြင်းနှင့် ကိုင်ဆောင်သူ၏ ကျန်းမာရေးအခြေအနေများကိုလည်း အမြဲခြေရာကောက်ပေးနိုင်မည် ဖြစ်သည်။

အမျိုးမျိုးသော ဒီဇိုင်းများ၊ အရောင်များဖြင့် ထုတ်လုပ်ထားသော Apple စမတ်ဖုန်းနာရီများကို အမေရိကန်ဒေါ်လာ ၃၄၉ ဒေါ်လာဖြင့် စတင်ရောင်းချမည်ဖြစ်ပြီး ဥရောပ၊ အမေရိက ဈေးကွက်များတွင် တစ်ချိန်တည်းရယူနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ ဈေးကွက်တွင် ရောက်ရှိရန်မှု အနည်းငယ်စောင့်ဆိုင်းရဦးမည်ဟု ပြီးခဲ့သည့် မီဒီယာဖော်ပြချက်တွင် ထုတ်ပြန်ခဲ့သည်။

ယခုအချိန်အထိ တရုတ်ပြည်၏ စမတ်ဖုန်းဈေးကွက်တွင် Apple စမတ်ဖုန်းများသည် Xiaumi,Samsung နှင့် Huawei ကုမ္ပဏီများကို ကျော်လွန်၍ ထိပ်ဆုံးတွင် ရပ်တည်နေခဲ့ကြောင်းနှင့် လက်ရှိတွင် အသားတင်အမြတ် အမေရိကန်ဒေါ်လာ၁၈ ဘီလီယံ ရရှိထားကြောင်း အင်္ဂါနေ့တွင် ထုတ်ပြန်ခဲ့သော ကန်းနယ်လက်စ်၏ သုတေသနထုတ်ပြန်ချက်အရ သိရသည်။

သို့သော် Apple ထုတ် စမတ်ဖုန်းများဖြစ်သော i Phone 6 နှင့် i Phone 6 Plus တို့၏ ကြီးမားသောအောင်မြင်မှုကြောင့် i Pad ရောင်းအားကျဆင်းလျက်ရှိပြီး i Pad ၏ အနာဂတ်သည် စိုးရိမ်စရာအခြေအနေတွင် ရှိနေသည်။ **(ခင်ခင်သက်)**

Google Translate ရဲ့ နောက်ဆုံးဗားရှင်းအသစ်ထွက်ရှိ

လာမည့်ရက်အနည်းငယ်အတွင်းမှာ Google Translate နောက်ဆုံးဗားရှင်းထွက်ရှိလာတော့မှာဖြစ်ပါတယ်။ အဲဒီဗားရှင်းက feature တွေကို ထပ်မံအဆင့်မြှင့်ထားပြီး အချိန်တိုအတွင်း မြန်မြန်ဆန်ဆန်နဲ့ ဘာသာပြန်ဆိုပေးနိုင်ဖို့ ဖြစ်ပါတယ်။

ပထမအဆင့်မြှင့်ထားတဲ့ feature ကတော့ အင်တာနက်မချိတ်ဆက်ထားတဲ့ offline ဖြစ်နေချိန်မှာတောင် နိုင်ငံခြားဘာသာနဲ့ရေးထားတဲ့ ဆိုင်းဘုတ်တွေကို ဖုန်းကင်မရာအသုံးပြုပြီး ကိုယ့်ရဲ့မိခင်ဘာသာစကားကို ချက်ချင်းဖတ်ရှုနိုင်မှာပဲဖြစ်ပါတယ်။ အခုလောလောဆယ် အင်္ဂလိပ်ကနေ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ပေါ်တူဂီ၊ ရုရှားနဲ့ စပိန်ဘာသာစကားတို့ကိုသာ ပြန်ဆိုပေးနိုင်သော်လည်း နောက်ထပ်ဘာသာစကားများကို ပိုမိုရရှိနိုင်ရန် Google က ဆက်လက်လုပ်ဆောင်လျက်ရှိပါတယ်။ နောက် feature တစ်ခုကတော့ ဘာသာစကားကျွမ်းကျင်မှုမရှိတဲ့ ဘာသာခြားနှစ်ဦး စကားပြောဆိုတဲ့အခါ အဆင်ပြေချောမွေ့စွာပြောဆိုနိုင်ဖို့အတွက်ဖြစ်ပါတယ်။

မိုက်ခလုတ်လေးကို တစ်ချက်ဖိနှိပ်လိုက်ရုံနဲ့ စကားပြောဆိုနေစဉ် တစ်လျှောက်လုံး အချိန်တိုအတွင်း လျင်လျင်မြန်မြန် ကိုယ့်ရဲ့မိခင်ဘာသာစကားကို ပြန်ဆိုပေးမှာဖြစ်တဲ့အတွက် Google Translate နောက်ဆုံးဗားရှင်းသစ်က ဘာသာစကားမတူသူတွေနဲ့ အဆင်ပြေပြေ စကားပြောဆိုနိုင်တော့မှာဖြစ်ပါတယ်။ **စန္ဒာဝင်း**

ယတြာဆရာမ
- ဖြစ်ချင်တာတွေ မဖြစ်သေးရင်
- မဖြစ်ချင်တာတွေဘဲ ဖြစ်နေတယ်ဆိုရင်
- အဆင့်မြင့်ယတြာများ ဆောင်ရွက်ပေးပါတယ်။
- ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

ဖုန်း-၀၉-၅၀၇၅၈၂၇

ပြင်ဆင်ဖတ်ရှုပါရန်

၄-၁-၂၀၁၅ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၁၅)ကန့်ကွက်ကြော်ငြာ၊ ဒဂုံမြောက်မြို့နယ်၊ GP-ဒေါ်ဒွဲ့ဘူ၏ မြေပုံကူးတွင် ပိုင်ဆိုင်ကြောင်း စာချုပ်ရန်အစား ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးဟု ဖတ်ရှုပါရန်။

SIM CARD ဝယ်ယူမည့်
ဈေးနှုန်းများ

73**-90000
49**-150000
86**-100000
Ph:09-252181818, 09-73000119

ကြော်ငြာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားခဲ့သည့် ရေဒီယိုမိန့်ခွန်းများ(၂၀၁၃-၂၀၁၄) စာအုပ်အသစ်ထွက်ရှိ

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ထုတ်ဝေဖြန့်ချိသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ပြောကြားခဲ့သည့် ရေဒီယိုမိန့်ခွန်များ ၂၀၁၃-၂၀၁၄စာအုပ်အသစ်ထွက်ရှိကြောင်း နှင့်(၁)အုပ်လျှင် လက်လီဈေးနှုန်းကျပ် ၂၂၀၀/-ဖြင့်လည်းကောင်း လက်ကားဈေးနှုန်း(၁)အုပ်လျှင် ကျပ် ၂၀၀၀/-နှုန်းဖြင့်လည်းကောင်း အောက်ဖော်ပြပါ အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ဝယ်ယူရရှိနိုင်သောဆိုင်များ

စာပေဗိမာန်အရောင်းဆိုင်(အမှတ်-၂၂၈၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်။)
ဖုန်း-၀၁-၂၄၉၀၃၁/၀၁-၃၈၁၄၄၈
စာပေဗိမာန်အရောင်းဆိုင်(အမှတ်-၂၄၅/၂၄၇၊ ၉လမ်း၊ လမ်းမတော်မြို့နယ်။)
ဖုန်း-၀၉-၄၃၁၆၉၆၃၄၊ ၀၉-၂၅၀၀၉၈၇၀၄
စာပေဗိမာန်အရောင်းဆိုင်(နေပြည်တော်၊ သပြေကုန်းဈေး၊ တ-၅၅)
ဖုန်း-၀၆၇-၄၁၄၆၈၁
စာပေဗိမာန်အရောင်းဆိုင်(အမှတ်-၁၅၉၊ ၈၆လမ်း၊ ၂၁×၂၂လမ်းကြား၊ ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေး)
ဖုန်း-၀၂-၃၀၁၈၆

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ဒီဇယ်ဆီအိတ်ဖွင့်တင်ဒါအမှတ်(၄)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အဖွဲ့များမှ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် ဒီဇယ်ဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ခရိုင်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	တောင်ကြီးခရိုင်	ဒီဇယ်	၇၀၀၀၀ဂါလန်
(ခ)	လွိုင်လင်ခရိုင်	ဒီဇယ်	၁၅၀၀၀၀ဂါလန်
		စုစုပေါင်း	၂၂၀၀၀၀ဂါလန်

(ဂ) တင်ဒါရောင်းချမည့်ရက် - ၂-၂-၂၀၁၅မှ ၁၁-၂-၂၀၁၅ရက်ထိ
- နံနက် ၉း၀၀နာရီမှ ၁၆း၀၀နာရီ(ရုံးချိန်အတွင်း)

(ဃ) တင်ဒါပုံစံရောင်းချမည့်နေရာ - အင်ဂျင်နီယာမှူးကြီးရုံး၊ တောင်ကြီးမြို့။

(င) တင်ဒါလျှောက်လွှာပိတ်ရက် - ၁၃-၂-၂၀၁၅၊ မွန်းတည့် ၁၂း၀၀နာရီ။

(စ) တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့် အချိန် - ၁၆-၂-၂၀၁၅ ၁၃း၀၀နာရီ

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံးသို့ရုံးချိန်အတွင်း ဖုန်း(၀၈၁-၂၁၂၀၁၆၊ ၀၈၁-၂၁၂၁၁၆၂)သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

(River Art Class)

(နွေပန်းချီသင်တန်း)

1. No.(210),4A, မဟာဗောဓိ-၂လမ်း၊ လှည်းတန်း၊ ကမာရွတ်
2. No.(27),4A, ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်းမီးပွိုင့်အနီး
   (ပထဝီ၊ သိပ္ပံ၊ Bio)ပုံဆွဲနည်းပါသင်မည်။
   Art Teacher-Hla Thida Win (095091873)

ဖုန်းဖြင့်ကြိုတင်အပ်နိုင်ပြီ။ (မတ်လ ၇ရက်ဖွင့်မည်)

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၂/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်။

မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း

(က) စက်နှင့်စက်အရံပစ္စည်းများ -Variable Frequency Drive (VFD), Specical Spriral Hose

(ခ) စက်ဆီချောဆီ -Lube Oil (6)Items

နိုင်ငံခြားငွေဖြင့် ဝယ်ယူခြင်း

(က) ဓာတုဗေဒပစ္စည်းများ-Silica Gel,Fluorescent Indicator Dyed Gel

၂။ တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၃-၂-၂၀၁၅
တင်ဒါပိတ်မည့်ရက်/အချိန် - ၃-၃-၂၀၁၅ရက်၊ ၁၂နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန
ရုံးအမှတ်(၄၄)၊နေပြည်တော်။
Ph-067-411123, 067-411193

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ-ရေဦး-ကလေးဝ- ကလေးလမ်းပေါ်ရှိ ချင်းတွင်းတံတား(ကလေးဝ)အား တံတားအထူးအဖွဲ့(၁၁)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် တာဝန်ယူတည်ဆောက်ရန် လိုအပ်သည့် အောက်ဖော်ပြပါ ပစ္စည်းများကို ချင်းတွင်းတံတား (ကလေးဝ) သတ်မှတ်လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

စဉ်	အမျိုးအစား	စဉ်	အမျိုးအစား
၁။	ကျောက်စရစ်	၈။	Thin Sheet (8'-4')
၂။	မြစ်သဲ	၉။	Sikament
၃။	သစ်ခွဲသား(ထု)	၁၀။	ရိုက်သံ
၄။	သစ်ခွဲသား(ပျဉ်)	၁၁။	ဝါးထရံ
၅။	Bentonite	၁၂။	ငါးထပ်သား (၈'-၄')
၆။	Binding wire	၁၃။	C.M.C (25 kg)
၇။	Welding Rod		

တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၆-၂-၂၀၁၅
တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - ချင်းတွင်းတံတား(ကလေးဝ)

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ချင်းတွင်းတံတား(ကလေးဝ)နှင့် တံတားအထူးအဖွဲ့ (၁၁) ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ မုံရွာမြို့တို့တွင် ၂၆-၁-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၇၁-၃၀၄၆၂၊ ၀၉- ၆၄၇၂၆၅၂

အများသိစေရန်ကြေညာချက်

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ အကွက်အမှတ်(၄၉)၊ ဦးပိုင်အမှတ်(၁၀၁/က)၊ ဧရိယာ(၀. ၃၄၄)ဧကရှိ အနှစ်(၃၀)အငှားဂရန်အမှတ်-(ငါး)၉/၂၀၀၇-၂၀၀၈၊ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၈)၊ ပန်းခြံလမ်း၊ စစ်ကဲကုန်းရပ်ကွက်၊ မော်လမြိုင်မြို့ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံနှင့် အကျိုးခံစားခွင့်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်သူ မောင်နှမ(၅)ဦးထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါအိမ်မြေအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာ ပါရှိသည့်နေ့မှ(၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော သက်သေအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက ဆက်လက်၍အပြီးသတ် အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်မြင့်(LL.B,H.G.P)
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၂၄)
အမှတ်(၁၆)၊ ကျိုက္ကမီလမ်း၊ ကွင်းရပ်၊ မော်လမြိုင်မြို့။
ဖုန်း-၀၅၇-၂၃၃၈၆၊ ၀၉-၈၇၀၀၇၄၉

ချောက်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ဖိတ်ကြားလွှာ

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၂-၂-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ တရားရုံးချုပ် ဓမ္မာရုံ၌ ကျင်းပပါမည်။ အသက်(၇၅)နှစ်အထက် သက်ကြီးပူဇော်ခံ အသင်းဝင်များနှင့် ၂၀၁၄ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူ အသင်းဝင်များ၏ သား၊ သမီးများသည် ၁၅-၂-၂၀၁၅ရက် နောက်ဆုံးထား၍ အထောက်အထားများဖြင့် ဒေါက်တာဦးမောင်မောင်မြင့်(၀၁-၅၅၄၀၆၇)၊ ဒုတိယ ဗိုလ်မှူးကြီးတင်မောင်(ငြိမ်း) (၀၁-၅၂၄၈၅၇)၊ ဦးအောင်ကြည်မိုး(၀၉- ၇၃၀၄၆၃၆၂)၊ ဦးမြငွေ(၀၉-၅၁၄၁၇၀၈)၊ ဦးမြင့်ဦး(၀၉-၄၂၁၁၆၂၃၂၄)၊ ဦးကျော်စိုး(၀၉- ၂၅၀၀၆၂၀၉၆)တို့ထံ ဆက်သွယ်စာရင်းပေးပို့နိုင်ပါသည်။

ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းသားများနှင့် ချောက်မြို့နယ်သူ/သားများကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ (နေ့လယ်စာ ထမင်းဖြင့် ဧည့်ခံကျွေးမွေးပါမည်။)

အမှုဆောင်အဖွဲ့၊ ချောက်မြို့နယ်အသင်း(ရန်ကုန်)

ဒုတိယရဲအုပ်လောင်း အရာရှိသင်တန်းအမှတ်စဉ်(၁၅) (၁-၂-၁၉၈၄ ၊ ၁-၂-၂၀၁၅) (၃၁)ကြိမ်မြောက်သင်တန်းဆင်းနှစ်ပတ်လည်နေ့ ဂုဏ်ပြုသဝဏ်လွှာ

၁-၂-၂၀၁၅ရက်တွင် ကျရောက်မည့် (၃၁)ကြိမ်မြောက် သင်တန်းဆင်းနှစ်ပတ်လည်နေ့မှစ၍ သူငယ်ချင်းအားလုံး နိုင်ငံ့တာဝန်အသီးသီးကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြပါစေရန်နှင့် စိတ်ချမ်းသာကိုယ်ကျန်းမာ၍ လိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်း ဆုတောင်းသဝဏ်လွှာ ပို့သအပ်ပါသည်။

လူမှုရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ
ဒုတိယရဲအုပ်လောင်း အရာရှိသင်တန်းအမှတ်စဉ်(၁၅)

ငွေရတုမင်္ဂလာဆုတောင်းလွှာ

သူငယ်ချင်း **ကိုကျော်မြင့်**(Trio Steel Co.,Ltd)-**မဝင်းမာဦး**တို့၏ ၁-၂- ၂၀၁၅ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတု မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း(၁၀၀)တိုင် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် သားသမီး၊ မြေးမြစ်တို့နှင့်အတူ အမျိုးဘာသာ၊ သာသနာအကျိုး ပျော်ရွှင်ချမ်းမြေ့စွာ ဆောင်ရွက်နိုင်ပါစေကြောင်း မေတ္တာပို့ ဆုတောင်းအပ်ပါသည်။

ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၈၀-၈၃)
စက်မှုအင်ဂျင်နီယာကျောင်းနေဖက်သူငယ်ချင်းများ

ရောင်းမည်

၁။ တာမွေ၊ မေတ္တာညွှန့်၊ ပ-ထပ်၊ 15' x 55' , (595) သိန်း
၂။ မ/ဒဂုံ 135၊ L ကွက်၊ 40' x 60' ပါမစ် (320) သိန်း
၃။ ရန်ကင်း၊ မဥ္ဇူရီကွန်ဒို 2000 Sqft ငှား (23) သိန်း

Ph:09-73233570, 09-260141696

အမည်ပြောင်း

သာကေတမြို့နယ်၊ မြို့မ(၁၄)လမ်းအလယ်၊ ၄မြောက်ရပ်ကွက်၊ အမှတ်(၁၄၃)နေ(ဘ)ဦးတင်ရွှေ၏ သမီးဖြစ်သူ မခင်ခင်တင့် [၁၂/သကတ(နိုင်)၁၉၆၂၄၀]ကိုင်ဆောင်သူအား မချမ်းဟိန်းဟုအမည်ပြောင်းလဲခေါ်ဆိုပါရန်။

မချမ်းဟိန်း

တိုက်ခန်းများ အမြန်ရောင်းမည်

၁။ လူနေထိုင်ခွင့်ကျပြီး၊ ပေ(၂၂×၅၈)၊ (၁၂၀၀)စတုရန်းပေ၊ 5F၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျလမ်းပေါ်၊ Little Feel စားသောက်ဆိုင်နှင့်သုမင်္ဂလာလမ်းမကြီးအနီး။
၂။ လူနေထိုင်ခွင့်ကျပြီး၊ ပေ(၁၈×၅၈)၊ (၁၀၀၀)စတုရန်းပေ၊ 5F၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ မေတ္တာလမ်းမကြီးပေါ်၊ ဝေဇယန္တာလမ်းမကြီးအနီး။

ဖုန်း ၀၉-၇၉၉၉၆၀၇၀၈၊ ၀၉-၂၅၃၃၀၂၇၀၇၀



ကြော်ငြာ

ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ မင်္ဂလာဇေယျုံကျောင်းတိုက်အတွင်း စာချ စာသင်သံဃာတော်များ၊ ယောဂီသူတော်စင်များ ချမ်းသာစွာ သီတင်းသုံးနိုင်ရန်အတွက် ပေ(၁၀၅×၂၉)ဓမ္မပါလင်းထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ပါဝင်လှူဒါန်းကြပါရန် တိုက်တွန်းနှိုးဆော် အပ်ပါသည်။

၁။	ကျောင်းဆောင်သစ်ပေ(၁၀၅×၂၉၁)တစ်ထပ်အပြီးအစီး	၇၅၀သိန်း(၄)ထပ်။
၂။	ပင်မအဆောင် အမိုးအလှူဇင့်	၈၅သိန်း
၃။	အမိုးကွန်ကရစ်(ဆလက်)အခင်း	၆၀သိန်း
၄။	ဆရာတော်အခန်း အမိုးအလှူဇင့်	၄၅သိန်း
၅။	မြေအောက်ရေလှောင်ကန်	၃၀သိန်း
၆။	(၁၀'×၁၀')တစ်ခန်း	၂၅သိန်း
၇။	ဝရန်တာ လက်ရမ်း(စတီး)(တစ်လွှာ ၇၀'×၃')	၁၃သိန်း(၃လွှာ)
၈။	မျက်နှာစာ ကြွေပြား(တစ်လွှာ)	၁၂သိန်း(၄လွှာ)
၉။	စတီးဘာဂျာတံခါးမကြီး(၉. ၆'×၉')	၁၀သိန်း(၁ခု)
၁၀။	တံခါးပြတင်း/တွဲ တစ်စုံ	၈သိန်း(၁၀စုံ)
၁၁။	လှေခါးအခင်း(မာလဲလ်-တစ်စင်း)	၈သိန်း(၈စင်း)
၁၂။	လှေခါး လက်ရမ်း(စတီး-တစ်စင်း)	၇သိန်း(၈စင်း)
၁၃။	(၁၀-ပေ)နံရံတစ်ခန်း၊ (တံခါးကျည်းဘောင် အပါအဝင်)	၆သိန်း
၁၄။	အိမ်သာ ဘိုထိုင်(တစ်ခန်း)	၅သိန်း(၁၂ခန်း)
၁၅။	(၃'×၇')တံခါးမကြီး တစ်ပေါက်(မှန်အသေပါ)	၅သိန်း(၁၆ခု)
၁၆။	အိမ်သာ ဗမာထိုင်(တစ်ခန်း)	၄သိန်း(၈ခန်း)
၁၇။	လေးပေါက်တွဲ တံခါး/ပြတင်းပေါက် တစ်ခု	၄သိန်း(၁၀ခု)
၁၈။	ရေချိုးခန်း(တစ်ခန်း)	၃သိန်းခွဲ(၁၆ခန်း)
၁၉။	သုံးပေါက်တွဲ တံခါး/ပြတင်းပေါက် တစ်ခု	၃သိန်း(၇ခု)
၂၀။	ကိုရီးယားပါကေး(၁၀'×၁၀')	၂သိန်း
၂၁။	လျှောက်လမ်းဝရန်တာ ကြွေပြားခင်း(၁၀'×၁၀')	၂သိန်း

အလှူရှင်များအား ကမ္ပည်းထိုးပေးပါမည်။

ဆက်သွယ်လှူဒါန်းရန်

ပဓာနနာယက ကျောင်းထိုင်ဆရာတော် ဦးသုဝဏ္ဏ

မင်္ဂလာဇေယျုံကျောင်းတိုက်၊ (၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၁-၅၅၀၃၈၉၊ စင်ကာပူဆရာတော် ဒေါက်တာဦးသုပီယ

၁။ မင်္ဂလာဇေယျုံကျောင်းတိုက်၊ (၅)ရပ်ကွက်၊ ရန်ကုန်။ ဖုန်း-၀၉၅၄၀၂၀၂၃။

၂။ မဟာအောင်မြေကျောင်း၊ ဗုဒ္ဓဂယာ၊ အိန္ဒိယ။ ဖုန်း-(၉၁)၉၁၉၉၂၈၉၂၅၆

၃။ Mahamuni Buddhist Society (စင်ကာပူ)။ ဖုန်း-(၆၅)၉၁၈၅၂၉၂၄။

စောမွန်လှ ဆွေတော်မျိုးတော်များ(၉)ကြိမ်မြောက် စုပေါင်းရှင်ပြုပွဲ ပါဝင်လှူဒါန်းနိုင်ပါသည်

မန္တလေးမြို့၊ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကမြတောင်တိုက် ရွှေဝါဝင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသအား ဦးထိပ်ထားလျက် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် မန္တလေး-ပြင်ဦးလွင် ကားလမ်းနံဘေး ဘိုးတော် နတ်နန်းအကျော်တံတားဖြူထိပ် စောမွန်လှ ပေါ်တော်မူ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွင်းရှိ သစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့် မြတဘက်ဘုရားအစ်မကြီး ဘုရင်အနော်ရထာမိဖုရားစောမွန်လှအား အမျူးထားရည်စူး၍ ဆွေတော်မျိုးတော်များမှ (၉)ကြိမ်မြောက် (၁၃၇၆ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ရက်)၊ ၁၂-၃-၂၀၁၅ရက်၊ ကြာသပတေးနေ့တွင် သင်္ကန်းပရိက္ခရာစုံလင်စွာနှင့် ရဟန်း၊ ရှင်သာမဏေနှင့် သီလရှင်၊ စုပေါင်းအပါး(၃၀၀)ရှင်ပြုရဟန်းခံသီလရှင်ဝတ်ပွဲကို မြတဘက်နဂါးကိုးကောင်ဘုရားရင်ပြင်ပေါ်တွင် မြတဘက်နဂါးကိုးကောင်ဆရာတော်မှ ဦးဆောင်၍ စုပေါင်းလှူဒါန်းမည့် ရဟန်းခံရှင်ပြု အလှူပွဲနှင့် သီလရှင်ဝတ်ပွဲ၌ အစ်မတော်စောမွန်လှ၊ နဂါးမယ်တော်တို့နှင့် ပဋ္ဌာန်းဆက်ပါသော ဆွေတော်မျိုးတော်များမှ သာသနာ့ဒါယကာ/သာသနာ့ဒါယိကာမအဖြစ် သာသနာ့အမွေခံယူ လှူဒါန်းလိုပါက ရှင်တစ်ပါးလျှင် (၁၈၀၀၀)ကျပ် (တစ်သောင်းရှစ်ထောင်)ကျပ်နှင့် ရေစက်ချမင်္ဂလာသို့ ကြွတော်မူမည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား စေတနာရှင်များအနေဖြင့် လှူဖွယ်ပစ္စည်းအစုစုတို့ကို ဆက်ကပ်လှူဒါန်းနိုင်ကြပါသည်။

ဆက်သွယ်လှူဒါန်းရန်-ဖုန်း-၀၉-၄၀၂၅၂၃၃၆၊ ၀၉-၄၃၀၇၂၉၁၀၊ ၀၉-၂၀၂၆၄၁၉



မူး ယစ် ဆန့် ကျင် အောင် ပွဲ ဆင်

ပခုက္ကူအသင်း(မန္တလေး)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား ဖိတ်ကြားလွှာ

ပခုက္ကူအသင်း (မန္တလေး)၏ (၁၄)ကြိမ်မြောက်

နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို

အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍

ပခုက္ကူအသင်းသူ/သားများနှင့် အသင်းဝင်ရန်ဆန္ဒရှိသော အသင်းသူ/သားအသစ်များအား

မပျက်မကွက်တက်ရောက်ပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့လယ်စာဖြင့်တည်ခင်းဧည့်ခံပါမည်။

အစီအစဉ်

နေ့ရက် - ၁၃၇၆ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁)ရက်၊ ၄-၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့)

အချိန် - မွန်းတည့် ၁၂နာရီ မှ ၂နာရီ အထိ

နေရာ - (၂၅)လမ်း၊ ၅၂×၅၃ လမ်းကြား၊ သရက်ကုန်းကွက်သစ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

ပခုက္ကူအသင်း(မန္တလေး)၏ ဂုဏပူဇာ မင်္ဂလာ အခမ်းအနား ဖိတ်ကြားလွှာ

နိုင်ငံတော်သမ္မတက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ

ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းခံရသည့် ဖော်ပြပါ ပခုက္ကူမြို့မှဆရာတော်ကြီးများအား

ဂုဏပူဇာမင်္ဂလာ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍

ပခုက္ကူအသင်းသူ/သားများနှင့် လှူဒါန်းပူဇော်မည့် အလှူရှင်များအား

ကြွရောက်ပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်

(၁) ဘဒ္ဒန္တဝိစာရ၊ မဟာဝိသုတာရာမ (အလယ်)တိုက်၊ ပခုက္ကူမြို့။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်

(၂) ဘဒ္ဒန္တဝေဒိယ၊ သာသနဝိပုလာရာမ (ပါဠိတက္ကသိုလ်)၊ မန္တလေးတိုက်၊ ပခုက္ကူမြို့။

(၃) ဘဒ္ဒန္တသောဘန၊ မဟာဝိသုတာရာမ (အလယ်) တိုက်၊ ပခုက္ကူမြို့။

အစီအစဉ်

နေ့ရက် - ၁၃၇၆ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁)ရက်၊ ၄-၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့)

အချိန် - နံနက် ၉နာရီ မှ ၁၁နာရီ ထိ

နေရာ - ၂၅လမ်း၊ ၅၂×၅၃ လမ်းကြား၊ သရက်ကုန်းကွက်သစ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)

(၂၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ

ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပါမည်။

နေ့ရက် - ၂၂-၂-၂၀၁၅ (တနင်္ဂနွေနေ့)

အချိန် - နံနက် ၉နာရီ

နေရာ - ဘိုကလေးမြို့နယ်အသင်းမွှာရုံ၊ ၆ထပ်ကြီးဘုရားဝင်း၊ ရွှေဂုံတိုင်လမ်းမ၊ SSCဆေးရုံရှေ့။

အသက် ၈၀နှစ်နှင့်အထက် အသင်းဝင်ဘိုးဘွားများနှင့် (၂၀၁၃-၂၀၁၄) တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သော အသင်းဝင်၏ သား/သမီးများ (အမှတ်စာရင်းမိတ္တူပူးတွဲလျက်) ပါရှုဘွဲ့ရသူများသည် ၁၂-၂-၂၀၁၅ရက်နောက်ဆုံးထား၍ အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်ပါရန် -

ဦးစောဝေ	၀၉-၅၁၀၈၇၀၅	ဦးခင်မောင်တင့်	၀၉-၅၀၇၉၂၀၈	ဦးကျော်သိန်း	၀၉-၃၁၅၆၈၄၁၀
ဦးသိန်းဝင်း	၀၉-၅၁၆၉၅၂၁	ဦးသိန်းညွန့်	၀၉-၇၃၀၇၇၅၃၇	ဦးဝင်းမြင့်	၀၉-၅၁၀၅၈၀၆
ဦးစိုးအောင်	၀၁-၅၇၀၈၂၁	ဦးတင်လှ	၀၁-၂၂၄၈၂၄	အသင်းတိုက်	၀၁-၂၁၂၅၀၈

ကြော်ငြာ

IT COMPUTER TRAINING CENTER

AutoCAD - 3ds Max | VIDEO EDITING | ENGLISH Language | MOBILE PHONE Software • Hardware

LCCI I-II & MYOB | Desktop Publishing | Service Technician | GRAPHIC DESIGN

HOT LINE

(၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဦးနိုင်ဦး**(မန်နေဂျာ-အင်/ယာ၊ အမှတ်(၅)အထပ်သား)နှင့် ချစ်မေမေ **ဒေါ်နွဲ့နွဲ့အေး**(အောင်အမျိုးသမီးဆောင်-မုံရွာ)တို့၏ ၁-၂-၂၀၁၅ ရက်တွင် ကျရောက်သော (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာနေ့မှသည် နောင်လာမည့် နှစ်ပေါင်းများစွာ သမီးတို့နှင့်အတူ လက်တွဲ၍ ပျော်ရွှင်ကျန်းမာသော ဘဝခရီးကို ဖြတ်သန်းနိုင်ပါစေ။

သမီးကြီး - ဟန်နီဦး(ခ)ပိုးဥ B.E(Civil)
သမီးငယ် - နှင်းအိဖြူ(ခ)မိုးသဲ B.Sc(Zoo)

ဈေးပွဲတော်ဆိုင်ခန်းများ စုံစမ်းရန်

ပြည်သူ့ဥယျာဉ်ဝင်းအတွင်းရှိ Myanmar Culture Valley Shopping Mallကားပါကင်ဧရိယာတွင် နံနက် ၉ နာရီမှ ည ၉နာရီထိ Made In Myanmar Fair ဈေးရောင်းပွဲတော်ကို ၆-၂-၂၀၁၅ ရက်မှ ၁၅-၂-၂၀၁၅ ရက်ထိ ကျင်းပမည်ဖြစ်ပါသဖြင့် ဆိုင်ခန်းငှားရမ်းလိုသူများ၊ စိတ်ပါဝင်စားသူများ ဆက်သွယ်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

ဖုန်း-၀၉-၂၅၆၃၁၈၉၀၇၊ ၀၉-၂၅၀၂၈၃၉၇၆၊ ၀၉-၂၅၃၅၂၄၈၈၉

Total Skin Repair ပဲခူးမြို့တွင် ဆိုင်သစ်ဖွင့်လှစ်ခြင်း

(ဝက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်၊ အမည်းစက်၊ နေလောင်ကွက်၊ မျက်နှာ အမာရွတ်၊ ချိုင့်ခွက်၊ အရေးကြောင်းများ ပြုပြင်ရာဌာန)

အမှတ်(၂၂၃/၂၂၄)၊၂၉-လမ်းထောင့်၊ ရန်ကုန်-မန္တလေးလမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့တွင် Total Skin Repair ဆိုင်သစ်ဖွင့်လှစ်လိုက်ပါပြီ။

ဖုန်း-၀၉-၂၆၁၀၀၁၃၆၈၈

ဦးဇော်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးမိုးကျော်ဦး (တရားလွှတ်တော်ရှေ့နေ)မှ ၂၇-၁-၂၀၁၅ရက်ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၇)တွင် မြင့်မြတ်ဟိန်းကုမ္ပဏီလီမိတက် (MD ဦးမောင်မောင်တာ)နှင့် အများသိစေရန်ကြေညာချက်အား ပြန်လည်ရှင်းလင်းအသိပေးကြေညာခြင်း

၂၇-၁-၂၀၁၅ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၂၇) ကော်လံ(၁)တွင် ဦးဇော်ဝင်း [၇/ကတခ(ပြု)၀၀၀၀၁၇]၏ အများသိစေရန် ကြေညာခြင်းမှာ ဖြစ်ရပ်မှန်များဖုံးကွယ်၍ မှားယွင်းစွာ ကြေညာထားခြင်းဖြစ်ပါသည်။ ဦးဇော်ဝင်းနှင့် ဦးမောင်မောင်တာ (MD မြင့်မြတ်ဟိန်းကုမ္ပဏီ)တို့မှာ တွေ့မြင်ဖူးခြင်းမရှိသည့်အပြင် မည်သည့်အကြောင်းကိစ္စမျှ ဆက်သွယ်ဆောင်ရွက်လုပ်ကိုင်ခဲ့ဖူးခြင်းမရှိပါ။ ဦးဇော်ဝင်းမှ မြင့်မြတ်ဟိန်းကုမ္ပဏီသို့ ၈-၈-၂၀၁၄ရက်တွင် အကြောင်းကြားစာ ပေးပို့သဖြင့် မြင့်မြတ်ဟိန်းကုမ္ပဏီမှ ၂၀-၈-၂၀၁၄ ရက်တွင်လည်းကောင်း၊ ဒုတိယတစ်ကြိမ် ၁-၉-၂၀၁၄ ရက် ထပ်မံအကြောင်းကြားစာ ပေးပို့လာသဖြင့် ၁၅-၉-၂၀၁၄ရက်တို့တွင်လည်းကောင်း အသေးစိတ် ရှင်းလင်းအကြောင်းပြန်ကြားပေးပြီး ဖြစ်ပါသည်။

ဦးဇော်ဝင်းသည် မြင့်မြတ်ဟိန်းကုမ္ပဏီမှ မော်တော်ယာဉ်အရောင်းကိုယ်စားလှယ် ဦးနိုင်အောင်အေး[၁၃/လခတ(နိုင်) ၀၁၉၄၁၇]ထံမှ တစ်ဆင့်ဝယ်ယူထားသော မော်တော်ယာဉ်မှာ (၆)စီးဖြစ်ပြီး မော်တော်ယာဉ် ၆ခ/၄၇၁၉၊ ၁ဃ/၅၄၄၈၊ ၅ဃ/၁၈၆၃၊ ၇ဃ /၆၅၈၀) (၄)စီး တန်ဖိုးငွေများကို အပြီးအကျေပေးသွင်းပြီးသော်လည်း ၅ဃ/၁၈၆၄ မော်တော်ယာဉ်တွင် သိန်း(၅၀)နှင့် ၁၀/ ၂၁၁၀ မော်တော်ယာဉ်တွင် သိန်း(၂၉၀)ပေးသွင်းရန် ကျန်ရှိနေကြောင်း အရောင်းကိုယ်စားလှယ် ဦးနိုင်အောင်အေး၏ လက်မှတ်ရေးထိုးထားသော ရောင်းပြေစာ မိတ္တူ(၇)ရွက်အား ဦးမိုးကျော်ဦး (တရားလွှတ်တော်ရှေ့နေ) ၁၇-၉-၂၀၁၄ရက်တွင် လက်မှတ်ရေးထိုးလက်ခံရယူထားပြီး ဦးနိုင်အောင်အေးနှင့် ဆက်လက်ရှင်းလင်းရန်ဖြစ်ပါသော်လည်း ယခုကဲ့သို့ ကြေးမုံသတင်းစာတွင် အများသိစေရန် ထည့်သွင်းကြေညာခြင်းမှာ ဦးမောင်မောင်တာ(MD) မြင့်မြတ်ဟိန်းကုမ္ပဏီလီမိတက်နှင့် လုပ်ငန်းဆက်သွယ် ဆောင်ရွက်နေသည့်လုပ်ငန်းရှင်များအား ထင်ယောင်ထင်မှားဖြစ်စေရန်နှင့် ဂုဏ်သိက္ခာထိခိုက်နစ်နာအောင် တမင်ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် ကြေညာခြင်းသာဖြစ်ကြောင်း ပေါ်လွင်နေပါသည်။

သို့ပါ၍ ဦးဇော်ဝင်း၏ ကြေညာချက်အား ယခုကြေညာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ဦးမောင်မောင်တာအား ကြေးမုံသတင်းစာတွင် ပြန်လည်တောင်းပန်ရန်နှင့် ကြေညာချက်ကို ပြန်လည်ရုတ်သိမ်းပေးပါရန် တောင်းဆိုလိုက်ပါသည်။ လိုက်နာဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

ဦးမောင်မောင်တာ(MD) မြင့်မြတ်ဟိန်းကုမ္ပဏီ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြင့်မြင့်သိန်း(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၂၆)
အခန်း H ၁၀၄၊ တိုက်အမှတ်-၁၀၊ ၁၂ (ပထမထပ်)၊ ၃၅-လမ်းအောက်၊ ကျောက်တံတားမြို့နယ်
ဖုန်း-၀၉-၅၄၀၉၂၁၂

ဦးသန်းထွန်း(H.G.P)
အထက်တန်းရှေ့နေ(စဉ်-၆၆၇၁)
အမှတ်(၁၈)၊ ငါးလုပ်ငန်းဦးစီးဝင်း အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်
ဖုန်း-၀၉-၇၉၅၄၁၉၃၈၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၈(က)၊ မြေကွက်အမှတ်-၄၄(က၂)။ မြေကွက်တည်နေရာအမှတ်-၁၁/၁၀၊ အမှတ်(၄)လမ်း၊ ဘုံရှည်ကုန်းရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ (ဦးဘညိန်း) အမည်ပေါက်မြေအား ရွှေပြည်သာမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၈၆/၂၀၁၁)ဖြင့် အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု၏ ၂၆-၁၂-၂၀၁၁ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီဖြင့် တရားမဇာရီမှုအမှတ်(၁/၂၀၁၂)တွင် ဘီလစ်ခန့်အပ်သည့် ၁၆-၁-၂၀၁၂ရက်စွဲပါ တရားရုံးမှတ်တမ်းတို့ တင်ပြ၍ ဘီလစ် ဒေါ်ငုဝါ[၁၂/လမန(နိုင်)၀၂၉၆၃၃]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်မြေတိုင်းရပ်ကွက်အမှတ်-၂/မြောက်၊မြေကွက်အမှတ်(၁၂၈၉/ခ)မြေကွက်တည်နေရာအမှတ်(၁၂၈၉/ခ)၊ သဒ္ဒါရုံ(၁)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးကိုအောင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား သာကေတမြို့နယ်တရားရုံး၌ ဦးတိုးနိုင်မှ ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၉ ဖြင့် ဦးကိုအောင်နှင့် ဦးဝင်းထိန်တို့အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့်၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ်-၁၀၆အမိန့်တို့ တင်ပြ၍ တရားရှုံးကိုယ်စား ဘီလစ်ဒေါ်တင်မေလွင်[၁၂/ဗဟန(နိုင်)၀၂၀၈၆၇]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

Access Cherry Travels & Tours Co.,Ltd.

Central Link
E.P.S (TOPIK)
February

Access Cherry Travels & Tours Co.,Ltd.

Travels & Tours

PPT Travels

“ခင်နဒီ”ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီ

“အကောင်းဆုံးဝန်ဆောင်မှုများကို ခံစားရင်း “ခင်နဒီ”နှင့် ခရီးသွားကြပါစို့”

- ပြည်၊ရွှေတောင်၊ အကောက်တောင်၊ သရေခေတ္တရာမြို့ဟောင်း(ရှေးပျူမြို့တော်ဟောင်း)ဘုရားစုံဖူးခရီးစဉ်။ (၁ညအိပ် ၂ရက်ခရီး)(Feb 19-20) (Mar 3-4)
- သံတောင်ကြီး(တောင်ပေါ်အပန်းဖြေစခန်း)၊ ပသီချောင်း၊ တောင်ငူမြတ်စောညီနောင်၊ ဘုရားဖူးခရီးစဉ်။ (Feb 11-12)(Mar 14-15)
- ဖွဲ့ကပင်စေတီ၊ ကျောက်ကလပ်၊ ကော့ဂွန်းဂူ၊ ဘုရင့်ညီဂူနှင့်ရေပူစမ်း၊ ဘားအံရွှေယဉ်မျှော်ဘုရား၊ သထုံရွှေစာရံဘုရားဖူးခရီးစဉ်။ (Feb 11-12)(Mar 7-8)
- မန်းရွှေစက်တော်ဘုရားပွဲ၊ ကျောင်းတော်ရာ၊ ရှင်ပင်စက္ကိန်းတဲဘုရား၊ နဂါးပွက်တောင်၊ မကွေး မြသလွန်ဘုရားဖူးခရီးစဉ်။ (၂ညအိပ်၃ရက်ခရီးစဉ်) (Feb 28-Mar2)(Mar 20-22)(Mar 27-29)(Apr 3-5)
- ဇလွန်ပြည်တော်ပြန်ဘုရားပွဲ၊ ဓနုဖြူမြို့၊ ကျိုက်ကလွန်ပွန်းစေတီ၊ မဟာဗန္ဓုလခံတပ်နှင့်ကြေးရုပ်။ ဟင်္သာတ ရွှေသာလျောင်းဘုရားဖူးခရီးစဉ်။ (Mar 4)(တပေါင်းလပြည့်နေ့)

Ph-09-514771, 09-33492209, 09-250931344

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အသိပေးကြေညာချက်

ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V DREAM JASMINE V.8 သင်္ဘောသည် ၁-၂-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADINGများ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

GUSTO
Computer Software Developer
Programming Fundamental

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်စောမြတ်မြတ်သွင်[၁၀/မလမ(နိုင်)၀၁၃၂၈၇] PP No DEO-07-138054 စာအုပ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၉၅၂၉၉၆၂**

ပျောက်ဆုံးကြောင်း

ကျွန်တော် နေလင်းထွန်း၏ C.D.C No 94306 လက်မှတ်သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၁၅၃၉၁၃၂**

ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၁၂-၂၀၁၄ ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၉) ကန့်ကွက်ကြော်ငြာ သာကေတမြို့နယ် ဒေါ်ခင်ပြုံး+၄၏ မြေပုံကူးတွင် ပိုင်ဆိုင်ကြောင်းနှင့် အပေးစာချုပ်ရန်အစား ပိုင်ဆိုင်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးဟု ဖတ်ရှုပါရန်။

(Since 2002)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒေပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
ထားဝယ်မြို့နယ်တရားရုံး
၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၂

ဒေါ်စိန်ကြည်(ခ)ဒေါ်လွမ်း
(၎င်း၏အခွင့်ရကိုယ်စားလှယ်-ဦးထွန်းကိုကို) နှင့်

၁။ ဒေါ်ခင်သန်းရွှေ
၂။ ဦးလှမျိုးနိုင်
၃။ ဒေါ်ထွန်းကြည်(ခ)ဒေါ်မိဆိုး

တရားလို **တရားပြိုင်**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ အမှတ်(၁၈၉)၊ ဗိုလ်သန်းကြည်လမ်း၊ ဘုမ္မော်ရပ်နေ ဦးလှမျိုးနိုင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်၊ (၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၉း၃၀နာရီတွင် အထက်ပါအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်အတွင်း တင်သွင်းရမည်။

၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ထွန်းလင်း
မြို့နယ်တရားသူကြီး၊ ထားဝယ်မြို့နယ်တရားရုံး

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဦးထွန်းဝေ-ဒေါ်ခင်လှကြူတို့၏သမီး မကျော့ကျော့စိုးစံ (BE-CIVIL)သည် မိဘညီအစ်ကို မောင်နှမများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိဘနှစ်ပါး၏ ဆိုဆုံးမှုကို မနာခံပါသဖြင့် ၁-၁-၂၀၁၅ ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးထွန်းဝေ-ဒေါ်ခင်လှကြူ

အမြန်ရောင်းမည်

ရန်ကုန်မြို့တွင်းပြေးဆွဲနေသော City Bus မထသ(၄၈)အထူး Mitsubishi Fuso ကားများ ရောင်းရန်ရှိသည်။

ဖုန်း-၀၉-၇၃၁၄၀၉၈၈

မြေကွက်များအမြန်ရောင်းမည်

ကလောမြို့နယ်၊ ဝက်ဖြူရေကျေးရွာအုပ်စု၊ နန့်ပန်တက်ကျေးရွာရှိ ပုံစံ-၇ ထွက်ပြီး၊ ပြည်ထောင်စုကားလမ်းမကြီးဘေး မြေကွက်များ ရောင်းရန်ရှိသည်။

ဖုန်း-၀၉-၇၉၉၉၆၀၇၀၈

အများသိစေရန်သတိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မြအေး[၁၂/သကတ(နိုင်)၀၀၁၃၅၈]သည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်ရှိ ပေ(၄၀×၆၀)မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ကြည်မြင့်(ခ)ပါးပါးသီး[၁၂/သလ(နိုင်)၀၀၁၈၂၄]ထံမှ ၇-၁-၂၀၁၅ရက်တွင် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေပိုင် မြေကွက်ပေါ်တွင် မည်သူတစ်ဦးတစ်ယောက်ကမျှ ဒေါ်မြအေး၏ အတိအလင်းခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ကျူးကျော်ခြင်း၊ ဆောက်လုပ်နေထိုင်ခြင်းတို့ကို မပြုလုပ်ရန် သတိပေးအပ်ပါသည်။ လိုက်နာမှုမရှိဘဲ ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ဒေါ်မြအေး၏လွှဲအပ်ညွှန်ကြားချက်အရ-
ရှေ့နေ-စိန်ဂွန်း-ဦးမျိုးမြင့်(စဉ်-၃၂၅၅/၇၄)
B.A,H.G.P,R.LII, D.L.P, WIPO(Switzerland)

ရှေ့နေ-ဒေါ်နှင်းဝေဝေ (LL.B)
အထက်တန်းရှေ့နေ
(စဉ်-၃၈၄၅၇)

ဒေါ်အေးအေးချို (LL.B)
အထက်တန်းရှေ့နေ
(စဉ်-၄၅၃၂၂)

M-2 Law Firm
ရုံးအမှတ်-၉၀၊ လမ်း-၄၀၊ မြေညီထပ်(အောက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၅၅၇၆၄၊ ၀၉-၂၅၄၁၃၇၇၉၉

ကြော်ငြာ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာ အသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် ၂-၂-၂၀၁၅ရက်

၃။ တင်ဒါပိတ်မည့်ရက် ၆-၂-၂၀၁၅ရက်

၄။ တင်ဒါပိတ်မည့်အချိန် (၁၂း၀၀)နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇) နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ဖခင်အမည်မှန်

အထက(၁) H အခန်း၊ မြင်းခြံမြို့တွင် ပညာသင်ကြားနေသော မဂျူးဂျူးသဇင်ထက်၊ မနှင်းနန္ဒာအောင်၊ မောင်အောင်မျိုးခန့်တို့၏ ဖခင်အမည်မှန်မှာ ဦးလင်းအောင်ဖြစ်ပါသည်။

ဦးလင်းအောင်[၈/ရစက(နိုင်)၀၉၆၈၇၄]

ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် ၈ခ/၆၀၈၈ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၄-၁-၂၀၁၅ရက်တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာ (၁/၂၀၁၅)အရ စိုက်ပျိုးရေးဆိုင်ရာ ထူးချွန်ဆုရရှိသော ဦးတိုးမင်း (လက်ထောက်ညွှန်ကြားရေးမှူး၊ မိတ္ထီလာခရိုင်၊ စိုက်ပျိုးရေးဦးစီးဌာန၊ မိတ္ထီလာ)အား ထိုက်ထိုက်တန်တန် ချီးမြှင့်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံ့တာဝန်ကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၉၁/၉၂ စိုက်ပျိုးရေး/သစ်တော
ကျောင်းဆင်းသူငယ်ချင်းများကိုယ်စား
စိုင်းခမ်းအင်ဖ၊ မွန်မွန်စန်း
ခိုင်ခန့်ဖြူစင်ကုမ္ပဏီ၊ မိတ္ထီလာမြို့

ဗိုလ်ချုပ်အောင်ဆန်း နှစ်တစ်ရာပြည့် အထိမ်းအမှတ် စီစဉ်ထုတ်ဝေထားသော

